


www.burmeseclassic.com

www.burmeseclassic.com

ရွှန်းရမိမိုး

အတူတူ မသက်ဆိုင်ခဲ့ရင်

စာမူခွင့်ပြုချက်အမှတ်

၅၀၀၄၂၉၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၅၁၈၀၅၁၁

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

ရွှန်းရမိမိုး ၈၉၅. ၈၃

အတူတူ မသက်ဆိုင်ခဲ့ရင်၊ ရွှန်းရမိမိုး၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁

၂၈၈-စာ၊ ၁၂×၁၈ စင်တီ

(၁) အတူတူ မသက်ဆိုင်ခဲ့ရင်

# ရွှန်းရမိမိုး




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မှန်းရပ်မိုး၏ ထွက်ရှိပြီးစာအုပ်စာရင်း

၁။ လကာဗျာအရောင်ရင့်ပါမှ
၂။ ကွန်းခိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ဒိုင်ယာရီ
၅။ မွေးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး ... ဆူး
၇။ အချစ်၏ရိုက်ခတ်မှု အချိန်၏ပဲ့ဟင်သံ
၈။ အငိုဆုံး ... ရွဲ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ဝိညာဉ်ကကြိုး
၁၁။ မေတ္တာရေတိမ်နစ်မှာစိုး
၁၂။ ဆက်ထုံးပြေသောနေ့
၁၃။ အသည်းကွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့် အချစ်လေပြည်
၁၅။ အက်ဆစ်အတ္တ
၁၆။ ရင်ပျိုးမြစ်
၁၇။ ကြည့်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်ခြံဘွဲ့ညို
၁၉။ လ အချိုး ကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ
၂၁။ ပစ္စုပ္ပန်၏နောက်ကွယ်
၂၂။ ကာရံလွဲဗျူဟာမှသည်အချစ်လမ်းလွဲဆီသို့
၂၃။ ဆူးလေ့ကား
၂၄။ ဘဝအဲထောနှင့်နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကိုဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲမိုး
၂၇။ ဖယောင်းတိုင်
၂၈။ မညီမျှခြင်း၏ တစ်ဖက်ဆီမှာ
၂၉။ အဓိပ္ပာယ်မဲ့ မျှော်လင့်ခြင်း
၃၀။ သံယောဇဉ်ငြိမ်း(ပုလဲရတုအထိမ်းအမှတ်)
၃၁။ ကြယ်ကြွေခြင်းနဲ့ လမင်းလက်ာ
၃၂။ မှုပိုင်နှလုံးသား
၃၃။ သတ်တံရောင်ခြယ်နှလုံးသားစုတ်ချက်များ
၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော

ယခုလ

၃၅။ အတူတူမသတ်ဆိုင်ခဲ့ရင်

www.burmeseclassic.com

## နို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ........ နို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ........ နို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ........ နို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC



ဒုန်း ... ဒုန်း ...

ဒုန်း ... ဒုန်း ...

ဒုန်း ... ဒုန်း ...

"အား ... လုပ်ပြီကွာ ... ဟင်း"

"မွေးသဖခင် ရက်စက်ပြန်ပြီ"

"ညီလေး ဧယျငယ်၊ ထ,တော့၊ ဖေကြီး လာနှိုးနေပြီ"

အခန်းတံခါးထုသံခြောက်ချက် ထွက်လာပြီးမှာ တေဇကြီးနှင့် သူရလတ်က အငယ်ဆုံးလေး ဧယျငယ်ကို နှိုးကာ ရေချိုးခန်းထဲဝင်ဖို့ ကြိုးစားရသည်။

နာရီကြည့်လိုက်တော့ နံနက်လေးနာရီ။ မွေးသဖခင်နှင့် မွေးသမိခင်တို့ ဘုရားရှိခိုးနေကြပြီ။

ဧယျကလေးက မျက်နှာသစ်ပြီး၏ မှန်အိမ်အစ် မျက်နှာလေးနှင့် စုပုပ်ပုပ်ကလေး ငိုက်နေသည်။ ငိုက်ရှာမပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ သုံးတန်းပဲ ရှိသေးတာ။ တေဇကြီးနှင့် သူရလတ်က စာကို အသံထွက်အော်ကာ ကျက်ရသည်။ တေဇကြီးက ခုနစ်တန်း၊ သူရလတ်က ငါးတန်း။

ဖေယျကလေး စာအုပ်ပေါ် မျက်နှာအပ်ကာ ပြန်အိပ်ပျော်သွားသည်။

သူရလတ်က နှိုးမည်ပြင်တော့ တေဇကြီးကတား၏။

"ဖေကြီး ဆူဦးမယ်"

"မဆူပါဘူးကွာ၊ ကလေးပဲ အိပ်ချိန်တော့ အိပ်ချင်မှာပေါ့"

ခုနစ်တန်းကျောင်းသားက လူတတ်ကြီးလုပ်ကာ ပြောသည်။ စာကျက်နေတုန်း အခန်းတံခါးဟကာ မိဘနှစ်ပါးက လာချောင်းသေးတာ။ ဖေယျငယ် အိပ်ပျော်နေတာ တွေ့တော့...

"သားကြီးနဲ့ သားလတ်၊ ညီလေးအိပ်ပျော်နေပြီ၊ ညီလေးကို နှိုးလေ"

"ဟုတ်ကဲ့ ... ဖေကြီး၊ နှိုးလိုက်ပါ့မယ်"

"အေး ... အေး"

ညှော်ခန်းမှာ တရားခွေဖွင့်သံ ကြားရပြီ။ တရားခွေ တွေနားထောင်သော မွေးသဖခင် ဘုရားကို အော်ကြီးဟစ်ကျယ်





ရှိခိုးတတ်သော မွေးသဖခင်သည် ငွေကုန်ကြေးကျခံပြီး လျှူဒါန်းတာတော့ တစ်ခါမှမတွေ့။ ဆိုလိုချင်တာက ဖခင်ကြီးသည် အင်မတန် စေးနှဲသည် ဆိုတာပါပဲ။

တေဇကြီးက ဖေယျငယ်ကို မနိုးဘဲ ဆက်သိပ်ထားလိုက်ကာ မေကြီး မနက်စာစားရန် နို့နှင့်ပေါင်မုန့်ကြမ်းနှစ်ချပ်စီ လာပေးသွားမှ မေကြီးကိုယ်တိုင်နှိုးကာ ကျွေးရသည်။

သူတို့ရဲ့မနက်စာဟာ အမြဲလိုလို စာကျက်ရင်းပဲ စားရလေ့ရှိသည်။ ထမင်းစားခန်းမှာ မိသားစုစုံညီတာ ညစာစားချိန်တစ်ချိန်ပဲဖြစ်ကာ နေ့လယ်စာကိုတော့ ကျောင်းကိုထမင်းဘူးထည့်ကာ စားရတာကိုး။

သူတို့ရဲ့ဖခင်သည် ဟိုခေတ်က ဦးကပ်စေးထက်ကို ပိုပြီးကော်ကျပါသည်။

နေတာက် ဝင်ဒါမိယာ။ စီးရတဲ့ကားက Parado ၊ ဝတ်ထားတဲ့လက်ပတ်နာရီက သိန်းကို ရာနဲ့ချီပြီးတန်သည်။ ပြောရမည်ဆိုရင် ဖေဖေက သူဌေးပေါ့။ မြန်မာပြည်၏ ထိပ်တန်းဆောက်လုပ်ရေးတစ်ခုကို ပိုင်ဆိုင်တဲ့ မွေးသဖခင်၊ မြန်မာပြည်တွင်သာမက စင်ကာပူက ကုမ္ပဏီတစ်ခုမှာပါ ချယ်ယားမင်း။ အဲဒီလို ပိုင်ဆိုင်မှုတွေနှင့် ဝင်ငွေက ဒီရေလို တရိပ်ရိပ်တိုးကာ

www.burmeseclassic.com



ဟိုင်းဘော့စ်တစ်ဦးဖြစ်သော မွေးသဖခင်ဟာ အပေါ်ယံ ဖော်ရွှီး ပြဖို့သုံးတာကလွဲရင် ကျန်တာတော့ တော့တာ။

မရှိမဲ့ရှိမဲ့ သားအရင်းကလေး သုံးယောက်ကိုတောင် ကျွေးဖို့မွေးဖို့ သိပ်မသဒ္ဒါ။ မနက်စာက နို့တစ်ခွက်နဲ့ ပေါင်မုန့် ကြမ်းနှစ်ချပ်စီ။ နေ့လယ်စာ ထမင်းဘူးမှာက အသားဟင်းနှစ်တုံး။ ဆိုပြန်တော့ မဟုတ်သော ရေလုံပြုတ်သာသာ အသားဟင်း။

"ဆီဆိုတာ ပါးစပ်အရသာခံဖို့ ထည့်ချက်တာကွ။ လျှာ အရသာထက် ခန္ဓာကိုယ်အာဟာရက ပိုပြီးလိုအပ်တယ်။ ဆီက ခန္ဓာကိုယ်အာဟာရဖြစ်ဖို့ထက် ခန္ဓာကိုယ်ကိုဖျက် မယ့် ကယ်လိုရီတွေတိုးဖို့ ပိုအားပေးတယ်။ ဆီစားများတာ က အန္တရာယ်ကို ဖိတ်ခေါ်တာပဲ။ အဲတော့ ဆီလျှော့စား"

ဖေကြီးရဲ့တစ်ချက်လွှတ်အမိန့်နဲ့ တိုင်းထွာပေးတဲ့ ဈေးဖိုးက အံကိုက်ညီပါသည်။ ဒီတော့လည်း တစ်အိမ်သားလုံး ဖေကြီးရဲ့ကပ်စေးကျမှုအောက်မှာ ဖြစ်သလို စားရတော့သည်။

သူတို့ညီအစ်ကိုသုံးယောက်မှာ ကျောင်းဝတ်စုံက အစ ကြီးစဉ်ငယ်လိုက် အကျတွေပဲ ဝတ်ရသည်။

ဝယ်ပေးရင်တော့ ကောင်းတာ ဝယ်ပေးသည်။ သို့သော် ထိုအခွင့်ထူးကို တော်ကြီးတစ်ယောက်ပဲ ခံယူရသည်။



ဖေယျငယ်ဆီရောက်တော့ အဝတ်ကလေးတွေက ပိုကျလာပြီး နွမ်းဖတ်ဖတ်။

ဟိုင်းဘော့စ်သူဌေးကြီးတစ်ယောက်က သူ့သားတွေ ကို ဒီလိုဆင်နေတယ်လို့ ဘယ်သူထင်မှာလဲနော်။

သို့သော် ဖေယျခမျာတော့ အစ်ကိုနှစ်ယောက်ရဲ့ အကျတွေပဲ သုံးရတာမို့ သူများတွေဝေဖန်တာ အမြဲခံရသည်။

"ညီအစ်ကိုသုံးယောက်ထဲမှာ အကြီးကောင် သန့်ပြန့် သလောက် အငယ်လေးက နွမ်းဖတ်ဖတ်လေးနော်။ အလတ် ကလေးကျတော့လည်း နာမည်နဲ့လိုက်အောင်ပဲ။ အကြီး ကောင်ကိုလည်းမမီ။ အငယ်လေးလောက်လည်း မဆိုးဘူး"

လူဆိုတာကလည်း ချီးမွမ်းဖို့သာ ဝန်လေးတာလေ။ ကဲ့ရဲ့ဖို့ဆိုရင်တော့ ထမင်းမေ့ ဟင်းမေ့ကို ကဲ့ရဲ့တတ်ကြတာက လူ့သဘာဝလိုကို ဖြစ်နေတာလေ။

သိပ်ငယ်တုန်းကတော့ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းဆို တာတွေကို ဖေယျ နားမလည်ခဲ့ဘူးတဲ့။

♥ ♥

www.burmeseclassic.com

www.burmeseclassic.com



“သားကြီးနဲ့ သားလတ် ထက်သလောက် မင်းက ငါ့မျက်နှာကို အိုးမဲသုတ်သလား” မမေးနဲ့ ဇေယျငယ်။ ကြည့်စမ်း ... မင်းအစ်ကိုနှစ်ယောက်လုံး ဆေးကျောင်းတက်နေပြီ၊ မင်းက ဆယ်တန်းကို မအောင်နိုင်ဘူး။ ထို့ ... မင်းအတွက် ငါရှက်လာပြီကွ”

ဇေယျငယ် ဖေဖေ့ကို ကြောက်ရသဖြင့် အသံတိတ်ပဲ ပြန်ပြောဖြစ်သည်။

“ကျက်ချင်စရာ မကောင်းတဲ့ မှတ်စုအဟောင်းတွေ၊ ဝတ်ချင်စရာမကောင်းတဲ့ ကျောင်းဝတ်စုံ အဟောင်းတွေနဲ့ ဦးနှောက်က မလန်းဆန်းဘဲ ဟောင်းနေမှတော့ ဒီဆယ်တန်းက ဘယ်လိုလုပ် အောင်မှာလဲ ဖေကြီးရ”

မေမေက ...



“တော်ပါတော့ ဖေကြီးရယ်၊ သားလေးခမျာ တစ်နေ့ကုန် အဆူခံနေရတာ။ ချို့ ပြောကြည့်ပါဦးမယ်”

“ဘာမှမပြောနဲ့။ မင်းလည်း အသုံးမကျဘူး။ အိမ်မှာနေပြီး ဒီသားတစ်ယောက် စာမေးပွဲအောင်အောင် မကြည့်နိုင်ဘူး၊ မင်း တစ်နေ့တစ်နေ့ အိမ်မှာ ဘာလုပ်နေလဲ။ သူများအိမ်ရှင်မတွေလို အပြင်ထွက် အလုပ်လုပ်ရတာလည်း မဟုတ်။

ဖေဖေ့မြားဦး မေမေ့ဘက် လှည့်သွားတုန်း ဇေယျ လစ်ထွက်လာလိုက်သည်။ အခန်းထဲပြန်ရောက်တော့ အစ်ကိုနှစ်ယောက်က စာကျက်နေသည်။ ဆေးကျောင်းသား အစ်ကိုနှစ်ယောက်ဟာ စာမှစာ။ တစာစာနှင့် စာပိုပြီး ကုပ်ချိုချိုဖြစ်နေသည်။ ကျန်းမာရေးလိုက်စားခြင်းမရှိတဲ့ ဆရာဝန်အလောင်းလျာတွေလေ။

“ညီလေးရာ ... မင်းကလည်း မင်းပဲ။ ဆယ်တန်းစာက ဘာမှခက်တာ မဟုတ်ဘဲနဲ့ကို”

“ညီလေးက ကျက်မှမကျက်တာ ကိုကြီးရ။ ဒီကောင်က ဉာဏ်ကောင်းရက်နဲ့ ပျင်းနေတာ”

အစ်ကိုကြီးနှင့် အစ်ကိုလတ်တို့ စကားကို ဘာမှပြန်မပြောတော့ဘဲ အိပ်ရာပေါ် ဒိုင်ဗင်ထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တခြားမိသားစုတွေမှာဆို အငယ်ဆုံးလေးကို အချစ်ပို အလိုလိုက်စမြဲပေမယ့် သူတို့မိသားစုမှာတော့ အငယ်ဆုံးဆိုတာ ကျန်ဖြတ်ရတဲ့ အပေဟာင်းစံ။

ဒါတွေကို အစ်ကိုတွေသိအောင် မပြောချင်တော့။ အစ်ကိုတွေကတော့ သူတို့ဝတ်ပြီးသား အကျႌတွေ သူ့ကိုပေးရတာ ထုံးစံဖြစ်နေပြီး ဘာမှလဲ ထူးပြီးခံစားရပုံမပေါ်။ ရှိစေတော့။

ဆယ်တန်းစာအုပ်တွေ မှန်သမျှ အစ်ကိုတွေ ကိုင်ခဲ့မှတ်ခဲ့ပြီးတဲ့ အပေဟာင်းတွေချည်းသာ။ အသစ်ဝယ်မပေး။

သူကိုယ်တိုင် ရေးစရာ မှတ်စရာ မရှိတော့တဲ့ ဒီစာအုပ်ဟောင်းတွေ။ သူများ မှတ်ထားတာကို သူက ဘယ်လိုလုပ် နားလည်နိုင်မှာလဲ။ ဒီတော့ သူ မကျက်တတ်တော့။ ရှိစေတော့။ ဒါတွေကို ဖွင့်မပြောချင်တော့။

"ညီလေး ဆယ်တန်းတော့ အောင်အောင်လုပ်ပါကွာ။ ရိုးရိုးဘွဲ့လေးပဲဖြစ်ဖြစ် လူရာဝင်ရဲ့ ဘွဲ့တစ်ခုတော့ ရသင့်တယ်ကွ"

"ဟုတ်တယ် ညီလေး၊ ကိုကြီးပြောတာ မှန်တယ်"

ကိုလတ်နဲ့ ကိုကြီးတို့ကတော့ ဖေဖေ ပုံသွင်းထားတဲ့ ဖယောင်းရုပ်တွေလေ။ လေသံကအစ တစ်လေသံတည်း။ စကားသံဖြစ် အင်္ဂါချင်းများ ထပ်တူညီခဲ့သလားမသိ။





သူကတော့ ခုချိန်မှာ တစ်ခုပဲ အတွေးရောက်မိသည်။ ဖေဖေ့လေကြောမှာ မေမေ တော်တော်နားပူနေလောက်ပြီ။ သူ မေမေ့ကိုတော့ သနားသည်။

သူအပြစ်တစ်ခု လုပ်မိတိုင်း မေမေပါ တစ်ဝက်တိတိ အဆူခံရစမြဲ။ ထို့ကြောင့် သူမအောင်ချင်သော ဒီဆယ်တန်းကို ခဏ ခဏ ပြန်ဖြေဖြစ်တာ။

မေမေ့ကို သနားလို့ပါ။ အစ်ကိုနှစ်ယောက်က ပြန်မပြော နားမထောင်သောသူ့ကို မျက်စပစ်နေကြသည်။ ပစ်ပေ့စေ။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို သားလေးကို ဒီနှစ်ကျူရှင်အပ်ပေးရင် ကောင်းမယ်"

"ချို ... မင်းကလေ ပိုက်ဆံသုံးဖို့ကို ဆိုလိုအပေါက်ရှာနေတဲ့ မိန်းမပဲ၊ သားကို ကျူရှင်ထားပြီးသား။ ဒီဆယ်တန်းစာတွေကို သူ အထပ်ထပ် အခါခါ သင်ပြီးသား ...

ဘယ်နနှစ်ရှိပလဲ မင်းသားကျနေတာ၊ ပြီးတော့ သူ့ကို အနီးကပ် Guide လုပ်ပေမယ့် ဆေးကျောင်းသားအစ်ကိုနှစ်ယောက်လည်းရှိတယ်၊ ကျူရှင် လိုသေးလို့လား"

"ချိုက သားကို အောင်စေချင်လို့ပါ"

"ဒီမှာ ချို၊ ကြိုးစားမှအောင်မှာ၊ ကျူရှင်ဘယ်လောက်ထားထား မကြိုးစားရင်ကျမှာ။ ပိုက်ဆံအပိုကုန်အောင်"

ဒီလိုနဲ့ မေမေ့ခမျာ ပါးစပ်ပိတ်လိုက်ရတာပင်။





သို့သော် သူ တစ်ခုကံကောင်းသွားသည်။ ကျောင်းတွေ ပြန်ဖွင့်တော့ ဆယ်တန်းစာတွေ စနစ်ပြောင်းသွားသည်။ စနစ်ဟောင်းထဲက တချို့တဝက် ပြန်ပါသော်လည်း စာအသစ်တွေပါ ပါလာသဖြင့် သူ ကျူရှင်တက်ရတော့သည်။

ပြဋ္ဌာန်းစာအုပ်အသစ်တွေ ကိုင်ရပြီး ကိုယ်တိုင်မှတ်စုလိုက်ရသည်။ ဒါဟာ သူ့ဘဝမှာ ပထမဆုံး အသစ်နဲ့ထိတွေ့ဖူးခြင်းဆိုရင် ယုံနိုင်ဖွယ်မရှိ။

ထိုသို့ စနစ်ပြောင်းမှုအပေါ် ဖေယျင်ယ် ပျော်နေသလောက် ဖေဖေကတော့ ကောင်းကောင်းကြီး ကောင်းချီးပေးခဲ့သည်။

"သုံးနှစ်သင်ထားတဲ့ စာတွေနဲ့ ဖြေတာတောင် မအောင်တာ စနစ်သစ်ဆိုရင်တော့ ဆယ်နှစ်ဖြေတာတောင် အောင်ပါ့မလား ဟော့ကောင်"

"အစ်ကိုကလည်း"

"ချို ... မင်း အတွန့်ဝင်မတက်နဲ့"

သူ တစ်ခါတလေကျရင် ဖေဖေ့ကို မုန်းသလိုတောင်ဖြစ်လာသည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးတေဇ ဆယ်တန်းတုန်းကတော့ ကောင်းပေဆိုသည့် ကျူရှင်တွေမှာ ထားပေးသည်။ မှတ်စုကောင်းကောင်းရအောင်တဲ့။ ထိုမှတ်စုတွေကို ကိုလတ်သူရနှင့် သူ လက်ဆင့်ကမ်းဆက်ပြီး ကျက်လို့ရအောင်တဲ့။

အိမ်မှာလည်း ဘာသာစုံ Guide ခေါ်ပေးသည်။ ဒီတော့ ငယ်ငယ်တည်းက စာကျက်ခြင်းကို အကျင့်ရခဲ့တဲ့ ကိုကြီး တေဇ ဆေးကျောင်းဝင်တာ ဆန်းသလား ? ။

နောက် ... အစ်ကိုလတ်။

ကိုကြီး တစ်နှစ်ပဲ ကိုင်ရသေးတဲ့ ပြဋ္ဌာန်းစာအုပ်တွေ၊ မှတ်စုတွေနှင့် ရိုးရိုးကျူရှင်ပဲ တက်ရသည်။ အပြင် Guide မခေါ်ပေးတော့။ ကိုကြီးက ကိုလတ်ကို Guide လုပ်ပေးသည်။ သို့သော် ကိုလတ်သည်လည်း ငယ်စဉ်ကတည်းက စာကျက်အကျင့်





ရှိခဲ့သည်။ ကိုကြီးလောက် အမှတ်မကောင်းသော်လည်း ပွတ်ကာသီကာဖြင့် ဆေးကျောင်းဝင်သွားသည်။

သူ့အလှည့်ကျတော့ ...

ကိုကြီးလက်ထက်က စာအုပ်တွေမှာ ကိုလတ်ထပ်ပြီးမှတ်ထားတာတွေက ပွစိထပြီး သူ ဘာမှမကြည့်တတ်တော့။ ကိုကြီးနဲ့ ကိုလတ် ဝတ်ခဲ့တဲ့ ကျောင်းဝတ်စုံတွေကလည်း နွမ်းဖတ်လို့။ ရိုးရိုးကျူရှင်တက်။ အစ်ကိုနှစ်ယောက်က Guide ။ သို့သော် အစ်ကိုတွေကလည်း သူတို့စာနှင့်သူတို့ပိပြီး သူ့ကို ဖိဖိစီးစီး Guide မလုပ်ပေးနိုင်။ ငယ်စဉ်ကတည်းက အစ်ကိုနှစ်ယောက်နဲ့ မိခင်ရဲ့ ဖခင်မသိအောင် ခိုးပြီးအလိုလိုက်ခဲ့လို့ စာကျက်ကျင့်ကမရှိ။ ဒီတော့ သူ စာမေးပွဲအောင်နိုင်ပါဦးမလား။ သူ့အတွက်ကတော့ စာဆိုတာ ကျက်ချင်စရာကို မကောင်းလောက်အောင် စိတ်ပျက်ခဲ့ရသည်။

ဒီလိုနဲ့ သူကျတော့ သုံးနှစ်ရှိပြီ။ ကိုကြီးတောင် ကျောင်းပြီးလို့ ဟောက်စ်ဆင်းနေပြီ။ ဟော ... အခုတော့ ကံကြမ္မာက သူ့ကို မျက်နှာသာပေးပြီ။ စာတွေက စနစ်ပြောင်းသွားသည်။ စနစ်ပြောင်းသွားတော့ အစ်ကိုတွေကတော့ Guide



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးနိုင်သေးသည်။ ထို့ကြောင့် Guide တော့ ထပ်မငှားပေး။ ကိစ္စမရှိ။ ပြဋ္ဌာန်းစာအုပ်အသစ်တွေ ကိုင်ရပြီ။ မှတ်စု ကိုယ့်ဘာသာ လိုက်ဖို့ စာအုပ်ဝယ်ပေးသည်။ ပြဿနာက ကျူရှင်တက်ဖို့ကိစ္စ။ အမေနဲ့ အစ်ကိုနှစ်ယောက်က သူ့ကို ကျူရှင်ကောင်းကောင်းထား ပေးချင်သည်။

ဒါကို မွေးသဖခင်က ခါးခါးသီးသီး။ ရိုးရိုးကျူရှင်ပဲ တက်နိုင်းသည်။ မိခင်က တဖွဖွ ပြောလွန်းတော့ ...

"ဟိတ်ကောင် ... မင်းကို ကျူရှင်ကောင်းကောင်းထားပေးရင် မင်း ရေကြောင်းတက္ကသိုလ်ဝင်ခွင့်ရအောင် ဖြေနိုင်မလား"

"ရေကြောင်းတက္ကသိုလ်တက်ဖို့ သား စိတ်မဝင်စားဘူး ဖေဖေ"

"ထွီ ... သံကောင်းဟစ်ပြန်ပြီကွာ၊ သုံးနှစ်ကျကများ"

"အစ်ကိုရယ် ... သားလေးကို အဲလိုမပြောပါနဲ့"

"ဟ ... ငါပြောတာ မဟုတ်လို့လား ချိုရ၊ ကဲ ... မင်းက ရေကြောင်းစိတ်မဝင်စားဘူးဆိုတော့ ဆေးကျောင်းရောကွာ"

"အဲဒါလည်း ဝါသနာမပါဘူး"





"ဟ ... မင်းက ကောင်းတာတွေကို ဝါသနာမပါဘူးဆိုတော့ ဘာလဲ၊ မင်း စိတ်ဝင်စားတာက ကူလီထမ်းဖို့လား"

"အစ်ကို"

"ချို ... မင်း ဝင်မပါနဲ့ကွာ။ ကဲ ... ပြောစမ်း၊ မင်း ဘာဝါသနာပါလဲ"

"ကူလီထမ်းတာလည်း သမာအာဇီဝပါပဲ ဖေဖေ၊ မကောင်းတဲ့အလုပ် မဟုတ်ပါဘူး။ သမ္မာအာဇီဝအလုပ် မှန်သမျှက သူ့နေရာနဲ့သူ အရေးပါတာချည်းပါပဲ။ ရေကြောင်းပညာလည်း လိုသလို၊ ကူလီထမ်းမယ့်သူလည်း လိုတာပဲ ဖေဖေ။ ဆရာဝန်လိုအပ်သလို ဆေးရုံသန့်ရှင်းရေးလုပ်မယ့် သူလည်း လိုတာပဲ"

"ဟေ ... မင်းက အတွေးအခေါ်တော့ မဆိုးဘူးကွ။ ဒါပေမဲ့ မင်း မွေးဖွားလာတာ ကျောင်းပညာကို ကောင်းကောင်း တတ်မြောက်အောင်သင်ပြီး လက်မထောင် လက်ညှိုးထိုး နိုင်တဲ့သူ ဖြစ်အောင်လုပ်ဖို့ကွ။ နားလည်လား။ မင်းပြော သလိုပေါ့ကွာ လောကမှာ အလုပ်တိုင်းတော့ အရေးပါတယ်။ အဲ ... ဒါပေမဲ့ အဲဒီအလုပ်တွေထဲမှာ ကိုယ်လုပ်မယ့်အလုပ် က လက်ညှိုးထိုးခိုင်းဖို့လား။ လက်ညှိုးထိုးခံပြီး အခိုင်းခံဖို့

www.burmeseclassic.com

www.burmeseclassic.com



လား။ ဒါတော့ လိုသေးတယ်ကွ။ မင်းကို ငါမေးထားတာ မင်း မဖြေသေးဘူး။ မင်း ဘာကိုဝါသနာပါသလဲ”

“သားက ဖေဖေ့လို အိမ်တွေဆောက်ချင်တာ”

“ဟား ဟား … ငါ့လိုအိမ်ဆောက်ချင်တာ။ ကျကွာ။ ငါက ကွန်စထရပ်ရှင်လုပ်ငန်းတွေ လုပ်နေပေမယ့် အိမ်တွေဆောက်နေတာက ငါ မဟုတ်ဘူးကွ။ ငါ လစာပေးပြီးခိုင်းထားတဲ့ အင်ဂျင်နီယာတွေက ဆောက်နေတာ။ မင်း အိမ်ဆောက်ချင်ရင်တော့ အင်ဂျင်နီယာဖြစ်မှ ရမယ်ကွ။ ဘယ်လိုလဲ”

“ဖေဖေ့လို အင်ဂျင်နီယာတွေကို လစာပေးပြီး ဆောက်နိုင်အောင် ဒါမှမဟုတ် သားကိုယ်တိုင် အင်ဂျင်နီယာလုပ်ပြီး ဆောက်နိုင်အောင် ကြိုးစားပါ့မယ် ဖေဖေ …

ဒါပေမဲ့ သားကို ကျူရှင်ကောင်းကောင်းထားပေးပါ”

“ကောင်းပြီ။ မင်း ဒီလောက် အာမခံနေမှတော့ ထားပေးရမှာပေါ့”

“ပြီးတော့ သားကို ကျောင်းဝတ်စုံအသစ် ချုပ်ပေးပါ ဖေဖေ။ ကျောင်းဝတ်စုံတွေက ‘ဟောင်းလည်းဟောင်း ကျပ်လည်းကျပ်နေပြီ”





ဖေဖေက ခန္ဓာကိုယ်ဖွံ့ထွားလာသော သူ့ကိုကြည့်ပြီး …

“အေး … မင်းပုံစံက ဆယ်တန်းအရွယ်မှ မကတော့ဘဲ၊ ဟောင်းတာက ဝတ်လို့ရပေမယ့် ကျပ်နေတာဆိုတော့ ဝယ်ပေးရတော့မှာပေါ့ကွာ”

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ကပ်စေးနဲတာ နောက်တစ်မျိုးရှိသေးသည်။ ဟိုင်းဘော့စ်သူဌေးကြီးတစ်ယောက်က ဖုန်းဘေလ်လေးတောင် နှမြောသည်။ ဖေဖေသည် တော်ရုံတန်ရုံ ဘယ်တော့မှ ဖုန်းစမခေါ်။ သူများခေါ်ရင်တော့ တမေ့တမော လက်ခံပြောတတ်သည်။

ဖေဖေ မဖြစ်မနေခေါ်သော ဖုန်း "call ဆိုရင်တော့ သေချာပြီ။ ဒဖေဖေ ပိုက်ဆံရဖို့ရှိလို့ခေါ်တာ။ မဟုတ်လို့ကတော့ ဘယ်လောက်အရေးကြီးပါစေ။ မခေါ်။ ခေါ်ရပြောရပြီဆိုရင် လိုတိုရှင်း။

ထိုသို့ ကပ်စေးနဲသော ဖေကြီးက ကိုကြီးတော ဆရာဝန်ဖြစ်လာတော့ သူများတန်းတူဖြစ်အောင်ဆိုပြီး ဖုန်းဝယ်ပေးသည်။ ဖုန်းတွေက GSM, CDMA စသဖြင့် ပေါများလာရာ ခုချိန်မှာ ကုန်စိမ်းသည်တွေ၊ ကားစပါယ်ယာတွေတောင် ဖုန်းကိုင်နေပြီမို့ ဆရာဝန်ဖြစ်သော ကိုကြီးကို ဖုန်းဝယ်ပေးတာပဲ။





သို့သော် ဖုန်းဝယ်ပေးတဲ့နေ့က ကိုကြီးဆီကတောင်းတဲ့ကတိကိုကြည့်။

"သားကြီး ... ငါက မင်းကို လူရှိန်အောင် ဖုန်းဝယ်ပေးတာနော်။ အေး ... သူများခေါ်ရင်တော့ လက်ခံပြီးပြော။ ကိုယ်က ဘယ်တော့မှ စ,မခေါ်နဲ့"

"မဖြစ်မနေ ခေါ်စရာ အရေးကြီးလာရင်ရော ဖေဖေ"

"လိုတိုရှင်း"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဧယျာက ပြုံးစိစိ ဖြစ်သွား၍ ...

"မင်းက ဘာပြုံးတာလဲ အငယ်ကောင်။ မင်းတို့က ပိုက်ဆံဆိုတာ ဘယ်လိုခက်ခက်ခဲခဲ ရှာရတယ်ဆိုတာ မသိတော့၊ ခက်ခက်ခဲခဲ သုံးခိုင်းရင် ဖြုန်းချင်ကြတယ်။ မင်းတို့ အခုစားနေတဲ့ ထမင်းကိုတောင် စားတော့သာလွယ်တာ။ အဲဒီထမင်းရဖို့ ရှာရတဲ့ပိုက်ဆံက ရှာလို့မလွယ်ဘူး"

"တော်ပါတော့ အစ်ကိုရယ်"

"ချို ... ငါ ကလေးတွေကို ဆုံးမတိုင်း မင်းဝင်ပါတာ များပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပါးစပ်ပိတ်သွားသည်။ ဒီလိုပါပဲ။ အိမ်မှာက ဖေဖေရဲ့တစ်သွေးတစ်သံတစ်မိန့်အောက်မှာပဲ အားလုံး ခေါင်းညိတ်လိုက်ရတာ။

ဖေဖေဟာ ရင်မှဖြစ်သော သားသုံးယောက်အတွက်တောင် ကပ်စေးနှဲတာ။ သူ့လုပ်ငန်းခွင်က ဝန်ထမ်းတွေ၊ အလုပ်သမားတွေ ဆိုရင်တော့လား။

ထို့ကြောင့်လည်း ဖေဖေ့ဆီမှာ ဝန်ထမ်းမမြဲ။ ခြောက်လထိခံသောဝန်ထမ်း ရှိရင်တောင် ဖွဲဆုပေးသင့်နေပြီ။ သို့သော် ထိုသို့မမြဲသော၊ ခြောက်ပြားစွာသော ဝန်ထမ်းတွေကို ကိုင်တွယ်ထိန်းချုပ်ပြီး စီးပွားရေးတိုးတက်အောင် လုပ်နိုင်တာကိုလည်း ချီးကျူးရမည်။

တော်ရုံစီးပွားရေးလောကမှာ နည်းနည်းပေး များများယူ စနစ်ကျင့်သုံးပြီး ခုတ်ထစ်လှီးဖြတ်ကာ ကြီးပွားတိုးတက်နေတာပါ။ သို့သော် ဖေဖေက များများသာယူတတ်ပြီး နည်းနည်းပေးဖို့တောင် တွန့်တိုသူပါ။ သို့သော် ဖေဖေ အောင်မြင်ပါသည်။ ဘာကြောင့်လဲ မသိ။

ဖုန်းရပြီးကတည်းက ကိုကြီးတေဇ ခမျာ ဖုန်းလေးကိုကြည့်ပြီး သက်ပြင်းတချချ။ ဖေဖေက ညနေတိုင်း ဖုန်းကိုစစ်လို့ပါ။





တစ်ရက်တော့ ကိုကြီးတေဇ အကြီးအကျယ် အဆူခံရ၏။ ထုံးစံအတိုင်း ဖေဖေက ဖုန်းကိုစစ်တာပဲပေါ့။ အဲဒီမှာ ဖုန်းခေါ်ထားတာ ဆယ်မိနစ်ကျော်။

"တေဇကြီး"

ဖေဖေ မျက်စိပျက် မျက်နှာပျက်ကြီးနဲ့ ကိုကြီးနာမည်ကို မာထောင်ထောင်ကြီးခေါ်သည်။ ကိုကြီးမျက်နှာမှာလည်း ကြောက်ရိပ်တွေ လွှမ်းနေသည်။

"ဒါ ဘာလုပ်ထားတာလဲ။ ဘယ်သူ့ဆီခေါ်ထားလို့ ဆယ်မိနစ်ကျော် ပြောရတာလဲ။ ငါတောင် ခုချိန်ထိ တစ်မိနစ်ပြည့်အောင် မပြောဖူးဘူး။ ပြောစရာရှိရင် Miss Call ပဲ ပေးလိုက်တာကွ၊ သိရဲ့လား။ မင်း ဘာလို့ ငါ့ပိုက်ဆံတွေကို ဖြုန်းနေတာလဲ"

"ဒီ ... ဒီလိုပါ ဖေ ... ဖေဖေ"

"ပြော ... ဘယ်လိုလဲ"

"ဟို ... ဒီ ... ဒီဟာက သားပြောထားတာ မဟုတ်"

"ဘာ ... မင်းပြောတာ မဟုတ်ရင် ဘယ်သူပြောတာလဲ"

"ဟို ... သားဆရာက သူ့ဖုန်း တိုင်မမိ၊ မမိလို့ဆိုပြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟ … သူ မမိရင် မင်းလည်း မမိနဲ့ပေါ့ကွ"

"ဟို … ဆရာ့ဖုန်းက G မို့လို့မမိတာ သားဖုန်းက ကမ်းရိုးတန်းဆိုတော့ မိနေတာနဲ့"

"ဟ … မိလည်း မမိဘူးပေါ့ကွာ၊ မင်းမပေး ဘယ်သူက အတင်းယူဆက်လို့ ရမှာလဲ။ မင်းကတော့ မဟုတ်တော့ဘူး တေဇကြီး။ အဲဒီတော့ကာ ဒီလ မင်းကို မုန့်ဖိုးဖြတ်တယ်။ ထုံးစံအတိုင်းပေါ့ကွာ"

ဖေဖေပေးသည့် တစ်နေ့စာမုန့်ဖိုးက မက်လောက်စရာတော့ မရှိပါ။

ဘာလို့လဲဆိုတော့ ဒီခေတ်မှာ သုံ့ငွေးဖေဖေက ပေးတဲ့ မုန့်ဖိုးက လက်ဖက်ရည်ရိုးရိုးတစ်ခွက်နဲ့ နံပြားတစ်ချပ်စာလောက်သာ။ လက်ဖက်ရည်တောင် ရှယ်မရပါ။

ဒီတော့ မုန့်ဖိုးက ရလို့လည်း မထူးသည့်အတူတူ ဖေဖေမုန့်ဖိုးဖြတ်တာကို ဓမ္မတော့။ သို့သော် ဖုန်းဘေလ်ဆယ်မီနစ်အတွက် မုန့်ဖိုးတစ်လစာ ဖြတ်တာတော့ မတန်ပါ။

သို့သော်လည်း ဖေဖေ့ကို ဘယ်တုန်းကများ ကျိုးကြောင်းပြ ပြောလို့ရမှာလဲ။





"ကိုကြီးကလည်း ဘာလို့ သူများကို ဖုန်းပေးခေါ်ရတာလဲ"

"ငါလည်း သူငယ်ချင်းတွေတုန်းက ရအောင်ငြင်းပါတယ်ကွာ၊ ခုဟာက ငါ့ဆရာဆိုတော့ ငြင်းလို့မှ မကောင်းတာ"

♥ ♥

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... တေဇကြီး၊ မင်း တကယ် ..."

"ဩော် ... ဟုတ်ပါတယ်ဆိုကွာ၊ မင်းတို့ကလည်း"

"ဟာ ... ဒါဆိုရင်တော့ မင်းဖားသားကြီးက တကယ်စပြု ထိုက်နေပြီကွ"

"အေးလေကွာ၊ ငါတို့က ဒီကောင်ကျစ်လွန်းလို့ဆိုပြီး ဆရာ့ကို ချွန်လိုက်တာ။ ဆရာကလည်း ဒီကောင့်ဖုန်းကို ဆယ်မိနစ်ကျော် ပြောလိုက်တာကိုး"

"အေး ... မင်းတို့ကလုပ်၊ ငါက တကယ်ကျွတ်တာကွာ။ အရင်ကမှ လက်ဖက်ရည်တစ်ခွက်စာ မုန့်ဖိုးရသေးတယ်"

"မင်းမားသားကြီးဆီက တောင်းပေါ့"

"မေမေတောင် တစ်နေ့တစ်နေ့ ဈေးဖိုးမလောက်လို့ စိတ် ညစ်နေတာ"





"တကယ်ခိုက်တယ်ကွာ။ မင်းဖားသားကြီးကစံပဲ။ ငါတို့ လည်း အရင်တည်းက ငါတို့အဖေတွေဆီက ကြားဖူးတယ် ကွ၊ မင်းဘိုးတော်ကြီးက တော်တော် ကော်ကျတယ်ဆို တာ"

"မင်း ဘာမှစိတ်မပူနဲ့ သက်ရင်း။ လက်ဖက်ရည်တစ်ခွက် စာတော့ ငါ ဒကာခံလို့ ရပါတယ်"

"တော်ပါကွာ၊ မင်းတို့ဆီက စားသောက်နေရတာ များနေ ပါပြီ။ ငါလည်း ပိုစတင် မြန်မြန်ကျချင်တယ်ကွာ။ ဘယ် ရောက်ရောက် သွားမယ်"

"အေးကွာ၊ မင်းတို့ညီအစ်ကိုတွေ နေရတာကလည်း မိန်း ကလေးတွေထက်တောင် ဆိုးနေသေးတယ်။ မိန်းကလေး တွေတောင် အဲဒီလောက် အကျပ်မခံရဘူး"

"ဟုတ်တယ်။ ဟိတ်ကောင် တေဇကြီး၊ တစ်ခါတလေ မင်း ညီမာလို လွတ်လပ်တဲ့မိန်းမဘဝကမှ ကောင်းဦးမယ် လို့ မတွေးမိဘူးလား"

"ဟာကွာ ... ဘာလို့ တွေးမိရမှာတုန်း"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ညီမာမာ ဆိုတာက သူတို့နဲ့ အတန်းတူပေါက်ကျော် မ။ ကျောင်းမှာ မိန်းမပီပီသသ လုံချည်ဝတ်ရမည်ဟု စည်းကမ်း သတ်မှတ်ထားလို့သာ ကျောင်းလာရင် တီရှပ်နဲ့လုံချည်ဝတ်တာ။

အပြင်မှာတွေ့လို့ကတော့ စကင်နီဘောင်းဘီပဲ အမြဲ ဝတ်သည်။ တီရှပ်ကတော့ မချွတ်စတမ်း အရောင်စုံအသွေးစုံ။

ပြွှင်ကားနီရဲရဲလေးနဲ့ ကျောင်းတက်သော ညီမာက တစ်ခါတလေ အူကြောင်ကြောင် စာကြမ်းပိုးလေးတွေတွေ့ရင် သူမကတောင်လိုက်ပြီး စနောက်နေတတ်သေးတာ။ မိန်းမပီသဖို့ တော့ဝေးစွ။

ဆံပင်တိုဖောင်းဖောင်းလေးနဲ့ ညီမာက သေချာကြည့် ရင် ချစ်စရာကောင်းသလောက် အပေါ်ယံတွေကတော့ တစ်ခုမှ နှစ်သက်ချင်စရာမရှိ။

ကားမောင်းကြမ်းကြမ်း။ ဆံပင်တိုတို တီရှပ်တွေပဲ ဝတ်တဲ့ ညီမာက ရယ်ရင်လည်း အော်ကြီးဟစ်ကျယ်။ လမ်းလျှောက် ရင် သာမန်ယောက်ျားတွေ မနည်းလိုက်ရမယ့် ခြေလှမ်းကျဲမျိုး။

ယောက်ျားလျှာလားလို့ ထင်ရလောက်အောင် ဒေါင်း. တီမောင်းတီ နေတတ်ပေမယ့် သူမကိုယ်သူမ နာမ်စားသုံးရင်တော့ ကျွန်မတဲ့။





ငွေရှိကြေးလျှံမျိုးရိုးက ဆင်းသက်လာသလားတော့ မသိ။ သုံးသလိုက်သမျှ ဖြုန်းလိုက်သမှ ဆိုတဲ့သူတွေတောင် ညီမာနဲ့တွေ့ရင် အရှုံးပေးရလောက်အောင် ဆေးကျောင်းမှာတော့ သူမဘွဲ့က ပြိုင်စံရှား။

တေဇကြီး ညီမာ့အကြောင်းတွေးရင်း ကိုယ့်ဘဝကို ပြန်သတိရသွားသည်။ သူငယ်ချင်းတွေလောင်လည်း လောင်ချင် စရာ။

ညီမာမာဆိုသော မိန်းမသားနှင့် ယှဉ်လျှင်တောင် သူ့ဘဝက ညီမာ့လောက် သာယာနာပျော်ဖွယ်မရှိ။

သူ ပြုံးနေတာကိုကြည့်ပြီး သူ့သူငယ်ချင်းတွေက နားထင်ကို လက်ညှိုးဖြင့်ထောက်သည်။ ဝေါက်သွားပြီပေါ့။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ညီမာတို့နဲ့ သူတို့ဆေးရုံကြီးမှာ ဝပ်ဒ်ချင်းယှဉ်လျက် ဂျူတီကျသည်။

နေ့လယ်စာစားချိန်မှာ ညီမာက သူတို့နဲ့အတူ လာစား၏။

ညီမာ့ထမင်းချိုင့်က ငါးဆင့်ချိုင့်။

"ညီမာ ... ငါတို့ကို နေ့ဆွမ်းလာဆက်ကပ်တာလား။ ဒီကလေးမကြီးပွားဦးမယ် ... ဟီး ဟီး"

"အေး ... အေး၊ ငါ စားပြီးသား အကျန်လေးတွေ စွန့်ကျဲပါမယ်၊ ခဏလေး ခဏလေးစောင့်"

"ညီမာစုတ် ... နင်ဘာပြောပြော ငါတို့က စားမှာပဲ"

"သိတယ်၊ နင်တို့ကလေ မျိုးရရင်ပြီးရော ဆိုတာထဲကမှန်းသိလို့ ပိုထည့်လာရတာ။ စား"





တေဇကြီးရဲ့ထမင်းချိုင့်ကတော့ သိတဲ့အတိုင်းပေါ့။ ရေလုံပြုတ်သာသာ အသားဟင်းနှစ်တုံး။ ကလေးတည်းက စကားက ခုချိန်ထိ တည်ဆဲဥပဒေသ ဖြစ်နေ၏။

"တေဇကြီး ဟင်းထည့်စားလေဟာ"

"ရတယ် ညီမာမာ၊ ငါ ဝပြီ"

"ညီမာမာ ... ဟား ဟား ရယ်ရတယ်၊ ကျွန်မနာမည်ကြီးကို ဘယ်သူမှ အပြည့်အစုံ မခေါ်ဖူးတော့ မေ့တောင်မေ့နေပြီ၊ အခုကြားရတော့ တစ်မျိုးဖြစ်နေတယ်။ ညီမာပဲခေါ်ပါ။ ကျွန်မလည်း တေဇလို့ပဲ ခေါ်မယ်"

"ဒါဆိုလည်း ကျွန်မကို ဖြုတ်လိုက်တော့"

"အေးပါဟာ၊ ငါက သိပ်မခင်သေးရင် ကျွန်မလို့ပဲ သုံးတတ်လို့။ ဟဲ့ ... တေဇ၊ ဒီမှာ ဝက်အူမကြီးသုပ်။ စားကြည့် ... လျှာလည်သွားမယ်"

"နင့်လက်ရာလား"

"ဟော့အေး ... အိမ်ကဒေါ်ကြီးချက်တာ ... အဟီး"

"ထင်သားပဲ"

"လျှာမရှည်နဲ့. စားမှာကိုစား"

"နင် မိန်းမပီပီသသ နူးညံ့ညံ့လေး မပြောတတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နိုး"

"နင် လူနာတွေကိုရော ဒီလိုပဲ ဆက်ဆံမှာလား"

"မဆိုင်ဘူးဟာ။ ဆရာဝန်နေရာရောက်ရင်တော့ ဆရာဝန်လို နေမှာပေါ့။ လူတစ်ယောက်ရဲ့ နေထိုင်မှုပုံစံနဲ့ သူ့အလုပ်က နည်းနည်းဆက်စပ်နိုင်ပေမယ့် လုံးဝတော့မရောထွေးနိုင်သေးဘူးဟ။ လူနာတွေ ဆိုရင်တော့ နွေးနွေးထွေးထွေး ဆက်ဆံရမှာပေါ့ဟ"

အဲဒီလိုနဲ့ တေဇနဲ့ ညီမာတို့ ဟောက်စ်ဆင်းရှင်းခင်သွားကြတယ်။

ညီမာက တေဇကြီးအကြောင်း အစောကြီးတည်းက ကြားထားပြီးသားမို့ ငွေရေးကြေးရေးနှင့် ပတ်သက်လာရင် ညီမာကပဲ ထုတ်တာများသည်။

ထိုအခါမျိုးမှာ တေဇကြီးက အားနာတကြီး ဖြစ်နေတတ်၍ အားမနာဖို့ ပြောရသည်။

တေဇကြီးက ညီမာလိုအပ်တဲ့ တခြားအကူအညီတွေ ပြန်ပေးသည်။ စာရင်းပြတာမျိုး၊ ညီမာနဲ့အတူ ရှော့ပင်လိုက်ပေးတာမျိုး။ ညီမာလိုတဲ့စာအုပ်တွေ မရ,ရအောင် ရှာပေးတာမျိုး စသဖြင့်ပေါ့။





ညီမာက တေဇကြီးရဲ့ အေးဆေးသိမ်မွေ့တဲ့စရိုက်ကို နှစ်သက်ပြီး တေဇကြီးက ညီမာရဲ့လွတ်လပ်ပေါ့ပါးတဲ့ဘဝကို သဘောကျလာသောအခါ သူတို့နှစ်ယောက်ဟာ ဆရာဝန်ဖြစ်မဲ့ ချစ်သူဖြစ်ကြတဲ့စုံတွဲ ဖြစ်သွားသတဲ့။

သူတို့ရဲ့ချစ်သူဘဝဟာရင်ခုန်သံမပါတဲ့ ပျော်ရွှင်စရာအတိ နေ့ရက်များပါ။

ညီမာက သူ့ကို ကိုတေလို့ခေါ်ပြီး သူက ညီမာ့ကို ညီလို့ခေါ်တဲ့ သူတို့နှစ်ဦးရဲ့ချစ်သူဘဝသည် တေဇကြီး အမက်မောဆုံးဘဝလေးပါ။ ညီနဲ့တွေ့မှ သူ့ဘဝလွတ်လပ်ပေါ့ပါးမှုကို အပြည့်အဝ ခံစားရတာလေ။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



ညီကပဲ သူ့ဆီ ညစဉ်ဖုန်းဆက်ပါသည်။ တစ်နေရာ သွားလည်း ညီ့ကားနဲ့။ တစ်ခုခုစားလည်း ညီ့ပိုက်ဆံနဲ့။ သူ ကြာတော့ အဲဒီလိုဘဝကြီးကို မနှစ်သက်တော့။

မနှစ်သက်သဖြင့် သူ ပိုက်ဆံထုတ်နိုင်လားဆိုတော့လည်း ဟင့်အင်း။ သူ့မှာ ဖေဖေပေးတဲ့ လက်ဖက်ရည်တစ်ခွက်စာ မုန့်ဖိုးလေးနဲ့ ညီ့ကို ဘယ်လိုပံ့ပိုးနိုင်ပါ့မလဲ။

ဒီတော့ သူ အကြံထုတ်ရသည်။ ဆေးဆိုင်တစ်ခုမှာ အချိန်ပိုင်း အလုပ်လုပ်ဖို့။

ထိုအစီအစဉ်ကို အရင်ဆုံး ဖွင့်ပြောမိတာက မေမေ့ကိုပါ။ မေမေက သူ အိမ်ကိုအချိန်နဲ့အခါနဲ့ ပြန်မရောက်ရင် အရမ်းစိတ်ပူနေမှာလေ။

"ဟယ် ... သားရယ်၊ မဖြစ်ပါဘူး။ မင့်အဖေသိရင် သတ်လိမ့်မယ်"





"ဖေဖေက သားတို့ ဘယ်အချိန်သွားတယ်၊ ဘယ်အချိန်လာတယ်ဆိုတာမှ မသိတာ မေမေရ။ သား လုပ်ပါရစေ မေမေရာ၊ ဖေဖေပေးတဲ့ မုန့်ဖိုးက မလောက်ဘူးဗျာ"

"မင်းအဖေဆီက ထပ်တောင်းကြည့်ပေါ့ သားရယ်။ အလုပ်တော့ မလုပ်ပါနဲ့။ မင်းအဖေ သိက္ခာကျနေဦးမယ်"

"အလုပ်လုပ်တာပဲ မေမေရာ။ သိက္ခာကျစရာ အကြောင်း မရှိပါဘူး။ ပြီးတော့ ဖေဖေ့ဆီက ထပ်တောင်းလို့လည်း ရမှာမဟုတ်ဘူး။ မရတဲ့အပြင် နားအူအောင် အပြောခံရဦးမယ်။ အလုပ်လုပ်တာကောင်း အဲလောက် စိတ်ညစ်ရမှာ မဟုတ်ဘူး"

"သားကြီး ဖေဖေ့ကိုတော့ အထင်မလွဲပါနဲ့ကွယ်၊ ဖေဖေ့ ကျေးဇူးကြောင့်လည်း မေမေတို့ ဒီလိုနေနိုင်တာမို့လား၊ ပြီးတော့ သားဖေဖေက သူငယ်စဉ်က ပိုက်ဆံနဲ့ပတ်သက်ပြီး ခံစားချက်လေးတွေ ရှိနေလို့ပါကွယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ မေမေရာ။ ဖေဖေ ကပ်စေးနှဲတာက သာမန်ထက်ကို ပိုနေတယ်။ ကပ်စေးနှဲရောဂါတောင် ဖြစ်နေလားမသိဘူး။ ပိုက်ဆံရှာတာ ဘာလုပ်ဖို့လဲ မေမေရဲ့။ သုံးဖို့ရှာတာမဟုတ်ဘူးလား။ သုံးဖို့ရှာတာကို မသုံးဘဲ

www.burmeseclassic.com



အလှထိုင်ကြည့်ပြီးနေတာဟာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်ခြင်း တစ်မျိုးပဲ။ သားပြောတာက ဖြုန်းဖို့ မဟုတ်ပါဘူး။ သုံးဖို့ပဲပြောတာ။ ခုတော့ ...”

“သားရယ် ... မေမေလည်း ဖျောင်းဖျလို့မှ မရတာ”

“သွားကတော့ အလုပ်လုပ်မယ် မေမေရာ”

ထိုသို့ မေမေ့ဆီက ခွင့်ပြုချက်ယူပြီး သူ ဆေးဆိုင်မှာ အချိန်ပိုင်းအလုပ် လုပ်ခဲ့သည်။

ညီသိတော့ စိတ်မကောင်းဖြစ်သည်။

“ကိုတေ ... ညီ့ကို အားနာလို့ ကိုတေ အလုပ်လုပ်တာ မို့လား၊ နားလိုက်စမ်းပါ ကိုတေရာ၊ မလုပ်ပါနဲ့တော့”

“ညီရယ် အလုပ်လုပ်တာပဲကွာ၊ မကောင်းတာ လုပ်တာမှ မဟုတ်တာ”

ညီက တားမရသဖြင့် စိတ်တောင်တိုသည်။

“ကိုတေ အချိန်ပိုင်းလုပ်လို့ ဘယ်လောက်ရမှာလဲ။ ဘာမှ ဖြစ်လောက်တာလည်း မဟုတ်ဘူး”

“အဲလိုတော့ မပြောနဲ့ ညီရာ၊ ဆေးဆိုင်မှာ အချိန်ပိုင်း အရောင်းစာရေးလုပ်တဲ့ အလုပ်ကရတဲ့ ဝင်ငွေက သူဌေး လူတန်းစားတွေအတွက် ဘာမှမဖြစ်လောက်ပေမယ့် စားဝတ်



နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရတဲ့ လူတန်းစားတွေ အတွက်ဆိုရင်တော့ တော်တော်အထောက်အကူဖြစ်တယ်။ ခု ကိုယ်တောင် ဒီကရတဲ့ဝင်ငွေက ကိုယ့်အသုံးစရိတ်ကို တော်တော် အထောက်အကူ ဖြစ်တာလေ”

“မပြောတော့ဘူး ... ဟွန်း”

“ဟော့ ... နှုတ်ခမ်းလာမဆူပြနဲ့နော်၊ သိတယ်နော်”

“ကိုတေနော်”

“အင်း ... နှုတ်ခမ်းလာဆူပြနေတယ်ဆိုတော့ ...”

“ဟာ ... ကိုတေနော်”

♥ ❦ ♥

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... သား သံတောင်ကြီးကို ပို့စတင်ကျတယ်"

"ဘာ"

"ဟုတ်တယ် ဖေဖေ"

"နေစမ်းပါဦး၊ မင်းကို ဘယ်သူက ပို့စတင်တင်နိုင်းလို့လဲ၊ ဒီမှာ တေကြီး။ မင်းကို ငါက နိုင်ငံခြားမှာ ကျောင်းဆက်တက်နိုင်းဦးမှာကွ၊ သိရဲ့လား"

"ဒီမှာ ကျောင်းတက်တာတောင် ဖေဖေပေးတာနဲ့ မနည်းလောက်အောင် သုံးနေတာ၊ ဟိုမှာဆို ပိုဆိုးမှာပေါ့"

"ဘာကွ ... ဒါဆိုရင်တော့ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကျောင်းတက်ခဲ့ရတဲ့လူတွေဆို မခက်ပါလားကွာ၊ ဒီမှာ ငါ့သား။ မင်း ဟိုမှာကျောင်းဆက်တက်ရမယ်၊ ငါလည်း ပို့သင့်သလောက် ပို့မှာပေါ့ကွာ။ ဒါပေမဲ့ မင်းကလည်း ဟိုမှာ ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်ပေါ့"





ဖေဖေဟာ သူဖြစ်ချင်တာကို မဖြစ်မနေ လုပ်နိုင်းတတ်သည့်အကျင့်ရှိပြီး သူ့ကိုလည်း နိုင်ငံခြားကို အတင်းကာရော လွှတ်ခဲ့သည်။

သူ ပညာတော်သင်သွားမည် ဆိုတော့ ညီကပါ ပညာတော်သင်ထွက်ဖို့ စီစဉ်တော့သည်။

ညီနဲ့အတူ ထွက်ရသည့်အတွက် သူ ကျေနပ်ပါသည်။ ညီကလည်း ပျော်နေသည်။

ညီနဲ့သူ အချိန်ပိုင်း အလုပ်လုပ်ရင်း ကျောင်းတက်ခဲ့ကြပေမယ့် ညီ့အိမ်ကပို့သည့် ပိုက်ဆံက တော်တော်လေးလုံလောက်ပိုလျှံခဲ့ပါသည်။ သူ့ဆီကို ဖေဖေပို့တဲ့ပမာဏကတော့ သိတဲ့အတိုင်းပေါ့။ သူ ငွေလိုတိုင်း ညီ့ဆီက ယူခဲ့ရသည်။

"ညီ ... ကြွေးမှတ်ထားနော်၊ နောက်မှ အတိုးနဲ့ အရင်းပေါင်းပြီး ပြန်ဆပ်မယ်"

"စိတ်ချ၊ ဘဝနဲ့ရင်းပြီး ပြန်ဆပ်ရမယ် ... ဟား ဟား"

♥ ❀ ♥



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနိုင်ငံခြားမှာ ပညာတော်သင်သွားနေချိန်မှာ ကိုလတ်ကပဲ ဇေယျကို Guide လုပ်ပေးခဲ့သည်။ သို့သော် ကိုလတ်ကလည်း သူ့စာနဲ့သူ မနည်းလုံးပန်းနေရသဖြင့် ဖိဖိစီးစီး မလုပ်ပေးနိုင်။

သို့သော် ဇေယျငယ် ကြိုးစားပါသည်။ ရိုးရိုးကျူရှင်ပဲ တက်ရပေမယ့် ကိစ္စမရှိ။ ဇေယျက နဂိုဉာဏ်ကောင်းသူပါ။ စာကျက်ပျင်းတာရယ်၊ စာကျက်ချင်စိတ် မရှိတာရယ်ကြောင့်သာ။

သူကိုယ်တိုင် လိုလိုချင်ချင်နဲ့ ကြိုးစားတော့လည်း စာတွေက ရလာတာပဲပေါ့။

ဖေဖေရဲ့တက္ကနစ်တွေကတော့ မပြောင်းလဲပါ။ သို့သော် ညီအစ်ကိုတွေ မတိမ်းမယိမ်း ဖြစ်လာတော့ သူ့ကို သီးသီးသန့်သန့် အဝတ်အစားလေး နှစ်စုံဝယ်ပေးလာသည်။





ကျောင်းဝတ်စုံကလွဲရင် ဘဝမှာ ပထမဆုံးရတဲ့ အသစ်ကလေးတွေမို့ မဝတ်ရက်လောက်အောင်တောင် ပီတိဖြစ်ရသည်။

သူက အစ်ကိုတွေလို စာကို ပေါ်တင်ကျက်တတ်သူ မဟုတ်၊ စိတ်ထဲကပဲ မှတ်တတ်သူ။

ဒီတော့ သူ့စာကျက်သံဆိုတာ မကြားရ။ ဖေဖေက ...

"ချို ... မင်းသား စာကျက်သံကို မကြားရပါလားကွာ"

"သားလေးက စိတ်ထဲကပဲ ကျက်တာကိုး အစ်ကိုရဲ့။ ကျက်ပါတယ်"

"အေးပေါ့ကွာ၊ အောင်စာရင်းထွက်ရင်တော့ ကျက်လား မကျက်လား သိရမှာပေါ့"

မေမေကတော့ သူ့အပေါ် အမြဲနွေးထွေးစွာ ဂရုစိုက်တတ်ပါသည်။

"သားလေး အမှတ်ကောင်းကောင်းနဲ့ အောင်အောင်လုပ်နော်၊ မဟုတ်ရင် မင်းဖေဖေ ဒေါသအိုး ပေါက်ကွဲလိမ့်မယ်"

ဒီလိုနဲ့ပဲ ...။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဥသြငှက်ဆိုတဲ့ အကောင်လေးတွေက ဘယ်လိုပုံစံမှန်း သူ မသိ။ မမြင်ဘူးပါ။ ဒါပေမဲ့ ရန်ကုန်မြို့လယ်ကောင်မှာ နေတဲ့သူ တစ်ခါတလေ ဥသြငှက်သံကို ကြားဖူးတယ်ဆိုရင် အံ့သြမလား။

သူတို့နေတဲ့ ရွှေတောင်ကြား ဆိုတာက ကားသံလူသံ ဆူညံတာမှ မဟုတ်တာ။ သစ်ရိပ်ဝါးရိပ်လွှမ်းကာ အုံ့ဆိုင်းတာမို့ တစ်ခါတစ်ရံ ငှက်ကလေးတွေရဲ့အသံကို ကြားရတတ်ပေမယ့် ဥသြသံကိုတော့ သုံးလေးနှစ်မှ တစ်ခါလောက် ကြားရတာပါ။

အပေါ်ထပ်ဝရန်တာထွက်ကာ အသံလာရာကို ဖွေရှာမိသော်လည်း အသံပိုင်ရှင်ငှက်ငယ်ကို မတွေ့ရပါသည်။

စာမေးပွဲဖြေပြီးကတည်းက အိမ်တွင်းအောင်းရင်း ပျင်းနေမိသည်။ အိမ်မှာ ကွန်ပျူတာရှိပေမယ့် ဂိမ်းဆော့ခွင့်မရပါ။





ထိုကွန်ပျူတာက ဖေဖေ အလုပ်အတွက်သုံးရန်ဖြစ်ပြီး တစ်ခါတလေ ကိုလတ် သုံးခွင့်ရသည်။ သူ့ကျောင်းစာကိစ္စရှိရင်ပေါ့။

အားအားလျားလျား တီဗီတွေ၊ ဒီဗီဒီစက်တွေဖွင့်ကြည့်ခွင့် နားထောင်ခွင့် မရပါ။ မိဘတက်မှာ စိုးသတဲ့။

ညဘက်ဆိုရင်တောင်မှ ခြံထဲမှာသာ မီးရောင်တွေထိန်ထိန်လင်းကာ အိမ်ထဲမှာတော့ ရှိသမျှ မီးပန်းဆိုင်တွေအကုန်ပိတ်ကာ နှစ်ပေမီးချောင်းလေးတွေပဲ ထွန်းရ၏။ ဒါတောင် အိပ်ရင် မီးအကုန်မှိတ်။ အိပ်။

တစ်ခါကလေကျတော့လည်း ပိုက်ဆံရှိတဲ့ဘဝက အဓိပ္ပာယ်မရှိပါလားဟု သူ တွေးမိလာသည်။

ခုဆို သူ စာမေးပွဲဖြေပြီးသွားပြီ။ သူငယ်ချင်းတွေက ဟိုသင်တန်း ဒီသင်တန်းတွေ အပြိုင်တက်နေကြပြီ။ သူကတော့ အိမ်ထဲမှာ ငုတ်တုတ်။ သူ သင်တန်းတက်ချင်ကြောင်း ဖေဖေ့ကို ပြောကြည့်ဖူးသည်။

"မင်းကိုယ်မင်း အောင်မယ်လို့ ယုံကြည်လို့လားကွ။ နေပါဦးကွာ။ အောင်စာရင်းထွက်မှ ငါ တစ်ခုခု စီစဉ်ပေးပါ့မယ်။ အခုခေတ်ကလေးတွေ သင်တန်းအကြောင်းပြပြီး အပြင်ကို -

www.burmeseclassic.com

www.burmeseclassic.com



လတ်လျားလတ်လျား ထွက်ကြတာ ဖက်ရှင်တစ်ခုကိုဖြစ်နေတာပဲ”

သူ ထပ်ပြောချင်စိတ် မရှိတော့။ ဖေဖေဟာ ဆယ်ကျော်သက် လူငယ်တစ်ယောက်ရဲ့ တိုးတက်ချင်စိတ်ကို နားလည်မပေးသူလေ။

ပိုက်ဆံနဲ့ပတ်သက်လာရင် ဘာကိုမှ ဦးစားမပေးတာ ဖေဖေရဲ့ကိုယ်ပိုင်အကျင့် ထင်ပါရဲ့။ မေမေကတော့ ...

“သားလေးရယ် ... ဖေကြီးကို နားလည်ပေးလိုက်ပါကွယ်။ ဖေကြီးက သားတို့ကို မချစ်လို့ မဟုတ်ပါဘူး။ မကုန်သင့်တာ မကုန်အောင်၊ စေ့စပ်သေချာတဲ့ သဘောပါ။ ဘာပဲဖြစ်ဖြစ် ဖေကြီးရှာနေတာ သားတို့အတွက်ပဲလေ”

“ဟုတ်ရဲ့လား မေကြီး။ သားတို့ ဒီနေ့ထိ ဟင်းကောင်းကောင်းလည်း မစားရ။ အဝတ်အစားကောင်းကောင်းလည်း မဝတ်ရ။ မုန့်ဖိုးတောင် ကောင်းကောင်းမရပါဘူး”

“ဒါကလည်း သားတို့ရှေ့ရေးအတွက်ပါကွယ်”

ဒီလောက်စေးနှဲသော ဖေဖေ့ကို နားလည်ကျေးနိုင်လွန်းသော မေမေရယ်ပါ။ တစ်ခါတလေ သူတို့လိုက်မမီအောင် မေမေက ဖေဖေ့အပေါ် သည်းခံနိုင်စွမ်းရှိလေသည်။





ဖေဖေပေးသော ဈေးဖိုးက မလောက်လေသည်း လောက်ငအောင် ကြိုးစားသုံးရှာသည်။ ဖေဖေ ဆူဆဲသမျှလည်း ခေါင်းငုံ့ခံသည်။ ဖေဖေဆင်တာပဲ ဝတ်သည်။ ဖေဖေထိုင်လျှင်ထိုင်။ ဖေဖေသွားလျှင်သွား။

သူကတော့ ဖေဖေ့ကိုရော မေမေ့ကိုပါ နားမလည်နိုင်ခဲ့ပါ။ ဖြစ်နိုင်လျှင် ကိုကြီးလို ပညာတော်သင်သွားပစ်ချင်ရဲ့။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ပညာတော်သင်သွားဖို့လမ်းစဉ်ကို လိုက်နေရသူက သူရလတ်ပါ။

သူရလတ်လည်း ဖေဖေ့ရဲ့ကပ်စေးနဲမှုကြီးအောက်မှာ နေရတာ စိတ်ညစ်ပါသည်။

ဒီတော့ ကိုကြီးလို ပညာတော်သင်သွားပစ်မည်။ ပြန်လာရင် ကိုယ့်ဝင်ငွေနဲ့ကိုယ် သုံးလို့ရပြီလေ။

ထို့ကြောင့် စာကို အစွမ်းကုန် ကြိုးစားသည်။ ဘာမှ စိတ်မဝင်စားနိုင်ဘဲ စာမှစာ။ တစာစာ။

တစ်ခါတစ်ရံ အငယ်ကောင်ကို စာပြပေး Guide လုပ်ပေးဖို့တောင် ပျက်ကွက်မိသည်။

အငယ်ကောင်က ပိုသနားဖို့ ကောင်းသည်။ ကစ်သက်လုံး အကြီးနှစ်ယောက် သုံးပြီးသား အကျႌတွေကိုပဲ သုံးခဲ့ရ၏။





အငယ်လေးရယ်လို့လည်း ဦးစားပေးမခံရ။ ဒါက ဒီအိမ်ရဲ့စည်းကမ်းပဲဖြစ်သည်။

ညီအစ်ကိုသုံးယောက်ထဲမှာ အငယ်လေးက ပိုပြီးချော သည်။ ကိုကြီးကလည်း ခန့်ချောကြီးပင်။

သူရလတ်မှာသာ အလယ်အလတ်ဖြစ်ပြီး အသားကလည်း တော်တော်ညိုကာ ရုပ်ရည်ကလည်း ယောကျ်ားပီသ၏။

တေကြီးရဲ့ညီဟု ပြောလျှင် သိပ်မယုံချင်ကြသဖြင့် ခံရခက်ရသည်က အကြိမ်ကြိမ်။

သာမန်ရုပ်ရည်နဲ့ သူ့လိုယောကျ်ားတစ်ယောက်နားမှာ မိန်းကလေးသူငယ်ချင်းဟူ၍လည်းမရှိ။ ရှိနိုင်မလား။ သူကမှ မိန်းကလေးတွေနဲ့ လိုက်လိုက်လျောလျော မနေတာ။

မိန်းကလေးတွေနဲ့ သူငယ်ချင်း ဖြစ်ချင်ရင် အနည်းဆုံးတော့ သူတို့အတွက် အပရိကလေးတွေ လုပ်ပေးမှ။

သူ့မှာ အဲလိုအချိန်မပေးနိုင်။ ဒီတော့ ရှိစုမဲ့စု ယောကျ်ားလေး သူငယ်ချင်းနှစ်ယောက်နဲ့ ဆေးကျောင်းစာသင်နှစ်တွေကို ဖြတ်သန်းရသည်။ သို့သော် ဆေးကျောင်းဆိုတာက တစ်ယောက်တည်းချွန်ပြီး တက်လို့ရသည်မဟုတ်။ ဒီလို သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လတ် တစ်ယောက်ဟာ ဆေးကျောင်းမှာ လူ့ခွစာလေးဖြစ်လာသည်။

အတန်းကြီးလာတော့ ပိုဆိုးသည် ယောက်ျားလေးမိန်းကလေးရောပြီး စာစုကျက်ကြ။ အုပ်စုတွေခွဲကြနှင့်ဆိုတော့သူရလတ် ဒုက္ခရောက်ရသည်။

သူ့ကို ဘယ်မိန်းကလေးကမှ အပေါင်းအသင်းမလုပ်ချင်ကြ။ ဒီခေတ်မှာ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေဖို့ကလည်း ရေလိုသည်။

သူ့မှာက သူဌေးသားပေမယ့် ရေခန်းသူ။ တစ်ခါတစ်ရံ ခန်းရုံမက ခြောက်ကပ်နေသေးတာလေ။

မိန်းကလေးတွေနှင့်ပေါင်းရင် ပိုတောင် ပိုက်ဆံကုန်ရသေးသည်။ သူတို့တွေက ယောက်ျားဆိုတာနှင့် သူတို့ညှဦးစရာသတ္တဝါဟု အော်တိုသတ်မှတ်ထားကြတာ။

ဒီတော့ သူလိုလူနှင့် မိန်းကလေးတွေ ပေါင်းဆင်းဆက်ဆံရေး အဆင်မပြေတာ မဆန်း။ အချိန်လည်း မပေးနိုင်၊ ငွေလည်းမစိုက်နိုင်၊ စကားပြောရင် ခွတိုက်တတ်တဲ့သူ့ကို မိန်းကလေးတွေ မျက်မုန်းကျိုးတာမဆန်း။





တစ်ခါတလေ လူတွေဟာ ကိုယ့်ဘဝကို စိတ်တိုင်းမကျတိုင်း ပတ်ဝန်းကျင်ကိုပါ မကောင်းမြင်တတ်လာကြတယ်လေ။

တေဇကြီး၊ သူရလတ်နှင့် ဇေယျာငယ်တို့ အသီးသီးမှာ စိတ်ဒဏ်ရာကိုယ်စီ ရှိနေကြတယ်။

သူတို့လောက်မှ မချမ်းသာဘဲ လိုင်းကားတိုးစီးပြီး ချွေးသံရွှဲရွှဲ ကျောင်းတက်ရတဲ့ သူတွေတောင် ကျောင်းကင်န်တီးမှာ တပြုံးနှစ်ပြုံ စားနိုင်ကြတယ်။ သူတို့မှာတော့ Parado နဲ့ကျောင်းအပို့အကြို ခံနေရပြီး ရှယ်လက်ဖက်ရည်တစ်ခွက်သောက်ဖို့တောင် အနိုင်နိုင် ဖြစ်သင့်ရဲ့လား ? ။

♥ ❀ ♥



www.burmeseclassic.com

www.burmeseclassic.com



ဖေယျငယ် အောင်စာရင်း ဒီနေ့ထွက်ပြီ။

ရင်ခုန်ရလွန်းလို့ သွားမကြည့်ရဲ။ ကိုလတ်ကလည်း ဒီနေ့ စာမေးပွဲရှိလို့ သွားကြည့်မပေးနိုင်။

ဖေဖေ အိပ်ရာကနိုးတော့ သူက အိမ်ရှေ့ဆင်ဝင်အောက်မှာ ငူငူကြီးထိုင်လျက် ...

“ဟိုကောင် ကျပြန်ပလား”

“သွားမကြည့်ရသေးဘူး ဖေဖေ”

“မကြည့်ရဲဘူးလား ဟေ့ကောင်။ မင်း မဖြေနိုင်ပြန်ဘူးမို့လား။ ငါ ထင်တယ်။ ဒီဆယ်တန်းလေးမှ အောင်အောင် မဖြေနိုင်ရင် မင်းဘဝကို ဘယ်လိုဖြတ်သန်းမလဲ။ ဘဝဆိုတာ အခက်အခဲတွေ ကြိုးစားရုန်းကန်မှုတွေ အများကြီးနဲ့ တည်ဆောက်ရတာကွ”

“အစ်ကို့သားက သွားတောင်မကြည့်ရသေးဘူးလေ”





“မင်းသား မကြည့်ရဲပုံထောက်ရင် သိသာနေပြီပဲ”

“သား သွားကြည့်လိုက်ဦးမယ် ဖေဖေ”

“မောင်အုံး ... လိုက်ပို့ပေးလိုက်စမ်း”

ဦးလေးအုံးက ကားပေါ်မှာ။

“လူလေးက ဖြေနိုင်တယ်မို့လား”

“ဟုတ်ကဲ့”

ဦးလေးအုံးက ညီအစ်ကိုသုံးယောက်ထဲမှာ ဖေယျငယ်ကို အချစ်ဆုံး။ ဒီကလေးက စကားနည်းကာ အနေလည်းအေးလို့ပါ။ အောင်စာရင်း ကပ်ထားတဲ့နေရာမှာ ငိုတဲ့သူကငို၊ အော်ဟစ်ခုန်ပေါက်တဲ့သူက ခုန်ပေါက်။

“ဦးလေးအုံး သွားကြည့်ပေးမယ် လူလေး”

ဦးလေးအုံးက သူ့ခုံနံပါတ်ကို တတွတ်တွတ်ရွတ်ပြီး ထွက်သွားသည်။

လူတွေက စုပြုံတိုးကြိတ်နေတာမို့ ဦးလေးအုံးမှာ မနည်းတိုးကြည့်ရသည်။ ဦးလေးအုံး နှစ်ခါ သုံးခါ ပြန်ကြည့်နေသည်။ သူ ရင်တွေခုန်လာသည်။ သူ ကျလို့မဖြစ်ပါ။ သူ စာမေးပွဲကျရင် ပထမဆုံး ရင်ဆိုင်ရမှာက ဖေဖေပဲဖြစ်သည်။

“လူလေး”



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအုံး မျက်နှာမကောင်းပါ။ ဘုရားတ,မိသည်။ ဟော ... ခေါင်းပါ ခါပြနေပြီ။ သွားပြီပေါ့။ ကားကူရှင်ပေါ်မှီချ လိုက်မိသည်။ အိမ်မှာစောင့်ကြိုနေမည့် ဖေဖေ့ဒေါသတွေကို မြင် ယောင်မိတော့ ကြက်သီးထမိသည်။

ဦးလေးအုံးက ကားပေါ်တက်လာပြီး စက်နှိုးသည်။ ကားဘီးစလိမ့်ပြီ။

"ဦးလေးအုံး၊ ကျွန်တော် အိမ်မပြန်ရဲဘူး"

"ဟေ"

"ဟုတ်တယ်၊ ဖေကြီးဆူမှာ"

"ဒါပေမဲ့ လူလေးရာ၊ အခု အဆူမခံရလည်း နောက်ပြန် ပြီး အဆူခံရမှာပဲ။ မထူးပါဘူးကွာ"

"ဟာ ... မလိုက်ရဲဘူး။ ဖေဖေ တော်တော်ကြိမ်းထားတာ ဗျ"

"ဟုတ်လား"

"ဟုတ်တယ် ... ကျရင် မလွှယ်ဘူးတဲ့"

"လူလေးက အခု ကျမှမကျတာ"

"ဗျာ"

"အောင်ရုံတောင် မကဘူး၊ All D ကွ"



"ဗျာ"

"ဘာသာစုံ ဂုဏ်ထူးကွ"

"အောင်တယ်၊ ကားရပ် ... ကားရပ်၊ ကျွန်တော် သွား ကြည့်လိုက်ဦးမယ်"

ကားပေါ်ကဆင်းပြီး သူ အောင်စာရင်းသွားကြည့် သည်။ သူ့နာမည်ဘေးမှာ ဘာသာစုံဂုဏ်ထူးတွေ တန်းစီလို့ သူ ဆယ်တန်းကို အထူးချွန်ဆုံး အောင်မြင်ခဲ့ပြီ။

♥ ❀ ♥

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ ငါ့သားကွ"

မေကြီးက ဖေဖေ မသိအောင် မျက်စောင်းထိုးသည်။ ကျွန်တော့်ကတော့ ပြောလိုက်တာ။ အောင်တော့ ချက်ချင်း သူ့သား ဖြစ်သွားပြီဆိုသည့် သဘော။

"ကဲ ... သား၊ ရေကြောင်းတက္ကသိုလ်တက်ဖို့ ပြင်တော့"

"ဖေဖေ ... သား ရေကြောင်းကို စိတ်မဝင်စားဘူးလို့ ပြောထားတယ်လေ"

"ဟ ... ငါ့သား၊ မင်းကွာ။ မြန်မာပြည်မှာ လောလောဆယ် ဒီကျောင်းက အမြင့်ဆုံးပဲကွ"

"မြင့်လည်း သားမှ စိတ်မဝင်စားတာ။ သားက အင်ဂျင်နီယာပဲ ဖြစ်ချင်တာ"

"ဒါဆိုလည်း သင်္ဘောအင်ဂျင်နီယာ လုပ်ပေါ့ကွာ"





"သားက သင်္ဘောဆောက်ချင်တာ မဟုတ်ဘူး ဖေဖေ။ သားဖြစ်ချင်တာက မြို့ပြအင်ဂျင်နီယာပါ။ သားက အိမ်လှလှလေးတွေဆောက်၊ အလှဆင် အဲလိုတွေလုပ်ချင်တာ"

"ဒီမှာ ငါ့သား၊ ဖေဖေက ဒါ ကောင်းမယ်ထင်လို့ လုပ်ခိုင်းရင် လုပ်လိုက်ပေါ့ကွာ"

"သား စိတ်မဝင်စားဘဲလုပ်ရင် အောင်မြင်မှာ မဟုတ်ဘူး ဖေဖေ"

သူနဲ့ဖေဖေရဲ့ စကားစစ်ပွဲက ပြင်းထန်လာသည်။ ဖေဖေက ဖေဖေဖြစ်ချင်တာကို ပြောသည်။ သူက သူလုပ်ချင်တာကို တောင်းဆိုသည်။ မေမေက ကြားထဲမှာ။

"ဒီမှာ သားငယ်၊ သားကြီးရော သားလတ်ပါ ဖေဖေ့သဘောကျ ဖေဖေရွေးချယ်ပေးတဲ့ကျောင်းကိုပဲ တက်ကြတယ်၊ မိဘကဒါဆို သားသမီးက လက်ခံရမှာပဲ"

"ဖေဖေပြောတာ မှန်ပါတယ် ဖေဖေ။ ဖေဖေ ရွေးပေးတာကို မကောင်းဘူးလို့ သား မပြောပါဘူး။ ကောင်းပါတယ်။ ဒါပေမဲ့ ဖေဖေရယ်။ သား ရွေးချယ်လိုက်တဲ့ကျောင်း၊ သား ရွေးချယ်လိုက်တဲ့ပညာနဲ့ သားတစ်ဘဝလုံး ဖြတ်သန်းသွားရမှာ။ သားမလုပ်ချင်တဲ့ အရာတွေနဲ့ ဘဝကိုမဖြတ်သန်းချင်ဘူး ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေသည်။

"မဆိုးဘူးကွ၊ ငါမွေးထားတဲ့ သားသုံးယောက်ထဲမှာ မင်း မဆိုးဘူး။ ကောင်းပြီ ငါ့သား၊ မင်းကြိုက်တဲ့ကျောင်းကို သာ လျှောက်လိုက်တော့"

"ဖေဖေ တကယ်ပြောတာနော်"

"တကယ်ပေါ့ကွ။ တော်ကြာ မင်းတစ်သက်လုံး စိတ်ဆင်း ရဲနေရရင် ငါက တရားခံကျနေဦးမယ်"

အဲလိုနဲ့ သူ GTC တက်ခွင့်ရလိုက်သည်။ သူ ဖေဖေ့ကိုလည်း နည်းနည်းသဘောပေါက်သွားသည်။ ဖေဖေဟာ အကျိုးသင့် အကြောင်းသင့် ပြောပြရင် လက်ခံသူဟု သူ ထင် လာမိသည်။ သူ့အထင် မှန်သလား၊ မှားသလားတော့ သူ မသိ။

လောလောဆယ်တော့ သူလုပ်ချင်သည့် အလုပ်ကို ဖေဖေ ခွင့်ပြုလိုက်သည်။

မေမေကလည်း ပျော်နေရှာသည်။

သူကတော့ လောကကြီးထဲမှာ အတောင်အလက် ဖြန့်ဖို့အတွက် တောင်ပံဖြန့်နည်းကို GTC ဆိုတဲ့ ကျောင်းတော် ကြီးမှာ သင်ယူရမည်။



ပြီးရင် မြို့ပြအင်ဂျင်နီယာဆိုတဲ့ အတောင်အလက် တွေခတ်ပြီး သာယာလှပတဲ့ နေထိုင်မှုကို တည်ဆောက်မည်။

လူငယ်တွေမှာ လှပတဲ့စိတ်ကူးတွေ ရှိနေပါတယ်။ ဒါပေမဲ့ အဲဒီစိတ်ကူးကို ခရီးဆက်ခွင့်မရရင်တော့ အဲဒီလူငယ် ဟာ လေ့လော့ရင်း တက်ကျိုး၍သာမက လေ့ပါပေါက်တဲ့အဆင့် ရောက်သွားနိုင်ပါတယ်။

♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးပြန်လာတော့ သူတို့မိသားစု တော်တော်ပျော်ခဲ့ကြ၏။ ကိုကြီးက ဖြူစင်သန့်ပြန့်နေသည်။ နဂိုတည်းက ခန့်ညားချောမောတဲ့ ကိုကြီးရုပ်ရည်က ခုဆို ဆရာဝန်ပညာတတ် ရုပ်ပါဝေါက်ကာ တကယ့်ပညာတတ်ကြီးပုံမို့ မေမေက သူ့သားကြီးကို မွေ့ဖက်ကာ ပျော်နေခဲ့သည်။

ပိုပြီးပျော်စရာကောင်းတာက မကြာခင် ကိုလတ်ကလည်း ပညာသင်သွားတော့မှာ။

သူကလည်း ဘာသာစုံဂုဏ်ထူးနဲ့ ဆယ်တန်းအောင်ပြီး ခုဆို အင်ဂျင်နီယာကျောင်းသား ဖြစ်နေပြီလေ။

ဖေဖေနဲ့မေမေ့မျက်နှာမှာ အပြုံးတွေ အပျော်တွေ ပြည့်နေကြ၏။

ထိုနေ့က ဖေဖေက မေမေ့ကိုဈေးဖိုး အလျှံအပယ်ပေးခဲ့သည်။ ညစာထမင်းဝိုင်းကို ရှယ်ချက်ခိုင်းသည်။ ဒီလောက်





သဘောကောင်းနေတာနဲ့တင် ဖေဖေ တော်တော်ပျော်နေမှန်းသိသာသည်။

ညစာထမင်းဝိုင်းမှာ ဟင်းတွေက စုံလင်လှသည်။ သူတို့ညီအစ်ကိုတွေ အားရပါးရ စားကြသည်။ ဖေဖေကိုယ်တိုင်လည်း ခေါင်းမဖော်နိုင်။

မေမေကတော့ သူတို့တွေကိုကြည့်ပြီး မစားနိုင်အောင် ပီတိဖြစ်နေသည်။

"အစ်ကို ... ချို့လက်ရာ ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့ကွာ"

"အစ်ကို နောက်နေ့ကစပြီး ဈေးဖိုးနည်းနည်းလောက်တိုးပေးပါလား။ အစ်ကို့သားတွေ စားနေတာကြည့်ပြီး ချို ကောင်းကောင်းလေးတွေ ချက်ကျွေးချင်လို့ပါ"

ဖေဖေက သူတို့ကို တစ်ချက်ဝေ့ကြည့်ပြီး ဘာမှပြန်မပြော။ အခြေအနေ နည်းနည်းတော့ကောင်းသည်။ စားပြီးတော့လည်း သစ်သီးစုံအချိုပွဲနဲ့။

"ကဲ ... လာကြ၊ ချိုရော သားတွေကိုပါ ပြောစရာရှိတယ်"

မိသားစုတွေ ဧည့်ခန်းမှာ စုထိုင်ကြတော့ ကိုကြီးက မေမေနဲ့ ကပ်ထိုင်ပြီး မေမေ့ကို ဖက်ထားသည်။ သူတို့ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ ဓေယျငယ်က အတည်ဆုံးဖြစ်ပြီး ကိုကြီးက ကလေးအဆန်ဆုံး ဖြစ်နေတာကလည်း ထူးခြားတဲ့အချက်ကိုပဲ ပြောရမလား။

ဓေယျက လုံးဝကို မချွဲနွဲ့တတ်ပါ။ အင်းလေ ဒါကြောင့်လည်း အခွင့်ထူးမှန်သမျှ ကိုကြီးပဲ ရတာပေါ့။

"အဟမ်း"

ဖေဖေက လည်ချောင်းတစ်ချက်ရှင်းပြီး စကားပြောဖို့ အားယူသည်။

ဖေဖေ့ဆီကို အားလုံး အကြည့်ရောက်သွားမှ ...

"ဖေဖေ ခုပြောမှာက မင်္ဂလာကိစ္စပဲကွ"

"ဗျာ"

ကိုကြီးက ယောင်လန့်လန့်သွားသည်။ မင်္ဂလာကိစ္စဆိုရင် အနီးစပ်ဆုံးက ကိုကြီးပဲမို့လား။

"ဟုတ်တယ် သားကြီး။ အခု မင်း ပညာစုံပြီ။ ဒီတော့ မိဘတို့ဝတ္တရားရှိသည့်အတိုင်းပေါ့ကွာ၊ နောက်ဆုံးဝတ်ကို ဖြေချင်တယ်။ မင်းကို ဖေဖေ့သူငယ်ချင်းရဲ့သမီးနဲ့ ပေးစားဖို့ ဖေဖေ အားလုံးစီစဉ်ပြီးပြီ"

"ဗျာ"





အားလုံး ဖေဖေ့မျက်နှာဆီသို့ အကြည့်ရောက်ကုန်ကြ၏။ ဖေဖေက ပြုံးပြုံးကြီး ဆက်ပြောပြန်သည်။

"မင်း သိပါတယ်။ စကားဝါအုပ်စုပိုင်ရှင်ရဲ့သမီးလေ။ သူ့မှာ ဒီသမီးတွေကိုပဲ အမွေပေးခဲ့မှာမို့လား။ အခု သူတို့ပိုင်တဲ့ အထူးကုဆေးခန်းကြီးတွေက ရန်ကုန်နဲ့ မန္တလေးမှာ အအောင်မြင်ဆုံး ဖြစ်နေပြီ။ မင်းအတွက် ရေကန်အသင့်ကြာအသင့်ပေါ့ကွာ၊ ဟား ဟား ... ငါ့သားတွေ မြန်မာပြည်မှာ ဒိတ်ဖြစ်ရမယ်"

"အစ်ကို စကားလွန်ထားပြီလား"

မေမေက ကိုကြီးမျက်နှာကိုကြည့်ပြီး ဝင်မေးပေးသည်။

"စကားလွန်စရာလားကွာ"

တော်ပါသေးရဲ့ဟု သက်ပြင်းချမည်ကြံရုံရှိသေး။

"အားလုံးကို စီစဉ်ပြီးပြီ။ ဖိတ်စာတောင် ရိုက်ပြီးပြီကွ။ ဟိုဘက်က အားလုံးစီစဉ်ထားတာ။ မင်းသား အဝတ်အစားပဲ လိုတော့တာ။ သတို့သမီးတောင် အဝတ်အစားချုပ်ပြီးပြီ"

"အစ်ကို ... ဒါ နောက်စရာ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ချို ... ငါ ဘယ်တုန်းကများ မင်းတို့ကို အားအားယားယား နှောက်ယှက်ဖူးလို့လဲ"

"အစ်ကိုရယ် ... သားကြီးကိုတောင် ဘာမှမပြောရသေးဘူး"

"ငါ ကောင်းမယ်ထင်လို့ စီစဉ်တာပဲကွ။ ဘာများပြောစရာလိုသေးလို့လဲ။ ငါ စီစဉ်ရင်တောင် ချွတာနေမှာစိုးလို့ဆိုပြီး ဟိုဘက်က သူတို့စိတ်ကြိုက်ကို စီစဉ်နေတာပေါ့ ရှယ်ပဲ။ ဩော် ... နေဦး၊ ဒီမှာ ဖိတ်စာပေးလိုက်တယ်၊ ရော့ ... သားကြီး"

ဖိတ်စာက ရွှေရောင်ဖေ. င်းကြွဖိတ်စာ။ လှလိုက်တာမှ စက်စက်ယို။ ဖိတ်စာကြည့်ရုံနဲ့တင် တော်တော်ဈေးကြီးမှန်းသိသာသည်။ ထိုစရိတ်အတွက် တစ်ဖက်က အကုန်အကျခံခြင်းဖြစ်နိုင်၏။ ထို့အတွက်သာ ဖေဖေ ဘာမှမပြောတာ။

တေဇကြီးက ဖိတ်စာကို မယူပါ"

"သားမှာ ရည်ရွယ်ထားတဲ့ ချစ်သူရှိတယ် ဖေဖေ"

"ဒီအရွယ်ယောကျ်ားလေးပဲ ရှိနိုင်ပါတယ်ကွာ၊ မင်းမှာ ချစ်သူရှိတာကို မရှိရဘူးလို့ ငါ မဆိုလိုပါဘူး ငါ့သား။ မင်းလည်း ငါ စီစဉ်တာကို ငြင်းခွင့်မရှိဘူး။ ဘယ်လိုလဲ ငါ့သား။ ဖေဖေ တရားမျှတတယ်မို့လား"





"ဘယ်လိုလုပ်ပြီး မျှတမှာလဲ ဖေဖေ။ သားက သူ့ကိုလက်ထပ်ဖို့ ရည်ရွယ်ပြီး ချစ်ခဲ့တာလေ"

"အေး ... မင်းက ရည်ရွယ်ရုံ ငါ့သားရဲ့။ ဖေဖေက စီစဉ်ပြီးပြီ။ ဖေဖေ့ကို အရှက်မခွဲနဲ့ သားရယ်"

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စမှာ ဖေဖေ မတရားဟု အိမ်သားအားလုံးထင်ကြသည်။ ကိုကြီးဆို တော်တော်စိတ်ညစ်နေရှာသည်။ ဖေဖေက-လည်း လုံးဝမလျှော့။ ကြားထဲက မေမေက ပိုစိတ်ညစ်ရသည်။

"ချို ... မင်း,သားကို ကြည့်ပြောစမ်း"

"မေမေ ဖေဖေ့ကို ပြောပေးပါဦး မေမေရာ"

မေမေက ကြားညပ်သည်။ ကိုကြီးကိစ္စက ကိုကြီးနဲ့တင်မပြီး။

"သူရလတ်နဲ့ ဖေယျငယ် ... မင်းတို့ပါ တစ်ခါတည်းမှတ်ထားကြစမ်း။ မင်းတို့ရဲ့အိမ်ထောင်ရေးကိစ္စကို ငါပဲစီစဉ်မှာ၊ ကြားကြလား။ မင်းတို့ရဲ့လက်တစ်ဆစ်လောက် အသိဉာဏ် အတွေ့အကြုံလေးနဲ့ တစ်ဘဝလုံး လက်တွဲရမယ့်အိမ်ထောင်ဖက်ကိုရွေးရင် ဒုက္ခရောက်လိမ့်မယ်"





"ပြီးတော့ သူရလတ်၊ မင်း ပညာတော်သင် မသွားခင်စေ့စပ်သွားရမယ်။ အငယ်ကောင်ကတော့ ငယ်သေးလို့"

ကိုလတ်ကိုပါ ရိုက်ခတ်လာသဖြင့် ကိုလတ်ပါ [illegible]င်းထောင်လာသည်။

"ဘယ်သူနဲ့လဲ ဖေဖေ"

"ငါ့သူငယ်ချင်းက သမီးသုံးယောက်ရှိတာကွ။ အခု မင်းအစ်ကိုနဲ့ လက်ထပ်မယ့်သူက သမီးကြီး။ မင်းက အလတ်မနဲ့။ ဟိုကောင်က အငယ်မနဲ့"

"အဲလို ယူကောင်းလို့လား ဖေဖေ"

"ဒါ နှစ်ဆယ့်တစ်ရာစုကွ၊ အမြင်မကျဉ်းသင့်တော့ဘူး"

"သား မြင်ဖူးချင်သေးတယ် ဖေဖေ"

"စိတ်ချ၊ စေ့စပ်တဲ့နေ့ မြင်ဖူးစေရမယ်"

အဲလို ဖေဖေပါ။ ဖေဖေ့ရဲ့ဖွတ်စီစဉ်မှုနဲ့ တဖြည်းဖြည်း[illegible]ကြီးမင်္ဂလာပွဲကြီး နီးလာခဲ့သည်။ သို့သော် ကိုကြီးကတော့[illegible]နေ့ထိ ခေါင်းခါ ငြင်းဆန်ဆဲပါ။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



"ကိုတေ … ညီမေးနေတာဖြေလေ။ ညီကြားခဲ့တဲ့သတင်း
က မမှန်ဘူးမို့လား"

"ညီရယ်"

"ကိုတေ"

သူ ညီကို မပြောရက်ဘူး။ ဒါပေမဲ့ ညီက ဘယ်
ဘယ်လို ကြားလာသလဲ မသိဘူး။ သူ့ကို မေးနေပြီ။ သော
ကြားရတဲ့အတွက်လည်း သူ့ကို စိတ်တိုနေပုံရသည်။

ဘာမှပြန်မဖြေသော သူ့ကိုကြည့်ကာ ညီ စိုး
လာသည်။ အကိုတေ ဒီသတင်းကို မဟုတ်ပါစေနဲ့လို့ ညီအ
ကြိမ် ဆုတောင်းခဲ့တာနော်။ ကောလာဟလတွေပါနော်၊ ကို
နော်။

"ညီ"

"ပြောပါ ကိုတေရဲ့၊ ဒီမှာ စိတ်ပူလို့ သေတော့မယ်"





"အဲဒါကလေ ကိုယ်တို့ ပြန်မလာခင်တည်းက ဖေဖေ စီစဉ်ထားနှင့်တာ"

"ဘာ"

"ဟုတ်တယ် ညီ၊ ကိုယ်တောင်မသိဘူး။ ကိုယ်ပြန်ရောက်ရောက်ချင်း ညကမှ ဒီလိုစီစဉ်ထားတယ်ဆိုတာ ပြောတာ"

"အဲလိုလုပ်လို့ ရမလား ကိုတေရဲ့"

"ကိုယ်လည်း လက်မခံပါဘူး ညီရယ်။ ကိုယ့်မှာ ညီရှိနေပြီးသားပဲ။ ကိုယ် အခု ငြင်းထားပါတယ် ညီ။ ကိုယ်နဲ့ ဖေဖေလည်း နေ့တိုင်း အတိုက်အခံ ပြောနေရတယ်"

"ကိုတေကသာ လက်မခံတာ၊ ဟိုတယ်မှာတောင် ဒိတ်လုပ်ပြီးပြီဆို၊ ရက်တောင် သတ်မှတ်ပြီးပြီမို့လား ကိုတေရဲ့"

"ကိုယ် ပြန်မလာခင်တည်းက အဲဒီကိစ္စတွေအားလုံးပြီးနေပြီ၊ ကိုယ်က ညီကိုဖွင့်မပြောရက်လို့ မပြောတာ။ ကိုယ့်ညီကို မခွဲနိုင်ဘူး။ ဖေဖေ ပေးစားမယ့်သူကို ကိုယ်မယူဘူး။ အဲဒါကြောင့် ညီ စိတ်ဆင်းရဲမှာစိုးလို့ ကိုယ် မပြောတော့တာ"

"ဒါပေမဲ့ အားလုံး စီစဉ်ပြီးပြီလေ။ ကိုတေ ဘယ်လိုဖျက်သိမ်းမလဲ။ ဖျက်မှာဆိုလည်း စောစောစီးစီးဖျက် ကိုတေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ညီရယ်"

"ကိုတေနဲ့ယူမယ့် မိန်းကလေးနဲ့ပဲ ဒါရိုက်သွားတွေ

ပြောလိုက်ပေါ့ ကိုတေရဲ့။ ကိုတေ မယူနိုင်ကြောင်း

ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်"

"အဲဒါကျတော့ ဖေဖေတို့ လူကြီးတွေ မျက်နှာပျက်

များ ဖြစ်သွားမလားလို့ ညီ"

"ကိုတေ မယူဘူးဆိုတာနဲ့ မျက်နှာက ပျက်မှာပဲလေ"

"ဟုတ်ပါတယ် ညီရယ်၊ ဒါပေမဲ့ ကိုယ်က ဒီလိုစဉ်း

စားတယ် ညီ၊ ကိုယ်တို့မိန်းကလေးဘက်ကို ဘာမှသွား

ပြောတော့ဘဲ ကိုယ်နဲ့ညီ နှစ်ဦးသဘောတူ လက်ထပ်လို

ကြရင် ဒါက ပြီးသွားမှာပဲလေ"

"နှစ်ဦးသဘောတူ"

"ဟုတ်တယ်လေ ညီရယ်၊ အဲဒီလိုပဲ လုပ်စရာရှိတော့တာ

"ကိုတေ ... ညီ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားဟ

"ညီရယ် ... ကိုယ် ညီ့ကို တင့်တောင်းတင့်တယ် လ

ထပ်ချင်တာပေါ့ကွာ။ ဒါပေမဲ့ ညီလည်း ဖေဖေ့အကြော

သိတာပဲ။ သူ စီစဉ်တာကို ကိုယ်လက်မခံရင် ကိုယ့်

အစဉ်ကိုလည်း ဖေဖေက လုပ်ပေးမှာမှ မဟုတ်တာ၊



တော့ ညီ့ကိုလည်း ကိုယ်မစွန့်လွှတ်နိုင်ဘူးလေ။ ဒီတော့ ကိုယ်တို့နှစ်ဦးသဘောတူ လက်ထပ်မှဖြစ်မယ်"

"ကိုတေရယ် ... ကိုတေ့ဖေဖေက ညီ့ကို မမြင်ဘူးသေးဘဲနဲ့ကို သဘောမတူဘူး ဖြစ်နေတာ။ ညီ တစ်ခါလောက် လိုက်တွေ့ကြည့်ချင်တယ်"

"ဖေဖေ့စိတ်ကို ကိုယ် သိတယ် ညီ"

"ညီကတော့ တွေ့ကြည့်ချင်တယ် ကိုတေ။ အဖြူအမည်း တစ်ခုခုတော့ သဲကွဲမှာပေါ့"

♥ ❦ ♥

၁၀ ပန်းစာ၊ ဘက်ကြဲပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီမာမာ ဆိုသည့် သူ့ချစ်သူကလည်း ခပ်ထက်ထက် မိန်းမမျိုးလေ။ သို့သော် ဖေဖေက အဲလို ခပ်ထက်ထက် ပညာတတ်မိန်းမမျိုးကို မနှစ်သက်ဘဲ မေမေ့လို အိမ်ရှင်မစစ်စစ်မျိုးကိုသာ သဘောကျတတ်သူပါ။

"လောကမှာ ကြက်မတွန်လို့ မိုးလင်းတာ မရှိဘူးကွ"

ဟူသော စကားကို အမြဲကြွေးကြော်ကာ မိန်းမတွေကို အထင်မကြီးတတ်သူပါ။ မွေးထားတာကလည်း သားတွေချည်းပဲလေ။ သမီးတစ်ယောက်လောက် ပါရင်တော့ ဖေဖေ့ခံယူချက် ဒီထက်ပိုပြီး ပျော့ပျောင်းလာနိုင်ကောင်းပါရဲ့။

ဖေဖေ ညီ့ကိုတွေ့ရင် ဘယ်လိုမှ သဘောကျမှာ မဟုတ်။ သို့သော် ဒီနေ့ ဖေဖေ့ကို ညီက လာတွေ့မည်တဲ့။

"ဖေဖေ"

"ပြော"





"ဒီနေ့ သားသူငယ်ချင်းကို ဖေဖေနဲ့တွေ့ပေးချင်လို့"

"ငါ မအားဘူးကွ"

"ခဏပဲ အချိန်ပေးပါ ဖေဖေ။ သူကလည်း ဖေဖေနဲ့တွေ့ဖူးချင်တယ်လို့ ပြောနေလို့ပါ"

"မင်းကို ငါ ပြောပြီးပြီ တေဇကြီး။ မင်းအတွက် သင့်တော်တဲ့သတို့သမီး ငါ ရှာပေးပြီးပြီ။ မင်း ကောင်မလေးကို မတွေ့နိုင်တဲ့အတွက် စိတ်မကောင်းပါဘူး။ မိန်းကလေးတန်မဲ့ ယောကျ်ားလေးရှင်ဘက်ကို လာတွေ့ချင်တဲ့ ခပ်ကဲကဲ မိန်းကလေးမျိုးကို မင်း ဘာတွေသဘောကျနေတာလဲ။ ကဲ ... ငါ အပြင်သွားတော့မယ်။ ဩော် ... မင်း ဝတ်စုံ တိုင်းဖို့ သွားလိုက်ဦး"

ဖေဖေ့ဘက်က အခြေအနေကတော့ မျှော်လင့်ထားသည့်အတိုင်းပါပဲ။ သူ ညီ့ဆီကို အကျိုးအကြောင်းပြောဖို့ ဖုန်းဆက်ရတာတောင် မျက်နှာပူပါသည်။

ညီက ရယ်နေခဲ့သည်။

"ကိုတေ ... ညီက အဲလိုခက်ခဲရင် ပိုပြီးသဘောကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ညှေ့သည်ရောက်နေပါတယ်"

"ငါနဲ့ ချိန်းထားတာ ရှိလို့လား"

"ချိန်းတော့ ချိန်းမထားဘူးတဲ့ ဆရာ"

"ဟေ ... ဒါဆိုဘာလို့လာပြောနေရတာလဲ၊ သွား ... သွား"

"သူက ဆရာနဲ့မတွေ့ရမချင်း မပြန်ဘူးတဲ့ ဆရာ"

"ဘာ"

"ဟုတ်တယ် ဆရာ၊ ညီမာမာ ဆိုတဲ့ မိန်းကလေးတစ်ယောက်ပါ"

"မိန်းကလေးတစ်ယောက်"

သားကြီးမျက်နှာကို ဖျတ်ခနဲ မြင်ယောင်ကာ သဘောပေါက်သွားရသည်။

"ကောင်းပြီ၊ လွှတ်လိုက်"





ခဏနေတော့ တံခါးခေါက်သံ ကြားရသည်။ အဝတ်အစားကို စမတ်ကျကျ ဝတ်ထားသော ပညာတတ်မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို မြင်ရသည်။ သိသာနေသည်။ ထိုမိန်းကလေးရဲ့ မျက်နှာပေါ်မှာ မခံချင်ရိပ်တွေ။ ဒါပဲ။ ပညာတတ်မိန်းမတွေကို သူ မကြိုက်သည့် အချက်တွေက ဒါတွေပါပဲ။

"ထိုင်"

"ကျွန်မ ကိုတေကြီးရဲ့ ချစ်သူပါ"

"ငါ အသိအမှတ်မပြုဘူး မိန်းကလေး"

"အသိအမှတ်ပြုတာ မပြုတာက အရေးမကြီးပါဘူး အန်ကယ်။ အမှန်တရားကပဲ အရေးကြီးတာပါ"

"အေးပါ၊ အမှန်တရားက အရေးကြီးပါတယ်၊ ဒါပေမဲ့ မိန်းကလေး။ မင်းရဲ့ အမှန်တရားက သုံးလို့မရတဲ့အတွက် စိတ်မကောင်းပါဘူး၊ မင်း ပြန်လို့ရပြီ"

"အန်ကယ် ကိုတေကြီးကို အိမ်ထောင်ချပေးတဲ့ နေရာမှာ တကယ်ပေါင်းရမှာက ကိုတေကြီးပါ။ ကိုတေကြီး ဆန္ဒက ပိုအရေးမကြီးဘူးလား အန်ကယ်"

"အဲဒါ ငါ့ကိစ္စပါ၊ မင်းနဲ့ မဆိုင်ဘူး ကလေးမ"

"ကျွန်မက သူ့ချစ်သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အသိအမှတ်မပြုဘူး။ ဒီမှာ ကလေးမ။ တေဇကြီးက ငါမွေးထားတဲ့ ငါ့သား။ ငါ့စိတ်ကြိုက် စီစဉ်မယ်။ စီစဉ်ခွင့်ရှိတယ်။ အေး ... အဲလို ငါစီစဉ်တာကို သူ လက်မခံရင် ငါ သူ့ကို အမွေဖြတ်မယ်"

ညီမာမာ ရှေ့က ကိုတေဇခင်ကိုကြည့်ကာ စိတ်ဆိုးလာ၏။ တကယ့် တစ်ကိုယ်ကောင်းသမားပဲ။

"အန်ကယ်က အန်ကယ့်အတွက်ပဲ ကြည့်တာကိုး။ အန်ကယ့်စီးပွား ဒီထက်ပိုပြီး ကျယ်ပြန့်တိုးတက်ဖို့ပဲလား။ အဲဒီအတွက် စကားဝါအုပ်စုရဲ့သမီးနဲ့ သဘောတူတာလား"

"အဓိက,ကတော့ မင်းလို ယောက္ခမကို ပြန်ခံပြောတတ်တဲ့ ချွေးမမျိုးကို အလိုမရှိတာပဲ"

"အဟင်း။ ကျွန်မထက် ပိုက်ဆံပိုရှိတဲ့ စကားဝါအုပ်စုက ချွေးမမျိုးက ပိုပြီးတော့တောင် မောက်မာဦးမယ်။ အဲဒါကို အန်ကယ် ကြိုမတွေးမိဘူးထင်တယ်"

"အဲဒါ မင်းပူစရာ မလိုပါဘူး။ သေချာတာက မင်းနဲ့ငါ့သားကို ငါ လုံးဝသဘောမတူဘူး။ ခုလိုလာတွေ့တဲ့အတွက် အဲဒီကိစ္စက ပိုပြီးသေချာသွားတယ်။ ဟုတ်ပြီနော်။ မင်းနဲ့ ငါ့သား ရှန်းထွက်ခွင့်ရှိတယ်။ ဒါပေမဲ့ ငါတို့ဘက်က အသိအမှတ်မပြုဘူး။ အမွေပြတ်ပဲ။ အဲဒါ မှတ်သွား"





"ကျွန်မကို ခွင့်ပြုပါဦး"

ညီမာ ပြန်သွားတော့ သူ ခေါင်းကိုက်သွားသည်။ သားကြီးကောင်မလေးကို သူ တော်တော်အမြင်ကတ်သွားရသည်။ ဒီလိုကောင်မလေးမျိုးကို သားကြီး ယူလို့ကတော့ သားကြီးဘဝ တစ်လျှောက်လုံးကို ကောင်းကောင်းကြီး ချုပ်ကိုင်သွားမှာ မြင်ယောင်ပါရဲ့။ ဘယ်မှာလဲ မယားနေ့စ ကြောင်သေမှ။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ညီမာ စိတ်တော်တော်တိုနေသည်။ ကိုတေ့ဖခင်က ညီမာနဲ့ ကိုတေ့ကို မတားပါ။ ရှန်းထွက်ခွင့် ရှိသည်တဲ့။ ဒါဆို ညီမာက ယောကျ်ားတစ်ယောက်ကို ဖြစ်သလို ယူရမှာပေါ့။ ညီမာ့ပတ်ဝန်းကျင်မှာ ညီမာ့ကို တင့်တောင်းတင့်တယ် လက်ထပ်ချင်သူတွေ မရှားပါ။

ညီမာ့ကို လိုလားသူ ယောကျ်ားလေးတွေလည်း မရှားပါ။ ညီမာကို ကိုတေက နှစ်ဦးသဘောတူ လက်ထပ်ပါရစေတဲ့။ ကိုတေ့ဖခင်က အသိအမှတ်မပြုပါတဲ့။

ညီမာ မျှော်လင့်ထားတာက ဒီလိုမင်္ဂလာပွဲမျိုးမဟုတ်ပါ။ ဒီပုံစံနှင့် ညီမာ ကိုတေ့ကို မယူနိုင်ပါ။ ရိုးသားအေးဆေးတဲ့ ကိုတေ့ကို ညီမာ ချစ်ခဲ့ပေမယ့် ထိုရိုးသားမှုဟာ ညီမာ့ကို ပြန်သတ်ခဲ့ပြီ။





ရိုးသားအေးဆေးပြီး ဖခင်ကိုကြောက်ရတဲ့ ကိုတေဟာ ညီမာ့ကိုတော့ မတင့်မတယ် ယူရဲသည်။ ကိုတေ့ရဲ့ရိုးသားမှုဟာ ညီမာ့ဘဝကို ချိုးဖဲ့ဖို့လားလို့တောင် သံသယဖြစ်စရာကောင်းလှပါသည်။

ကိုတေရော၊ ကိုတေ့ဖခင်ပါ သူတို့ဘာသာတော့ အဆင်ပြေကြသည်။ ကြားထဲက အဆင်မပြေတာက ညီမာ။

ကိုတေ့ဖခင်က သူသဘောမတူသော ညီမာ့ကိုယူရင် ကိုတေ့ကို အမွေဖြတ်လိုက်ရုံပင်။

ကိုတေကလည်း ဖခင်ဖြစ်သူ သဘောတူတူ မတူတူ ရတဲ့နည်းနဲ့ ညီမာ့ကို ယူလိုက်ရုံပဲ။

ပြီးတော့ရော၊ မိဘနဲ့ သားသမီး သက်ဆိုးတိုင်ပြတ်ကြမတဲ့လား။ ရှားပါသည်။

ဒီတော့ အနစ်နာဆုံးက ညီမာ ဖြစ်မနေဘူးလား။

နောက်ဆုံးမှာ ညီမာ အသင့်မြတ်ဆုံး ဆုံးဖြတ်ချက်တစ်ခု ချနိုင်ခဲ့သည်။

သို့သော် ... ထိုဆုံးဖြတ်အတွက် ညီမာ အလျော်ပြန်ယူဖို့ကိုလည်း ...။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဆိုတာ ဖြူနေ ပြာနေတိုင်း လှတာမှ မဟုတ်တာနော်။

ဒီလိုပဲ ခြိမ့်ခြိမ့်သဲပြီး ဖျပ်ဖျပ်လက်နေတဲ့ မင်္ဂလာပွဲကြီး ကျင်းပနေရပေမယ့် ပျော်စရာကောင်းချင်မှ ကောင်းမှာပေါ့။

ဟုတ်ပါသည်။

တေဇကြီးနဲ့ မနန်းကြီးတို့ရဲ့ မင်္ဂလာပွဲပါ။

သတို့သားတေဇကြီးက နဂိုတည်းက ခန့်ချောကြီးဆိုတော့ သတို့သားဝတ်စုံပြည့်နဲ့ တော်တော်လိုက်ဖက်ကာ ကြည့်ကောင်းလှသည်။

သတို့သမီး မနန်းကြီးကရော ရှမ်းစော်ဘွားသွေးမို့ ကျက်သရေရှိရှိ ချောမောခန့်ညားကာ ဣန္ဒြေအပြည့်ပင်ဖြစ်သည်။ နန်းဆန်ဆန် ကျက်သရေရှိရှိလှသူ မနန်းကြီးကို မနှစ်သက်စရာ မရှိသော်လည်း နှစ်သက်စိတ်လည်း မဖြစ်မိတာမို့ တေဇကြီးမှာ





င်္ဂလာပွဲသာ ကျင်းပနေရသော်လည်း သတို့သမီးဘက်ကို တစ်ချက်မျှပင် စောင်းငဲ့မကြည့်မိပါ။

သတို့သမီးကတော့ ကျေနပ်ပီတိပြုံးလေးနှင့်သာ။ သတို့သားမိဘတွေ မျက်နှာကလည်း ဖရဏာပီတိ ဝွမ်းဆီထိသည့်အမှာ။ သတို့သမီး မိဘတွေကလည်း ပျော်တပြုံးပြုံး။

နှစ်ဖက်အသိုင်းအဝိုင်းက အသိုင်းဝိုင်းကြီးတွေပဲမို့ မင်္ဂလာပွဲလာ ပရိသတ်တွေကလည်း ခန်းမတစ်လျှောက်ပြည့်လို့ လျှံလို့။

မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေကလည်း တောင်ပုံယာပုံ။ တေဇကြီးကလွဲရင် အားလုံး ကျေနပ်ပျော်ရွှင်နေကြတဲ့ပွဲ ဖြစ်ပါသည်။

အရံတွေအဖြစ် သူရလတ်နှင့် မနန်းလတ်။ ဇေယျငယ်နှင့် မနန်းငယ်။

မနန်းလတ်နှင့် သူရလတ်တို့ပွဲကလည်း မကြာခင် ကျင်းပတော့မည်ဖြစ်သည်။ သူရလတ် ပညာတော်သင် မသွားခင် လက်ထပ်သွားရမှာ ဖြစ်ပါသည်။

တေဇကြီး ပြဿနာကြောင့် ဖခင်ဖြစ်သူမှာ သူ့ရဲ့ ကတိကို ဒီအတိုင်း မလွှတ်လိုက်ရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရလတ်က မနန်းလတ်ကို ယူဖို့မငြင်းသော်လည်း ပညာတော်သင်ကိုတော့ လွှတ်လပ်စွာ သွားချင်ရှာသည်။ သို့သော် ဖခင်၏တစ်ချက်လွှတ်အမိန့်ကို ဘယ်ငြင်းဆန်လို့ ရမလဲ။

ဧယျငယ်နှင့် မနန်းငယ်တို့ကတော့ ငယ်သေးသဖြင့် အေးရာအေးကြောင်းပင်။

ဒါပေမဲ့ မင်္ဂလာပွဲထောင့်နားမှာရှိတဲ့ တိုင်နဲ့ကွယ်နေတဲ့စားပွဲမှာ ညီမာမာ ရှိနေခဲ့တယ်။

အလှဆုံးပြင်ဆင်ထားတဲ့ ညီမာဟာ သတို့သမီးထက် မလှရင်တောင် သတို့သမီးနဲ့အပြိုင် လှနေပါသည်။

သူမအပြုံးက အသက်ဝင်နေသယောင်။ ဒါပေမဲ့ သူမ မျက်လုံးတွေက အသက်မဲ့စွာ တစ်နေရာတည်းကို စိုက်ကြည့်နေရှာ၏။ သတို့သား သတို့သမီး ဘိသိက်သွန်းရာဆီသို့လေ။

သူမသည် လူမြင်ကွင်းမှာ ထင်ပေါ်စွာ မထိုင်ပါ။ တေဇကြီး သူမကို စောစောစီးစီး တွေ့သွားမှာ မလိုလားပါ။

တေဇကြီးဟာ သူမအပေါ် သစ္စာပျက်ခဲ့တာမှ မဟုတ်တာ။ သူမကို လက်ထပ်ဖို့သာ သူ့နည်းသူ့ဟန်နဲ့ ကြိုးစားခဲ့သူပါ။

ထို့ကြောင့် သူမ တေဇကြီးကို မနာကျင်စေချင်ပါ။ သူမကိုယ်တိုင် သိပ်ကို ကြေကွဲနေရလွန်းလို့ တေဇကြီးလည်း ဘယ်လောက်ခံစားရမယ်ဆိုတာ သူမ မှန်းလို့ရနေ၏။





ပြီးတော့ မနန်းကြီးကို လက်ထပ်ဖို့ သူမကိုယ်တိုင် ဘွန်းပို့ခဲ့တာလေ။ ထို့အတွက်တောင် တေဇကြီးက သူမကိုစိတ်နာနေသေးတာ။

ထိုပွဲကိုချီးမြှင့်ဖို့ ဘယ်သူမှလဲ သူမကိုမဖိတ်ခဲ့ပါ။

သို့သော် သူမရဲ့နှလုံးသားပေးအပ်ပွဲကို သူမ တက်ရောက်သင့်သည်။

ကိုယ်မြတ်နိုးရသည့် အသည်းနှလုံးကို တစ်ပါးသူလက်မအပ်နှင်းချင်ပါရက် အပ်နှင်းလိုက်ရသည့်ပွဲ။

ဒီပွဲကိုတက်ပြီး ဒီမြင်ကွင်းတွေကို မြင်ယောင်ကာ သူမစိတ်ကို သူမ ပြန်ကုစားရမှာ။

ချစ်သူသည် တစ်ပါးသူ၏စံရာရင်ခွင်ဖြစ်ကြောင်း သူမကိုယ်သူမ ပြန်သတိပေးရမှာ။

ပြီးတော့ သူ့ဖခင်ဆီမှာ အလျော်ပြန်ယူရမယ့် အတိုင်းအတာကို တွက်ချက်စကေးချဖို့ သူမ ဒီပွဲကို တက်ရတာပင်။

တစ်နေ့မှာ သူမ အသည်းကွဲရသလို ဦးမောင်ခင် အသည်းကွဲရမည်။ သူမရဲ့မျှော်လင့်ခြင်းတွေ ပျက်သုဉ်းရသလို ဦးမောင်ခင်ရဲ့ မျှော်လင့်ခြင်းတွေ ပျက်သုဉ်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာတစ်ပတ် ပြန်ကိုလည်စေရမည်။

မလည်ရင်တောင် လည်အောင်ကြိုးစားကြရမှာ သူမ တာဝန်သာဖြစ်သည်။

"ညီ"

သူမအေးက တိုးလျလျ ညည်းတွားသံ။ ကိုတေလား။ မဟုတ်ဘူး။ မကြာခင်မှာ သူတစ်ပါးရဲ့အိမ်ဦးနတ်ဖြစ်မယ့်သူ။ သူမချစ်သော ကိုတေ မဟုတ်တော့ဘူး။

"ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးကို မဖိတ်ဘဲ တက်ရောက်မိတဲ့အတွက် Sorry !"

အမြဲလို လွှတ်လပ်ပေါ့ပါးတဲ့ စတိုင်လ်နဲ့ပဲ မြင်တွေ့ရတဲ့ ညီကို ပွဲတက်ဝတ်စုံနဲ့ စက်စက်ယိုနေအောင် အလှပြင်ထားတာ မြင်ရတော့ ပုထုဇဉ်ပီပီ တေခကြီးမျှော ...

"ညီ ပြန်ပါတော့ကွာ"

မင်္ဂလာပွဲတစ်ခုအတွင်းမှာ ချစ်သူနှစ်ဦး ရှိနေပေမယ့် ဒီပွဲဟာ သူတို့နှစ်ဦးစလုံးနဲ့ အတူတူ မသက်ဆိုင်ခဲ့ဘူးဆိုရင် ...။

♥ ♥





မင်္ဂလာပွဲကနေ ချစ်သူက နှင်ထုတ်လိုက်တယ်။ နားထောင်ပါမယ် ချစ်သူ။ မင်းလည်း ငါ့စကားနားထောင်ပေးခဲ့တာပဲလေ။

ဒီနေ့လိုမျိုး စိတ်တွေ ချူးချူးကျနေချိန်မှာ ကားကို ကိုယ်တိုင်မမောင်းသင့်တာကို မေ့သွားတယ်။

သတိရချိန်မှာ သူမမျက်လုံးမှာ မျက်ရည်စတွေနဲ့ ဆဝါးနေပြီး မြင်ကွင်းတွေက မပြတ်သားတော့ဘူး။

သို့သော် ထိုသို့ မြင်ကွင်းမပြတ်သားခြင်းပေါ်မှာလည်း သိစိတ်က ကပ်မနေဘူး။

စိတ်ဇော်က ဆီဒိုးနားဟိုတယ်လ်ထဲက မင်္ဂလာပွဲဆီသို့ ပြန်ပြေးလွှားနေတယ်။

အိမ်ပြန်လမ်းမှာ မီးပွိုင့်တွေရှိတာလည်း သတိမရ။ တစ်လမ်းမောင်းဆိုတာလည်း အသိကမရှိ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ...

ဆိုးဆိုးဝါးဝါး ယဉ်တိုက်မှုကြီးတစ်ခု ပေါ်ပေါက်ခဲ့ရတယ်။ နောက်ဆက်တွဲကတော့ သူမကို မြန်မာပြည်ရှိ ဆေးရုံတွေက လက်လျှော့လိုက်ကြတာပါပဲ။

စင်ကာပူကို အရသယ်သွားကြတဲ့ သူမမိသားစုဟာ စင်ကာပူရောက်ပြီး မကြာလိုက်ခင်မှာပဲ သူမကို ဆုံးရှုံးလိုက်ကြတယ်။

တချို့တွေက သုံးသပ်တယ် ...

သူ့သချိုင်းက စင်ကာပူမှာရှိတာနေမှာတဲ့။

ထိုသတင်းကြားတော့ တေဇကြီးမှာ ရူးမတတ်ခံစားနေရရှာတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလောကကြီးထဲမှာ ညီမာမာဆိုတဲ့ အသည်းကွဲမတစ်ယောက် ပျောက်ပျက်သွားခဲ့သတဲ့။

♥ ♥





မနန်းကြီးက သဘောထားပြည့်ဝသူပါ။ ပြီးတော့ တေဇကြီးရဲ့ အသည်းကွဲခြင်းမှာ မနန်းကြီးပါဝင်ပတ်သက်ခြင်းမှ မရှိတာလေ။

ဒီတော့ တေဇကြီးဟာ မနန်းကြီးအပေါ် သဘောဆိုးအမြင်မထားပါ။ ဗိုမှန်တော့ ဆက်ဆံပါသည်။ ဝတ္တရားဆန်ဆန်တော့ တာဝန်ကျေပါသည်။

မနန်းကြီးကလည်း တေဇကြီးရဲ့ အေးစက်မှုအပေါ် မကြည်ဖြူခြင်းမရှိ။

ပြီးတော့ မနန်းကြီးဟာ တေဇကြီးနဲ့ ညီမာ့ကိစ္စကို သိထားပြီးသူမို့ အထူးတလည် ခံစားမနေပါ။

ထို့ကြောင့် သူတို့လင်မယား အဆင်ပြေသည်ဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေတာက ယောက္ခမကြီးပါ။

မနန်းကြီးခမျာ သျှောင်နောက်ဆံထုံးပါစွာနှင့် တေဇကြီးတို့အိမ်ကို လိုက်လာရပါသည်။

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းပါပဲ။

ယောက္ခမကြီးက A4နှစ်ရွက်စာရှိသည့် စည်းကမ်းစာရွက်ကြီး ပြပါတော့၏။ နေထိုင်စားသောက်သွားလာမှုအတွက် ပုံစံစာရွက်ကြီးပါ။

စော်ဘွားသွေးပီပီ အခြေကြီးအနေမြင့် နေခဲ့ရသည့် မနန်းကြီးမှာ စည်းကမ်းစာရွက်ကြီးကိုကြည့်ပြီး လန့်သွားရ၏။

ငွေပုံပေါ် ထိုင်ပြီး အဆင်းရဲခံရမည့်ကိန်းပါလား။ ယောက္ခမကြီးသတင်းကို မယူခင်တည်းက ကြားသိပြီးပေမယ့် ဒီလောက်ဆိုးမည်မထင်ခဲ့ပါ။

တေဇကြီးကိုတော့ သဘောကျပါသည်။ ထိုအချက်ကလေးနဲ့တင် လက်ခံခဲ့တာ။ ခုတော့ မိမိတို့မျိုးနွယ်ကို ထိန်းကာ ငုတ်မိသဲတိုင်နေရတော့မည်။

ရေမြေဆုံးစေတော့ သားကိုသခင် လင်ကိုဘုရားလို့ ကိုးကွယ်ရတော့မည်လေ။





တေဇကြီးကလည်း သူမကို နှစ်သိမ့်မှုမပေးပါ။ သူတို့မိသားတစ်စုလုံးက ဒီစည်းကမ်းတွေ အသားကျပြီးသားကိုး။ ခုမှ မိသားစုဝင်ဖြစ်လာမယ့် သူမမှာ ဘာအခက်ခဲများရှိမလဲလို့ ဘယ်သူကမှ မမေးပါ။

ယောက္ခမအမကြီးကတော့ ဖေးမချင်ပုံပင်။ သို့သော် သူမကိုယ်တိုင်က သင်းကို ကြောက်ရသူလေ။

တေဇကြီးကတော့ သူမအတွက် ဘာမှ တွေးပေးမှာ မဟုတ်။ အချစ်မှမရှိတာကို။

ဒီတော့ မနက်စာပေါင်မုန့်ကြမ်းကို ခက်ခက်ခဲခဲ ချိုချ။

နေ့လယ်စာ ရေလုံပြုတ်ဟင်းတွေကို ရေနဲ့မျောချ။

ညစာကို စားတောင်မစားချင်လောက်အောင် ဖြစ်လာရသည်။

သူမပိုက်ဆံနှင့်သူမ အပြင်မှာ ဝယ်စားမိဝါရဲ့။ ယောက္ခမကြီးတွေ တွေ့သွားသဖြင့် ပြောခံလိုက်ရ၏။

သူ့အပြောကတော့ ရွှေမန်းပင်အရှုံးပေးရမည်။ အပြင်စာတွေလောက် ကျန်းမာရေးနှင့် မညီညွတ်သည့်အစားအစာများ။ စားချင်စိတ်ကုန်အောင် သူမို့ ချက်ကျလက်ကျ ပြောနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ မနန်းကြီးပဲ သူတို့မိသားစုပုံစံခွက် ထဲဝင်သွားရတော့၏။ မိမိက ကိစ္စမရှိတော့။ ညီမလေးနှစ်ယောက်ကိုတော့ ဒီမိသားစုထဲ ထပ်မဝင်စေလိုတော့ပြီ။

"ဟယ် ... မကြီးရယ်၊ ပိန်သွားလိုက်တာ"

ညီမနှစ်ယောက်က သူမကို တွေ့တွေ့ချင်း အံ့သြကြသည်။ သူမကလည်း ဒီညီမတွေကို သိရသမျှ ဖောက်သည်ချသည်။

"အဘိုးကြီးက တော်တော်ဆိုးတာဟ၊ နင်တို့ သူ့သားတွေကို ယူဖို့မစဉ်းစားကြနဲ့"

ညီအစ်မချင်းမို့ လွတ်လွတ်လပ်လပ် ပြောဖြစ်ကြ၏။ သူမတို့မိဘတွေရှေ့မှာဆို ဒီလိုပြောရဲမှာမဟုတ်ပါ။

"မကြီးလည်း မယူခင်ကတည်းက သိသင့်သလောက် သိတာပဲ၊ သူ့ဘာသာ ကိုတေဇကြီးကို သဘောကျပြီးယူတာ၊ ဟွန်း ... ခုမှ လာမငိုပြနဲ့ မကြီး"

"ပြော မိလတ်၊ မကြာခင် ညည်းအလှည့်ရောက်မှာ၊ သူ့ရလတ် ထွက်ဖို့နီးလာပြီတဲ့"

"လတ်ကတော့ ဒီစည်းကမ်းတွေနဲ့ မနေနိုင်ဘူး မကြီး"





"ဒါပေမဲ့ သူ့ရလတ်က နင့်ကိုတော့ သဘောကျပုံပါပဲ၊ ဘာပဲဖြစ်ဖြစ် နင်ကာဗာတော့ရနိုင်တယ်၊ ဒါပေမဲ့ ဖြစ်နိုင်ရင်တော့ ငါ့ညီမတွေကို အဲဒီအိမ် ထပ်မရောက်စေချင်တော့ဘူး"

ကိုတန်းကျောင်းသူ နန်းငယ်လေးက တတ်သလောက်မှတ်သလောက် ဝင်ပြောသည်။

"အဲဒီအိမ်မှာမနေဘဲ ငယ်တို့အိမ်မှာပဲနေပေါ့"

"မရပါဘူး မိငယ်ရယ်၊ ရလို့ကတော့ ကပြီးတောင်နေပစ်ဦးမှာ၊ ခုတော့ သူ့အဖေ ဦးစည်းကမ်းကရော မေမေတို့ကပါ သျှောင်နောက်ဆံထုံးပါနိုင်းတာဟ"

"ပါလေ ပါပေါ့၊ ဒါပေမဲ့ အိမ်တော့ခွဲနေလိုက်"

"မခွဲပေးဘူးဟဲ့၊ လွတ်ရာလွတ်ကြောင်းမှန်သမျှ ငါ စဉ်းစားကြည့်ပြီးပြီ၊ မရဘူးဟ"

နန်းလတ်နဲ့ နန်းငယ် ရှုံ့မဲ့နေကြသည်။

"လတ်ကတော့ သူ့ရလတ်ကို မယူချင်တော့ဘူး"

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



မယူချင်လို့မရ။

သူရလတ် ပညာတော်သင်သွားကာနီးမှာ လူကြီးတွေက မင်္ဂလာပွဲကို စီစဥ်ကြပြီ။

နန်းလတ်က အပြင်းအထန်ငြင်းသည်။ သို့သော်မရပါ။ သူရလတ်ကလည်း စိတ်မပါ။ သို့သော်လည်း သူကလည်း သူ့ဖခင်ရဲ့ရုပ်သေးရုပ်။

လူရယ်လို့ဖြစ်လာပြီး ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ဆေးခြယ်ခွင့်မရခြင်းဟာ တစ်နည်းအားဖြင့်တော့ လူဖြစ်ရှုံးတာပင်။

သူတစ်ပါးစီစဥ်မှုဖြင့် လျှောက်လှမ်းရမယ့်ဘဝမှာ အမှားကြုံတာလောက် ရင်နာစရာကောင်းတာမရှိ။

ကိုယ်တိုင်မှားတဲ့အမှားကမှ ဖြေသာဦးမည်။

သို့သော် သူရလတ်နဲ့ နန်းလတ်တို့ လက်ခံလိုက်ရတာပါပဲ။ လျှောက်လှမ်းရမယ့်ဘဝမှာ ဘယ်လိုအခက်အခဲရှိပါစေ မင်္ဂလာပွဲပြီးတော့ ပြဿနာစသည်။





"လတ် သူ့နောက် လိုက်မနေနိုင်ဘူး ဖေဖေ"

"ဘယ်ရမလဲ သမီးရယ်၊ သျှောင်နောက်ဆံထုံးပါရမှာပေါ့"

"ဒါတွေက အယူအဆတွေပါ ဖေဖေရယ်၊ ယောက်ျားမနဲ့အတူမနေဘဲ အိမ်ခွဲနေတဲ့သူတွေ တပုံကြီးပါ"

"သမီးအစ်မတောင် လိုက်နေတာပဲ သမီးရယ်၊ ဟိုမှာ ညီအစ်မနှစ်ယောက် အဖော်တောင်ရပါသေးတယ်"

"လုံးဝမလိုက်နိုင်ဘူး ဖေဖေ၊ လတ် ဖေဖေတို့နဲ့ပဲနေမယ်၊ သူ ဒီမှာလာနေပစေ၊ မဟုတ်ရင်လည်း အိမ်ခွဲနေမယ်"

"အိမ်ခွဲနေလို့ ဘယ်ဖြစ်မလဲ သမီးရဲ့၊ မောင်သူရလတ်က ပညာတော်သင်သွားရဦးမှာ၊ သမီးတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

"ဒါဆို သမီး ဖေဖေတို့နဲ့ပဲနေမယ်"

နန်းလတ်က ခေါင်းမာသည်။ လုံးဝလိုက်မသွား။

ဦးမောင်ခင်လည်း အလိုမကျဖြစ်နေသည်။ ဒီချွေးမ အကြောမသေးပါလား။

သူငယ်ချင်းဖြစ်သူကို ပြောရပြီ။

"ခွန်သိုက် သူငယ်ချင်း ... မင်းသမီးလတ်ကို ကြည့်ပြောပြီးကွာ၊ ငါက ငါ့အိမ်မှာပဲခေါ်ထားချင်တာ၊ သားတွေက ငါ့



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းနဲ့အသားကျနေတာကွ၊ မင်းတို့အိမ်မှာလိုက်နေတာက အခ်ိပ္ပာယ်မရှိသလို အိမ်ခွဲပေးဖို့လည်း စိတ်မချဘူး”

“အေးပါကွာ၊ ဒါပေမဲ့ ငါ့သမီးတွေထဲမှာ အလတ်မက ခေါင်းမာဆုံးဆိုတော့ ပြောရခက်နေတာကွ၊ ငါချော့မော့ပြီး ပြောကြည့်ဦးမယ်ကွာ”

သို့သော် နန်းလတ်က ချော့မရချောက်မရ။ ခေါင်းမာလွန်းတာမို့ သူရလတ်က သူ့အိမ်မှာ အတိုက်အခံလုပ်ကာ နန်းလတ်ဆီသို့ ရောက်လာခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဒီပြဿနာကြောင့် တည်ဆောက်ပြီး ကာစဘဝတစ်ခုကို မပွန်းပဲ့ချင်ဘူး။

ပြီးတော့ သူရလတ်က နန်းလတ်ကိုချစ်တယ်လေ။ လူကြီးတွေ သဘောတူလို့ ယူကြတာဖြစ်ပေမယ့် သူ နန်းလတ်ကို တွေ့တွေ့ချင်း သဘောကျခဲ့သည်။

ပညာတော်သင်ကို စိတ်လွတ်ကိုယ်လွတ် သွားချင်လို့ မင်္ဂလာပွဲကို ရွှေ့စေချင်တာကတစ်ကဏ္ဍ။

နန်းလတ်ကိုချစ်တာက သတ်သတ်ပါ။

ပြီးတော့ သူသွားတဲ့အချိန်ကျရင် နန်းလတ်တစ်ယောက်တည်း သူ့အိမ်မှာ ကျန်ရစ်ခဲ့မည်။





ထိုအခါ နန်းလတ် စိတ်ညစ်ရလိမ့်မည်။

ဒီတော့ သူပဲ နန်းလတ်အိမ်မှာ လိုက်နေလိုက်တာ အဆင်ပြေသည်။ ဖေဖေကတော့ ဒေါသဒီဂရီအပြည့်ဖြင့် ကျန်ရစ်ခဲ့လေရဲ့။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ခင် ခုတလော ဒေါသတွေထွက်နေသည်။ ခုတလောမှမဟုတ်ပါ။ သားလတ် အိမ်ကထွက်သွားကတည်းက ဒေါသထွက်နေတာ။ ခုဆို ခြောက်လခန့်ရှိပြီ။ သားလတ်တောင် ပညာတော်သင်ထွက်သွားပြီ။

ချွေးမအလတ်ကိုလည်း ဒေါသထွက်သည်။ ခုချိန်ထိ မိမိအိမ်ကို တစ်ခေါက်မလာ။

ရိုသေဂါရဝဆိုတာဝေး။

ခမည်းခမက်တွေကလည်း အားနာတယ်စကားတစ်ခွန်းပဲပြောကာ ချွေးမကို လာပို့ဖော်မရ။

"ဆရာ"

"ဘာလဲ"

"အမယ်လေး"





သူ ဒေါသအတွေးတွေနှင့် အော်ထုးလိုက်သဖြင့် ရုံးကစာရေးမလေး လန့်သွားပုံရသည်။ သူ့ကိုကြောက်ကြောက်ရွံ့ရွံ့ကြည့်နေသဖြင့် ...

"ဘာလဲပြော"

"ပြင် ... ပဋ္ဌ ... ပဋ္ဌလက် နေ့တစ်ဝက်ခွင့်ယူချင်လို့ပါ"

"ဘာ ... ခွင့်၊ ညည်းက ဘယ်ရည်းစားနဲ့ လျှောက်တွေ့ဖို့ ခွင့်ယူမှာတုံး"

အဲဒီလို ရိုက်ပေါက်တွေ ပြောတတ်တဲ့ ဦးမောင်ခင်ပါ။

"မဟုတ်ပါဘူး ဆရာ၊ ပဋ္ဌလက်အမေ ဆေးရုံတင်ရတယ်လို့ ဖုန်းဆက်လာလို့ပါ"

"ဆေးရုံ ညည်းခွင့်ယူချင်တာနဲ့ မအေကို ဆေးရုံမပို့ပါနဲ့အေ"

"တကယ်ပါ ဆရာ၊ ဆရာမယုံရင် လိုက်ကြည့်ပါ"

"ညည်းအမေက ဘာဖြစ်တာလဲ"

"သွေးတိုးတာတဲ့ဆရာ"

"အစားအသောက်မဆင်ခြင်လို့နေမှာပေါ့၊ ခက်တယ် လူတွေက တယ်လျှာအရသာခံတာပဲ"

"ဟုတ်ကဲ့ ဆရာ၊ ပဋ္ဌလက်ကို ခွင့်ပေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအမေက ဘယ်ဆေးရုံမှာတုံး"

"ဆေးရုံကြီးမှာပါ ဆရာ"

"အေး ... ဒါဆို ငါလည်း မြို့ထဲသွားစရာရှိတယ်၊ ညည်းကို ငါ မြို့ထဲချပေးခဲ့မယ်၊ ငါ့ကားနဲ့လိုက်ခဲ့ပေါ့"

"ဟုတ်ကဲ့ ဆရာ"

ပဋ္ဌလက် သိသားပဲ။ ဆရာ ပဋ္ဌလက်ကို မယုံလို့ လိုက်ကြည့်တယ်ဆိုတာ။ ဟွန်း ... ဆရာလိုလူလား လွယ်လွယ်ကူကူခွင့်ပေးမှာ။

တကယ်မဟုတ်ဘဲ ခွင့်ယူလို့ကတော့ နောက်နေ့ အလုပ်ပြုတ်ပြီသာမှတ်။

ပဋ္ဌလက်ကတော့ တကယ်ဖြစ်တာမို့ တကယ်ခွင့်ယူတာပါ။ ဆရာ လိုက်ကြည့်လည်းကြည့်ပေါ့။

ဆရာ့ကားကို တော်ရုံတန်ရုံ စီးခွင့်ရတာမဟုတ်။ ဆရာက ကျန်တဲ့နေရာတွေမှာသာ ကပ်စေး။ ကားကိုတော့ အကောင်းစားစီးပါသည်။

"ဆရာ့ကားကြီးစီးရတာ ကောင်းလိုက်တာ၊ ဆရာ လမ်းကြုံခေါ်လို့ ဒီလိုကားမျိုးစီးဖူးတာ၊ ကျေးဇူးတင်ပါတယ် ဆရာ"





ဆရာက မိန့်မိန့်ကြီးပြုံး၏။ သိတာပေါ့။ ဆရာ အမြော်အမြင်ကြီးကြီးတတ်တာကို။

ဆေးရုံရောက်တော့ ဆရာက အမေ့ကို လိုက်ကြည့်သေးတာ။ တကယ်ဖြစ်တာတွေမှ မကောင်းတတ်လို့လားမသိပါဘူး။ ထောင်တန်ငါးရွက် ကိုသိုလ်ပြုသွားလေရဲ့၊ ငါးထောင်တန်တော့မဟုတ်ပါဘူး။ တစ်ထောင်တန်။

ဘာပဲဖြစ်ဖြစ် ဆရာ့အိတ်ထဲက တစ်ကျပ်ထွက်ဖို့တောင် လွယ်တာမဟုတ်။ ဆရာပေးတဲ့ ငါးထောင်က ဒီခေတ်မှာ ဘာမှသုံးလို့မရပေမယ့် ဒီလိုပေးသွားတာကကို တော်တော်ရက်ရောရာကျနေပြီ။

နောက်နေ့ ပဋ္ဌလက် ရုံးသွားတော့ ...

"ညည်းအမေ သက်သာလား"

"ဆရာ လိုက်ကြည့်ပေးလို့လားမသိဘူး၊ အမေ တော်တော်အားရှိသွားတယ်ထင်တယ် ဆရာ၊ တော်တော်သက်သာလာပြီ"

"အေး အေး ... ဝမ်းသာတယ်၊ ကဲ ... ညည်းလုပ်စရာရှိတာလုပ်"



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စလက် အလုပ်ထဲမှာ ဘယ်သူမှ တာဝန်မပေးတဲ့ တာဝန် ယူထားတာရှိတယ်။

အဲဒါတွေကတော့ အတွင်းရေးမှူးမရှိတဲ့ ဆရာ့ကို ဂရုစိုက်ပေးတာပါပဲ။

ဆရာ့ကို ကော်ဖီဖျော်ပေးရသည်။

ဆရာ့ကို ထမင်းခူးကျွေးရသည်။

ဆရာ့ရုံးခန်းကို ဖုန်တစ်စက်မရှိစေရ။

ဆရာ့စားပွဲပေါ်မှာ ပွစိမနေစေရ။

ပြီးတော့ ဆရာ့စားပွဲပေါ်မှာ နှင်းဆီသုံးပွင့်ကို အမြဲလန်းဆန်းနေစေသေးသည်။

ကြာလာတော့ ဦးမောင်ခင်က မှတ်ချက်ချလာသည်။

"ပဥ္စလက်က သွက်သွက်လက်လက် ချက်ချက်ချာချာရှိသာ။ မဆိုးဘူး၊ လစာတိုးပေးရမယ်"

ပဥ္စလက်ကတော့ ဦးမောင်ခင် အရိပ်မြင်လိုက်တာနဲ့ ပျာယာခတ်နေတာပါ။

ပဥ္စလက် ... ပဥ္စလက်နဲ့ ပါးစပ်ဖျားကမချနိုင်တော့တာ ဦးမောင်ခင်ပါ။

"ပဥ္စလက်"





"ရှင် ဆရာ"

"ဘာလို့ နှင်းဆီဖြူတွေချည်းထိုးတာတုံး"

"ဘာလို့လဲ ဆရာမကြိုက်လို့လား၊ ပန်းဖြူဆိုတာ ရိုးသားတယ်ဆိုတဲ့အဓိပ္ပာယ်ပါ ဆရာ၊ ပြီးတော့ နှင်းဆီရနံ့လေးကလည်း သင်းလို့ပါ"

♥ ❀ ♥



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

"ပြော ပဥ္စလက်"

"ဒီနေ့ ပဥ္စလက်မွေးနေ့ပါ ဆရာ၊ ဆရာ့အတွက် နို့စိမ်းခေါက်ဆွဲယူလာတယ်"

"ဟော ... ကောင်းတာပေါ့"

"အမှန်တော့ အိမ်မှာက အုန်းနို့ခေါက်ဆွဲချက်တာ ဆရာ၊ ဒါပေမဲ့ ပဥ္စလက်က ဆရာ သွေးတိုးရှိနေမှာစိုးလို့ နို့စိမ်းခေါက်ဆွဲ သီးသန့်ချက်လာတာ"

"တော်တယ် ပဥ္စလက်၊ ဟုတ်တယ် ဆရာ့မှာ သွေးတိုးရှိတယ်"

ထိုနေ့ကစားရတဲ့ နို့စိမ်းခေါက်ဆွဲဟာ သူစားဖြစ်သမျှထဲမှာ အရသာအရှိဆုံးလို့ ထင်သွားမိတယ်။



"ငါ့မှာသာ သားလေးယောက်ရှိရင် ညည်းကို ချွေးမတော်ဖြစ်မယ်ထင်တယ်"

"ပဥ္စလက်က ဆရာ့ချွေးမ မဖြစ်ချင်ဝါဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာ့ချွေးမဆိုရင် ဆရာ့သားကိုပဲ ဦးစားပေးပြုစုနေရမှာပေါ့၊ ဆရာ့ကို ဘယ်ဦးစားပေးနိုင်ပါ့မလဲ"

"ဟော"

ဦးမောင်ခင် စဉ်းစားပြီ။ ဒီကောင်မလေး ဘာကိုဆိုသိတာလဲ။ ပဥ္စလက်က အရိုးခံမျက်နှာလေးနှင့် ဆက်ပြောသည်။

"ပဥ္စလက်က ဆရာ့သမီးဖြစ်ချင်တာ"

"အေး အေး ... ငါ ညည်းကိုမွေးစားမယ်"

ခုမှ ဦးမောင်ခင် ဘဝင်ကျသွားသည်။ ပြီးတော့ ပဥ္စလက်အပြောကိုလည်း ပစ်ကျသွား၏။

သူက သားသုံးယောက်မွေးထားတာမို့လား။ သားသွားဆိုတာက သမီးတစ်ယောက်လိုတော့ ချွဲချွဲနွဲ့နွဲ့ ဘယ်ရှိပါ့မလဲ။

ပဥ္စလက်က ဦးမောင်ခင်ဆီ တိုးဝင်ပြီးရင်း တိုးဝင်နေလေရဲ့။ ပိုက်ကွန်ဆိုတာ သားကောင်ကို သနားရိုးထုံးစံမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ ...

ပဥ္စလက်ဟာ ဦးမောင်ခင်ရဲ့ အတွင်းရေးမှူးနီးနီးဖြစ်လာ၏။ စက်ကြောတက်ရင် နှိပ်ပေးဖို့ ဝန်မလေးတတ်တဲ့ ပဥ္စလက်ကို ဦးမောင်ခင်က သဘောကျပြီးရင်းသဘောကျလာ၏။

ဦးမောင်ခင် အပြင်သွားတိုင်း ပဥ္စလက်ပါတတ်လာ၏။ ပဥ္စလက်ကျန်ခဲ့ရင်တောင် ဖုန်းလှမ်းဆက်တတ်လာ၏။

တွန့်တိုစေးနဲလှတဲ့ ဦးမောင်ခင်ဟာ ပဥ္စလက် စားချင်လှချည်ရဲ့ဆိုသော ရေခဲမုန့်ကို အပြင်ထွက်တိုင်း ဝယ်ကျွေးတတ်လာ၏။ တုန်တုန်ချည့်ချည့်နဲ့ပေါ့လေ။

ဒီနေ့လည်း ပဥ္စလက်က ...

"ဆရာ ညကျရင် မျှော်စင်ကျွန်းမှာ Free Show ရှိတယ် သိလား၊ အဲဒါ ပဥ္စလက် သွားကြည့်မှာ၊ အိမ်နားကသူငယ်ချင်းတွေနဲ့"





"Free Show ဆိုတော့ ကောင်းပါတယ်၊ ပိုက်ဆံမကုန်တော့ဘူးပေါ့၊ ဒါပေမဲ့ ညဘက်သွားတာတော့ မကောင်းဘူး"

"ဟွန်း ... ရှိုးပွဲက ညဘက်ပဲရှိတာကိုး ဆရာရဲ့"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ နေဦး ညည်းက ဘယ်သူနဲ့သွားမှာတုံး"

"အိမ်ဘေးက နီထွေးနဲ့ပေါ့"

"ဟာ ... မိန်းကလေးနှစ်ယောက်တည်း ဘယ်သင့်တော်မလဲ၊ ညည်းမှာ အစ်ကိုတွေမောင်တွေ မရှိဘူးလား"

"ဆရာကလည်း ပဥ္စလက်က တစ်ဦးတည်းသောသမီးပါဆို"

"ဟုတ်ပါပြီ ဝမ်းကွဲတွေပြောတာ"

"သူတို့လား လိုက်ပို့မှာ၊ သူတို့က သူတို့ကောင်မလေးတွေကိုပဲလိုက်ပို့တာ ဆရာရဲ့"

"ခက်သားကွာ၊ ဒါဆိုရင်တော့ ညည်းတို့မသွားသင့်ဘူး"

"ဒါဆို ပဥ္စလက်တစ်သက် ရှိုးပွဲကြည့်ဖူးမှာမဟုတ်ဘူး"

"ညည်းကလည်း Live Show ခွေတွေထွက်နေတာ၊ ဝယ်ကြည့်ပေါ့"

"ခက်ပြီ"

"ဆရာက ဘာလို့တားနေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးနှစ်ယောက်တည်း မတော်လို့ပေါ့"

"အဲဒါဆို ဆရာ လိုက်ပို့ပေးပေါ့"

"ဟော ..."

ပန္နလက်မျက်နှာကို ကြည့်လိုက်တော့လည်း အရိုးခံပါပဲ။

"ဟုတ်တယ်လေ၊ ဆရာလည်း ရှိုးပွဲမကြည့်ဖူးဘူးမို့လား၊ ဆရာ လိုက်ခဲ့ပါကွာ"

"ဟော ... ငါလည်း ဒီပွဲတွေကြည့်လို့ မသင့်ဘူးထင်တယ်ဟ၊ တော်ကြာ ငါကပ်စေးနဲ့ပြီး Free Show ကြည့်တယ်ထင်ဦးမယ်"

"ဒါဆို ဆရာ Sedona မှာလုပ်တဲ့ Show ကို လိုက်ပြပါလား၊ ဆရာလည်း ကြည့်ဖူး၊ ပန္နလက်လည်း ဆရာနဲ့ကြည့်တာဆိုတော့ မသင့်တော်မဖြစ်တော့ဘူးပေါ့ ဆရာရယ်နော်"

"ဟော ... ဆီဒိုးနား၊ အမယ်လေး ... အခွေပဲကြည့်လိုက်စမ်းပါ ပန္နလက်ရယ်၊ ညည်းကို ငါ အခွေပဲ ဝယ်ပေးတော့မယ်"

"ဆရာ"

"ကဲ ... တော်ပြီ၊ အခွေဝယ်ပေးမယ်၊ Free Show လည်း မကြည့်နဲ့ ဆီဒိုးနားလည်း မစဉ်းစားနဲ့"





အဲဒီလိုနဲ့ DVD သုံးချပ်စာလောက် ပိုက်ဆံတွေ ဆောင်ပံတပ်ကာ ပြေးထွက်သွားပြန်တယ်။

ပိုက်ကွန်အောက်မှာ ပျော်နေရှာတဲ့ခွားကောင်းဘဝ ကသနွားစရာ။ မာယာတွေထဲမှာ ကြောက်စရာအကောင်းဆုံးက မိန်းမမာယာ။

♥ ❀ ♥



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ မနက်ဖြန် ဆရာ့မွေးနေ့မို့လား"

"ဟော ... ညည်း ဘယ်လိုသိပြန်ပလဲ"

"သိတာပေါ့၊ ဆရာ့မှတ်ပုံတင်ထဲကတွေ့လို့ မှတ်ထားတာ"

"အေး ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါကို ညည်း အခုပြောမှ သိရတယ်"

"ကြည့်ပါဦး၊ ဆရာ့ဇနီးက သတိမပေးဘူးလား"

"ဆရာတို့မိသားစုက မွေးနေ့ကို အထူးတလည်မလုပ်ကြတော့ အမှတ်တမဲ့ပဲ ဖြတ်ကျော်သွားတာများပါတယ်"

"သြော် ... ဆရာရယ်၊ မွေးနေ့ဆိုတာ အမှတ်တမဲ့ မဖြတ်ကျော်သင့်တဲ့မှတ်တိုင် ဆရာရဲ့၊ သြော် ... ငါ အသက်တစ်နှစ်ကြီးသွားပြန်ပြီဆိုတာကို ပြန်ဆင်ခြင်ဖို့၊ ပြီးတော့ ဒီတစ်နှစ်အတွင်း ငါ ဘာတွေလုပ်ခဲ့လဲ၊ ကောင်းတာတွေ ဘယ်လောက်လုပ်ခဲ့လဲ၊ မကောင်းတာ မဟုတ်တာတွေရော ဘယ်လောက်





လုပ်ခဲ့လဲဆိုတာတွေ ပြန်ဆင်ခြင်ဖို့ မွေးနေ့ဆိုတာ သတိတရနဲ့ကို ဖြတ်ကျော်သင့်တဲ့နေ့ပဲ ဆရာရဲ့"

"ညည်းပြောသလိုဆိုတော့လည်း ဟုတ်သလိုပဲ"

"ဟုတ်သလိုပဲမဟုတ်ဘူး၊ ဟုတ်ကိုဟုတ်တာ ဆရာ၊ အဲဒီတော့ ဒီနှစ် ဆရာ့မွေးနေ့ မနက်စောစော ဇနီးဖြစ်သူနဲ့ ဘုရားသွား၊ ကောင်းမှုကုသိုလ်တွေလုပ်၊ ပြီးတော့ ပဋ္ဌလက်ပြောသလို ပြန်ဆင်ခြင်လိုက်"

"ညည်းက ဆရာလား ငါက ဆရာလား"

"ဆရာက အမြဲတမ်း ဆရာပါပဲ ဆရာရယ်"

"ဟင်း ... စကားကတတ်ပါ့"

"သြော် ... ဆရာ၊ ဆရာ့မွေးနေ့မှာ ကုသိုလ်ပြုတဲ့အနေနဲ့ ပဋ္ဌလက်ကို မုန့်လိုက်ကျွေးဖို့တော့ မမေ့နဲ့နော်"

ဆရာ ပြုံးပြုံးကြီး မျက်နှာလွှဲသွား၏။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ဘုရားသွားရအောင်ဆိုတော့ ချိုက အံ့သြနေသည်။ သို့သော် ဘာမှတော့ မပြော။ ဘာမှလဲ မမေးဘဲ ခေါင်းညိတ်သည်။

ချို့ရဲ့အေးစက်မှုအတွင်း သူ မချင့်မရဲဖြစ်မိသည်။ မေးပါတော့လား။ ဘာလို့ ဘုရားသွားတာလဲ။ သူ့မွေးနေ့ကိုတော့ သတိရပုံမရပါ။ ပဥ္စလက်ကမှ သူ့မွေးနေ့ကို သတိပေးဖော်ရသေးသည်။

ပဥ္စလက်က တစ်ခုခုကို သူ့ကို ပြန်မေးနေကြ။ သူ့အပေါ် စိတ်ဝင်တစားရှိသည်။ ချိုက ထိုသို့မဟုတ်။ ကျောက်ရုပ်။

ဘုရားသွားကာနီး ကားပေါ်တက်တော့ သူက မေးသည်။

"ချို"

"ရှင် အစ်ကို"





"ဒီနေ့ ဘာနေ့လဲ သိလား"

"ဘာနေ့လဲ အစ်ကို၊ ချို အမှတ်တမဲ့ပဲ"

"ကောင်းတယ်၊ မင်းအမှတ်ရတာ ဘာမှ မရှိဘူး"

ထုံးစံအတိုင်း ချို့ကို အပြစ်တင်မိသည်။ ချိုကတော့ သူ အပြစ်တင်လည်း မငြိုငြင်။ ပဥ္စလက်ကို အပြစ်တစ်ခုပြောရင် ဆင်ခြေဆင်လက်မျိုးစုံနဲ့ သူ့မ မှန်ကြောင်း ခြေကန်ငြင်းမှာ။

ကြည့်စမ်း ... သူ ဘာလို့ ပဥ္စလက်ကို နှိုင်းယှဉ်မိပါလိမ့်။

သို့သော် ပဥ္စလက်က သူ့အတွင်းရေးမှူးပဲလေ။ ပဥ္စလက်ရဲ့ ချက်ချာမှုကို သူ သဘောကျတာပါဟု ကိုယ့်ကိုယ်ကိုယ် ပြန်နှစ်သိမ့်ရ၏။

ဘုရားမှာ ရေသပ္ပာယ်။ ဘုရားကန်တော့။ ပန်းတော့ မဝယ်လှူဖြစ်တော့ဘူး။ ပိုက်ဆံကုန်ပြီး ကုန်ရကျိုးမနပ်လို့ ဘယ့်နှယ် ပန်းကပ်မှမကပ်ရသေး။ ကိုယ်လှူထားတဲ့ပန်းအိုးပြည့်တာနဲ့ လာစွန့်သွားရော။ ထို့ကြောင့် ရေပဲသပ္ပာယ်ဖြစ်တယ်။ (အမှန်ကတော့ သူ စေးနှဲတာကို ဖုံးကွယ်မှုပြုတာပင်)

ဘုရားပေါ်ကဆင်းတော့ စာကလေးလွှတ်ဖို့ စဥ်းစားမိသေး၏။ ဒါပေမဲ့ မလွှတ်ဖြစ်လိုက်ပါဘူး။ ကိုယ်လွှတ်လိုက်

www.burmeseclassic.com



လည်း စာကလေးရောင်းတဲ့သူက ပြန်ဖမ်းဦးမှာပဲ။ လွှတ်မှာမှ မဟုတ်တာ။

အပြန်ကျတော့ ချိုက မေးပါ၏။

"အစ်ကို ဒီနေ့ ဘာနေ့မို့လို့လဲ"

"ငါ့မွေးနေ့"

"ဩော် ... အစ်ကို မွေးနေ့ကို တစ်ခါမှ မှတ်မှတ်ရရ မလုပ်တတ်လို့ ချိုလည်း အမှတ်တမဲ့ဖြစ်သွားတာ၊ နောက်ဆို ချို သတိထားပါ့မယ်"

"တော် ... ချို၊ မင်းက ပြောမှသိတာ၊ အလိုက်သိသိတော့ သတိပေးမယ်မရှိဘူး"

ထုံးစံအတိုင်း သူ အပြစ်တော့တင်လိုက်သေးတာပင်။ သို့သော် ချိုဆိုသော ကျောက်ရုပ်ကတော့ ဘယ်တော့မှ မတုန်လှုပ်တတ်ပါ။

ချိုနဲ့အတူ အိမ်ပြန်ပြီး ရုံးသွားဖို့ပြင်ဆင်ရင်း ပဥ္စလက်ဆီ ဖုန်းဆက်လိုက်သည်။

ပဥ္စလက်ကို ဖုန်းခေါ်ရတာမလွယ်ပါ။ ပဥ္စလက်တို့ အိမ်နားက PCO ဖုန်းကို ခေါ်ခိုင်းရတာပင်။

"ဟဲလို"





"ပဥ္စလက် ဆရာ အခု ညည်းကိုလာခေါ်မယ်၊ ညည်း အဆင်သင့်ဖြစ်ပြီလား"

"ဖြစ်ပါတယ် ဆရာ"

အဲဒီနေ့က မနက်စာကို ပဥ္စလက်နဲ့အတူ ဆိုင်မှာ စားဖြစ်တယ်။ ပဥ္စလက်က သူ့ကို သိုးမွေးဇေ့စ်ကုတ်တစ်ထည် လက်ဆောင်ပေးသည်။

"ပြင်ဦးလွင်က မှာထားတာလား"

"အထင်မသေးပါနဲ့ ဆရာရယ်၊ ဒါ ပဥ္စလက်ကိုယ်တိုင် ထိုးထားတာ"

"သိုးမွေးထိုးတတ်တယ်"

"မိန်းကလေးပဲ ဆရာရယ် တတ်တာဆန်းလို့လား"

"အရင်ခေတ်ကတော့ သိုးမွေးထိုးတတ်တာဟာ မိန်းကလေးတွေရဲ့ဖက်ရှင်ပဲ၊ ဒါပေမဲ့ ခုခေတ်ကျတော့ ညည်းတို့ဖက်ရှင်တွေက ပြောင်းသွားပြီ၊ LCCI လက်မှတ်တို့၊ MBA လက်မှတ်တို့ကို ကိုင်နိုင်ဖို့က ညည်းတို့အတွက် အရေးကြီးနေပြီ၊ ဒီခေတ်မှာ မိန်းကလေးတွေက သိုးမွေးထိုးဖို့ စိတ်မဝင်စားကြတော့ဘူးလေ"

"ဒါပေမဲ့ ပဥ္စလက်ကတော့ စိတ်ဝင်စားတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ညည်း စိတ်ဝင်စားရင် ကိုယ်တို့ရုံးခန်းထဲ
ပန်းအိုးတင်တဲ့စင်ပေါ်မှာ အုပ်ဖို့ သိုးမွေးပဝါလေးထိုးခဲ့
ဟုတ်ပြီလား"

"စိတ်ချ ဆရာ၊ အပွင့်လှလှလေးထိုးခဲ့မယ်"

ဦးမောင်ခင်အတွက်တော့ ပဒ္မလက်ရဲ့ အပြုအမူ
အတိုင်းဟာ သဘောကျစရာပဲ။

ဦးမောင်ခင်ရဲ့အိတ်ကပ်ထဲက ပဒ္မလက်အတွက်
ထွက်သွားတဲ့ ခြင်္သေ့လေးတွေကိုလည်း သိပ်မနှမြောမိသလို

"ဆရာ အခုက ဆောင်းတွင်းဝင်လာပြီဆိုတော့ အေး
လာပြီလေ၊ ဆရာ ချမ်းတတ်ရင်တော့ ပဒ္မလက်ရဲ့
ဆောင်က အသုံးဝင်မယ်ထင်တယ်"

"ဆရာ ဝတ်ဖြစ်မှာပါ ပဒ္မလက်ရယ်၊ ညည်း တကူး
ပေးထားတာပဲ"

ဦးမောင်ခင် ကတိပေးလိုက်သည်။ ပဒ္မလက်
ပဒ္မလက်ဆန်ဆန်ပြုံးလိုက်၏။

♥ ✿ ♥





တေကြီးက စကားဝါအုပ်စုက ဖွင့်ထားတဲ့ ဆေးရုံ
မှာ အထူးကုဆရာဝန်ကြီးအဖြစ် ထိုင်ပေးနေရသည်။

ဒါ တေကြီး လိုချင်တဲ့ဘဝမဟုတ်။ ဒီလိုဘဝကြီး
ဖြင့် ရတဲ့ပိုက်ဆံတွေကို သုံးနေရတာလည်း သူ မပျော်မိုက်။

သူ ကုချင်တာက ဆရာဝန်ရှားပါးတဲ့ အရပ်မှာ။

သူ ကုချင်တာက ဆေးဖိုးဝါးခ မတတ်နိုင်ရှာတဲ့
သူတွေကို။ ခုတော့ သူ့ရည်ရွယ်ချက်နဲ့သူ့အလုပ်က တခြားစီ
ဖြစ်နေ၏။

သူ စိတ်မပါဘဲလုပ်နေရင်၏။ သူ မလိုချင်တဲ့သူ
ကို ယူထားရ၏။ ကြာလာတော့ သူ ရှင်သန်နေရတာကိုပင်
မပျော်ပိုက်ချင်တော့။

မနန်းကြီးကတော့ သူ့ကို နားလည်ရှာပါသည်။
သူနေချင်သလိုနေ။ ဆိုးသည်ကောင်းသည် တစ်ချက်မငြေနိုပ်ါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်ရဲ့ တင်းကျပ်တဲ့စည်းကမ်းတွေကိုလည်း သည်းခံလိုက်နာနေပုံပဲ။ ဒီမိန်းမရဲ့ သည်းခံနိုင်စွမ်းကိုတော့ အံ့ဩ ရသည်။

အလတ်ကောင်မိန်းမဆို ခုချိန်ထိ သူတို့အိမ်မျ ခြေတစ်စက်မချပါ။ ထို့အတွက် ဖေဖေ တော်တော်ဒေါသထွက် ခဲ့သည်။

ဒါပေမဲ့ သူပေးစားတဲ့ ချွေးမက သူ့ကို ပြန်အာ တာမို့ ပေါ်တင်လည်း ဒေါသမထွက်ရဲ။ ထို့ပြင် သူရလတ်ကပါ သူ့မိန်းမအိမ်ကို လိုက်နေတော့ ဒေါသတွေက သူရလတ်အပေါ် စုပြုံကျရောက်သွားခဲ့သည်။

သူရလတ်ကတော့ နိုင်ငံခြားကို အေးအေးလူလူ ထွက်သွားခဲ့ပြီ။ ပြီးတော့ သူက သူ့မိန်းမကို ချစ်သတဲ့။

မိမိကတော့ မနန်းကြီးကို မချစ်နိုင်ပါ။ မိမိကြောင့် သေပွဲဝင်သွားရှာတဲ့ ချစ်ဦးသူညီမာကို လွမ်းလို့မဆုံးနိုင်သေးပါ။ ညီမာ့ကို မေ့ပစ်ပြီး မနန်းကြီးကို ချစ်ဖို့ဆိုတာ ဘယ်တော့မှဖြစ် မလာနိုင်မယ့် အိပ်မက်တစ်ခုပါပဲ။

♥ ☙ ♥



သူရလတ် ပြန်လာပြီ။ သို့သော် ဦးမောင်ခင်အိမ်ကို တော့ မဟုတ်။ သူ့မိန်းမရှိရာ နန်းလတ်တို့အိမ်ကို။

ထို့အတွက် ဦးမောင်ခင် ဒေါသတကြီးထွက်နေရပြီ။

"ချို မင်းသားကို ငါ့ဆီလာဖို့ခေါ်လိုက်စမ်း"

ချိုက သူရလတ်ကို ဖုန်းဆက်သည်။

"သား မင်းအဖေဆီလာလိုက်ဦး၊ မင်းအဖေ အရမ်းတင်းနေ တယ်"

"ဟုတ်ကဲ့ မေမေ လာမှာပါ၊ သား ခုမှ အိမ်ရောက်ပြီး ထမင်းစားနေတုန်းမို့လို့ပါ"

"အေးပါ သားရယ် မေမေ သိပါတယ်၊ ဒါပေမဲ့ မင်းအဖေ့ အကြောင်း သားလည်းသိသားနဲ့၊ ပြီးတော့ သားအဖေက သူလာကြိုတာတောင် သူနဲ့ အိမ်ကိုလိုက်မလာဘဲ မိန်းမ နောက်လိုက်သွားတော့ သားကို စိတ်ဆိုးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်ပါတယ် မေမေရယ်၊ ဒါပေမဲ့ သားက လူပျိုမဟုတ်တော့ဘူးလေ၊ သားက အိမ်ထောင်သည်ဖြစ်နေပြီ လေ၊ သားကိုယ်ပိုင်မိသားစုရှိနေပြီလေ"

"အေးပါ သားရယ်၊ မေမေက နားလည်ပေးနိုင်ပါတယ်"

"သားလည်း ဒီကိုခဏလိုက်လာတာပါ မေမေရယ်၊ အခု ထမင်းစားပြီးတာနဲ့ မေမေတို့အိမ်ကိုလာမှာပါ"

"အေးပါ သားရယ်၊ သားလာရင် သမီးကိုပါခေါ်ခဲ့နော်"

"ဟုတ်ကဲ့ပါ မေမေ"

သူရလတ်လာတော့ နန်းလတ်ပါ ပါလာသည်။ ဒါဟာ နန်းလတ် သူတို့အိမ်ကို ပထမဆုံးလာဖူးတာပင်။

သူတို့ရောက်တာနှင့် ...

"သူရလတ် မင်းပြန်ရောက်လာပြီဆိုတော့ မင်းတို့ ဒီကို ပြောင်းခဲ့ကြတော့"

သူရလတ်က ...

"ဖေဖေ သားတို့ ဟိုမှာပဲနေလိုက်တော့မယ်၊ ဒီမှာ ကိုကြီးတို့လင်မယားနေတယ်ဆိုတော့ သားတို့က ဟိုမှာနေလိုက်တာ ကောင်းမယ်၊ ပြီးတော့ ဟိုမှာကလည်း သားယောက်ျားလေးမရှိတော့ သားနေပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်"



"မင်း ဘာဆင်ခြင်မှုမပေးနဲ့ ငါ ခွန်သိုက်ကို ပြောပြီးသား၊ မင်းတို့ အမြန်ဆုံးရွှေ့ခဲ့တော့"

နန်းလတ်ကတော့ ဘာမှ ဝင်မပြော။ မပြောဘူးလေ။ ပြောစရာလည်း မလိုဘူး။ သူတို့သားအဖ သူတို့ဘာသာညှိပစေ။ နန်းလတ်ကို လာမေးရင်တော့ ဖြေလိုက်မယ်။ နန်းလတ် ဘယ်ဘာမှ သူတို့အိမ်ကို ပြောင်းလာမှာမဟုတ်ဘူးလို့။

"ဖေဖေ သားတို့ ဟိုမှာပဲနေပါရစေ"

"ငါ့အိမ်က ဘာဖြစ်နေလို့လဲ သူရလတ်၊ ဒါ မင်းမွေးကတည်းကနေလာတဲ့အိမ်ပါ"

"ဟုတ်ပါတယ် ဖေဖေ၊ ဒါပေမဲ့ သားက အခု အိမ်ထောင်ကျနေပြီလေ၊ သားကို ဖေဖေတို့က ဆိုင်ရုံပဲဆိုင်တော့တာ၊ မပိုင်တော့ဘူးလေ၊ ဖေဖေလည်း ဖေဖေ့မိသားစုကို လွတ်လပ်စွာတည်ဆောက်ခဲ့သလို သားလည်း သားပိုင်တဲ့မိသားစုဘဝကို လွတ်လပ်စွာနဲ့ အလှပဆုံး၊ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပါရစေ"

"ဒါ အတောင်အလက်စုံလို့ပြောတဲ့စကားလား သူရလတ်"

"မဟုတ်ဘူး ဖေဖေ၊ အထင်မလွဲပါနဲ့၊ သားဆိုလိုတာက သား အိမ်ထောင်သည်ဖြစ်နေပြီ၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးပါလို့ တောင်းပန်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံး ငါ့အထိန်းအသိမ်းအောက်မှာနေလာခဲ့တဲ့ မင်းက ဘယ်လိုလုပ်ပြီး မိသားစုတစ်ခုကို ဦးဆောင်နိုင် မလဲ၊ ငါဘယ်လိုစိတ်ချရမလဲ၊ ပြီးတော့ ငါ့လက်အောက် က လွတ်တာနဲ့ မင်းတို့ စည်းမရှိကမ်းမရှိနေကြတော့မယ်"

"အဲဒါကတော့ ဖေဖေရယ်၊ ဘယ်သူမှ မွေးကတည်းက စကားမပြောတတ်၊ လမ်းမလျှောက်တတ်သေးပါဘူး၊ အခု သား လမ်းလျှောက်သင်ပါရစေ၊ သားဘာသာသား ဖြိုဖြို လဲလဲ တစ်နေ့တော့ လျှောက်တတ်မှာပါ ဖေဖေ၊ ပြီးတော့ သား အခု အသက်ပြည့်နေပြီ ဖေဖေ၊ စဉ်းစားတတ်ပြီလို့ ထင်တာပဲ၊ စည်းကမ်းဆိုတာကတော့ ဖေဖေသတ်မှတ်တာ နဲ့ သားသတ်မှတ်တာ တူချင်မှတူမယ်"

"မင်း အာခံနေတာလား သူရလတ်"

"မဟုတ်ပါဘူး ဖေဖေ၊ သား အကျိုးအကြောင်းပြောပြ နေတာပါ"

"ပြောစမ်းပါဦးကွ၊ မင်းသတ်မှတ်တဲ့ စည်းကမ်းဆိုတာ"

"သားကတော့ လုပ်သင့်လုပ်ထိုက်တာကို အပြည့်အဝ လုပ်ပြီး မလုပ်သင့်မလုပ်ထိုက်တာကို လုံးဝ မလုပ်တာကို စည်းကမ်းလို့ သတ်မှတ်တယ် ဖေဖေ"





ချွေးမရှေ့မှာ သားဖြစ်သူက သူ့ကို ပြန်ပြောနေတဲ့ အတွက် ဦးမောင်ခင် ပိုပြီးစိတ်ဆိုးနေသည်။ သားဖြစ်သူပြော သမျှ သူ့နားထဲမဝင်ပါ။ သား့ကို အထင်လည်းမကြီးပါ။ တစ် သက်လုံး သူတတ်သူမှန်ခဲ့သလို တစ်မိသားစုလုံးကလည်း စိတ် ပါပါ မပါပါ တစ်သက်လုံး သူ့စကားနားထောင်လာခဲ့ကြပြီး ခုမှ သားလတ်က သူ့ကို ဆင်ခြေတက်နေသည်ဟုပဲ သူ ထင် နေသည်။

ထိုနေ့ကစပြီး သူ သားလတ်ကို စကားမပြောတော့ သလို ချွေးမလတ်ကိုလည်း တော်တော်မုန်းသွားသည်။ ချွေးမဖြစ် သူ သွေးထိုးလို့သာ သားဖြစ်သူ ခုလိုပြောင်းလဲသွားတာဟု သူ သတ်မှတ်ကာ ...။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး မင်း စဉ်းစားကြည့်ကွာ၊ ငါမှားလား"

"မမှားဘူး၊ မင်းဖေဖေနဲ့ အတူနေရင် မင်းနဲ့ နန်းလတ်ရဲ့ အိမ်ထောင်ရေး အဆင်ပြေမှာမဟုတ်ဘူး"

"ဟုတ်တယ်၊ ကျွန်တော် အဲဒါကြောင့် လာမနေတော့တာ၊ ကျွန်တော်က လာနေမယ်လို့ ဆုံးဖြတ်လည်း နန်းလတ်က လိုက်မှာမဟုတ်ဘူး"

"မင်း မှန်ပါတယ်၊ တကယ်တော့ မိဘနဲ့သားသမီးဆိုပေမယ့်လည်း လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း စရိုက်ချင်းမှမတူတာ၊ ဒါကို ညှိကြရမှာ၊ ဖေဖေက နားလည်မပေးဘူး၊ သူဖြစ်ချင်တာကို ဖွတ်၊ ပြီးတော့ လက်ထပ်ပြီး ယောက္ခမအိမ်လိုက်နေတာတို့၊ အိမ်ခွဲနေတာတို့ဆိုတာတွေက ဖြစ်ရိုးဖြစ်စဉ်ပဲ၊ ပြီးတော့ အိမ်ခွဲနေတာက ပိုတောင်





ဖြစ်သင့်သေးတယ်၊ ဘဝတစ်ခုကို သူစိမ်းနှစ်ယောက် အတူတွဲပြီးတည်ဆောက်တဲ့နေရာမှာ အဲဒီမိသားစုက မွေးဖွားလာတဲ့ သူစိမ်းနှစ်ယောက်တောင် သူတို့အချင်းချင်း ဈော့တော့်ညှိရဦးမှာ၊ ဖြစ်နိုင်ရင် အိမ်ခွဲနေတာ အကောင်းဆုံးပဲ"

"ကိုကြီး"

"ပြော အလတ်ကောင်"

"နန်းကြီးကိစ္စလား"

"မမကြီးလည်း အိမ်မှာနေရမှာ စိတ်ညစ်မှာပဲ၊ ကိုကြီးကပါ ထပ်ပြီး ဥပေက္ခာပြုနေတာ မကောင်းဘူးထင်တယ်၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မမကြီးက ကိုကြီးကို အားကိုးပြီးလာနေရတာလေ"

"သူ ဒီလိုရင်ဆိုင်ရမယ်ဆိုတာ သူ ကြိုသိထားပါတယ်ကွာ"

"သိတော့သိတာပေါ့ ကိုကြီးရာ၊ ဘာပဲဖြစ်ဖြစ် မညီမာက လည်း ရှိတော့တာမှမဟုတ်တာ၊ မရှိတော့တာအတွက် ခံစားနေတာထက် လက်ရှိဘဝကို ပိုပြီးနေချင်စဖွယ်ဖြစ်အောင် ကြိုးစားသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါသိတယ် အလတ်ကောင်၊ ဒါပေမဲ့ မလုပ်နိုင်ဘူး ဖြစ်နေတာ၊ ရှင်းရှင်းပြောရရင် ညီ သက်ရှိထင်ရှားရှိနေသေးရင်တောင် ငါ ဖြေသာမှာ၊ ငါ့မိသားစုဘဝကို ကောင်းကောင်းတည်ဆောက်နိုင်မှာ၊ ခုက ညီ ငါကြောင့် ..."

"ဟုတ်ပါတယ် ကိုကြီး ခံစားရမှာပါ၊ ဒါပေမဲ့ဗျာ မမကြီးက အပြစ်မှမရှိတာ၊ အပြစ်မရှိတဲ့သူအပေါ် မှားပြီး ပြစ်ဒဏ်ချမိရင် ဘယ့်တရားပါ့မလဲ၊ ကိုကြီးတို့အိမ်ထောင်ရေးကို ပျော်ရွှင်သာယာစေချင်တယ်"

"ငါ ကြိုးစားပါ့မယ်ကွာ"

"ကိုကြီးတော့မသိဘူး၊ အငယ်ကောင်နဲ့ နန်းငယ်လေးကိစ္စကျရင်တော့ ပြဿနာတွေ တက်မယ်ထင်တယ်"

"အေးကွာ၊ ငါလည်း သူတို့ကို မယူစေချင်တော့ဘူး"

"ဟုတ်တယ်၊ ငါ မေမေ့ကိုလည်း သနားတယ်၊ ဒါပေမဲ့ မေမေကတော့ ပျော်နေပုံပဲ"

"ဖေဖေမှာ ကျွန်တော်တို့မသိနိုင်တဲ့ အတိတ်များရှိနေလို့လား ကိုကြီး"

"မေမေကတော့ သိမှာပေါ့ကွာ"





သူတို့ညီအစ်ကိုတွေ ဖေဖေ့ကို ဒဿနဖွင့်ဆိုနေကြသည်။

တစ်ခါတစ်ရံမှာ သူတို့ ဖေဖေ့ကို တော်တော်ကြီးနားမလည်နိုင်ကြဘူးလေ။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"စိတ်လျှော့လိုက်ပါ ဆရာရယ်၊ ဆရာ စိတ်တိုနေလို့လည်း သူတို့က ပြောင်းလာမှာမှ မဟုတ်တာ၊ ဆရာ စိတ်ပင်ပန်း ရုံပဲလေ"

"မဟုတ်ဘူး ပဋ္ဌလက်၊ ငါ တော်တော်ဒေါသဖြစ်နေတာ။ သူနဲ့ မပေးစားခင်က ငါ့သားက ငါ့စကားတစ်ခွန်းပဲ၊ ခုမှ မ,ဘက်လိုက်ပြီး မိုက်ဘက်ပါနေတာ"

"အဲလိုလည်း မတွေးပါနဲ့ ဆရာရယ်၊ သားနဲ့ပတ်သက် လာမှတော့ ကိုယ့်သမီးပေါ့၊ ပြီးတော့ ဆရာကိုယ်တိုင် သဘောတူပြီး ပေးစားထားတဲ့ ချွေးမလေ ဆရာရဲ့"

"အဲဒါကြောင့် ပိုစိတ်တိုတာ"

"ကဲပါ စိတ်တိုနေတဲ့အချိန်မှာ နွားနို့ပူပူလေးသောက်လိုက် ရင် ဒေါသပြေတယ်တဲ့၊ နွားနို့လေးသောက်လိုက်ပါဦး ဆရာရယ်၊ ပူပူလေးမှုတ်သောက်လိုက်၊ နွားနို့ရဲ့အချို ဓာတ်တွေ စိမ့်ဝင်ပြီး ဆရာ ဒေါသပြေသွားလိမ့်မယ်"





ဟုတ်မဟုတ်တော့ သူမသိ။ ပဋ္ဌလက်တိုက်သော နွားနို့ကို သောက်လိုက်သည်။

"ပဋ္ဌလက် ညည်းတော်တော်သိတတ်တယ်၊ အင်း ... ငါ့သားလတ်ရဲ့ဇနီးသာ မင်းလို သိတတ်လိုမ္မာရင် ဘယ် လောက်ကောင်းလိုက်မလဲ"

"ဒါကတော့ ဆရာရယ်၊ လူချင်းမှမတူတာ၊ မူချင်လည်း ဘယ်တူမှာလဲ၊ အဲဒါတွေကို နားလည်မပေးနိုင်သရွေ့ ဆရာ စိတ်ပင်ပန်းလိမ့်မယ်၊ လက်ညှိုးထောင်ခေါင်းညိတ် ဆိုတာက ကိုယ်မွေးထားတဲ့ သားသမီးကိုသာ ပြောလို့ရ မှာပေါ့ ဆရာရယ်၊ ချွေးမဆိုတာက ကိုယ်မပိုင်ဘူးလေ၊ သူ့ကိုမွေးထုတ်ထားတဲ့ သူ့မိဘရှိတယ်၊ ပြီးတော့ မြန်မာ လူမျိုးဆိုတာက လွတ်လပ်ပြီး ယဉ်ကျေးမှုရှိတဲ့ လူမျိုးလေ ဆရာ၊ ချွေးမဆိုတာနဲ့ မီးဖိုချောင်ထဲပို့တဲ့ခေတ်က ကျန်ခဲ့ ပြီ ဆရာ၊ ကိုယ်နဲ့သက်ဆိုင်တဲ့ သူတို့ရဲ့ကိုယ်ပိုင်လွတ်လပ် ခွင့်ကို ကိုယ် ဝင်ဆုံးဖြတ်ပေးလို့ ဘယ်ရပါ့မလဲ၊ ဥပမာ ဆရာက ဒါလုပ်တာမကြိုက်ဘူး၊ သူက ကြိုက်တယ်၊ ဒါပေမဲ့ အဲဒါကို လုပ်လိုက်လို့ ဘယ်သူ့ကိုမှ မထိခိုက် ဘူးဆိုရင် ဆရာ တားလို့မသင့်တော်ဘူး၊ သူကြိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပိုင်ခွင့် သူ့မှာအပြည့်ရှိပြီးသား၊ ဒါပေမဲ့ ဆရာကတော့ သားသမီးဆိုတဲ့စိတ်နဲ့ ဝင်ပြောမိမယ်၊ အဲဒီအခါ သူတို့နဲ့ ဆရာ အတိုက်အခံတွေဖြစ်နိုင်တယ်၊ အဲဒါကြောင့် ဆရာ့သားက အိမ်ခွဲနေဖို့ ကြိုးစားတာဖြစ်နိုင်တယ် ဆရာ၊ ဆရာ့သားက တစ်ယောက်တည်းမဟုတ်တော့ဘူး ဆရာရဲ့"

"ညည်းနဲ့ငါးသား တစ်လေသံတည်းပဲ၊ တော်ပြီ ပဥ္စလက်၊ ငါ့ကို နားမချနဲ့တော့"

"ဆရာရယ် ... ကဲပါ၊ ဆရာ စိတ်ရှုပ်နေတယ်မို့လား၊ ဆရာ လန်းသွားအောင် ညနေကျရင် ပဥ္စလက်က ဆရာ့ကို ကော်ဖီလိုက်တိုက်မယ်"

"ညည်းက တိုက်မယ်"

"ဒါပေါ့ ဆရာရဲ့"

"သောက်ရချည်သေးရဲ့ကွာ"

ရုံးဆင်းတော့ ဆရာ့ကားပေါ်ပါသွားသော ပဥ္စလက်ကို ကြည့်ကာ ဝန်ထမ်းတွေပါးစပ်က စကားသံတွေ ကျွတ်စီထိုး လာကြသည်။

"တို့ဘောစိက ပဥ္စလက်နဲ့ ဘာလဲ"

"ဘာလိုလိုနေမှာပေါ့"





"တွဲလွန်လွန်းတာတော့ အမှန်ပဲ"

ထိုဝေဖန်သံတို့ကို ဦးမောင်ခင် မကြားတော့။ ပဥ္စလက် ခေါ်ဆောင်ရာ သိရိပစ္စယာစကိုင်းလောင့်ချ်သို့ ပါသွားလေပြီ။ ပဥ္စလက်ပဲဦးဆောင်ပြီး စားစရာတွေမှာသည်။

ဦးမောင်ခင်က အပေါ်စီးကကြည့်ခွင့်ရနေတဲ့ ရန်ကုန်မြို့ကြီးကို ရှုစားရင်း သဘောကျနေသည်။

သူတို့နေရာယူထားတဲ့စားပွဲက Sea View မို့ ရန်ကုန်မြို့ကြီးကို ပင်လယ်နဲ့တွဲကြည့်ရတဲ့အရသာကို ဒီနေရာမှာ ရနိုင်မယ်ထင်သည်။

ပဥ္စလက်က ဦးမောင်ခင်ကို အကဲခတ်ကာ မနှောင့်ယှက်ဘဲနေပေးသည်။

ခဏနေတော့ မြူးဖစ်သံခပ်ပါးပါးနဲ့ နိုင်ငံခြားတေးသွားတစ်ပုဒ်က ခပ်တိုးတိုးလွင့်ပျံလာခဲ့သည်။

ဦးအောင်ခင် ဒေါသတွေ ငြိမ်းသွားသလိုခံစားရ၏။

အစားအသောက်တွေကို လှလှပပပြင်ဆင်ထားသလို အရသာကလည်း လှပါသည်။

ဒီလိုစားကောင်းသောက်ဖွယ်တွေဆိုတာ ပွဲတစ်ခုခုတက်မှ စားဖြစ်ပြီး ကိုယ်တိုင် တစ်ခါမှမဝယ်စားပါ။ သူစားရင်းနဲ့ ဖိုက်ဆံအကြောင်းတွေးမိကာ တူကိုချပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ပဥ္စလက်"

"ရှင် ဆရာ"

"ဒီမှာ တော်တော်ဈေးကြီးမယ်ထင်တယ်"

"ဆရာရယ် စားမှာသာစားပါ၊ ပဥ္စလက် ရှင်းမှာပါဆို"

"ညည်းရှင်းလည်း ဈေးကြီးတာက ကြီးတာပဲလေ ပဥ္စလက်ရယ်"

"ဆရာ ... ဆရာ့ချွေးမက ဘာလို့ ဆရာတို့အိမ်မှာ လာမနေချင်တာလဲဆိုတာ ပဥ္စလက် သိသွားပြီ"

ဆရာက ယောက်ျားကြီးတန်မဲ့ မျက်စောင်းထိုးတော့ ပဥ္စလက်က မခို့တရိုပြုး၏။

ဒီကောင်မလေး သူရတဲ့ တစ်လစာလောက်တန်တဲ့ ကော်ဖီပွဲနဲ့ သူ့ကို ဒီနေရာခေါ်လာတာ ဘာလို့ပါလိမ့်။

♥ ♥





တေဇကြီးရော သူရလက်ပါ စကားဝါအုပ်စုကပိုင်တဲ့ ...ျားကုဆေးခန်းတွေမှာ ထိုင်ပါသည်။ ဆေးရုံကြီးမှာလည်း ...ယုပ်ဝင်ပါသည်။

ထို့ကြောင့် သူတို့မှာ မအားလပ်နိုင်အောင်ဖြစ်ရသည်။ ...ရလက်ကတော့ အိမ်ပြန်ရောက်ရင် အမောပြေသေးရဲ့။ သူက ...်းလက်ကို ချစ်တာကိုး။ နန်းလက်ကလည်း ဖေဖေတို့အိမ်သို့ ...ပြောင်းရသည့်အတွက် သူ့အပေါ် အရင်ကထက်စာရင် အများ ... ပျော့ပျောင်းစွာဆက်ဆံလာသည်မို့ သူ တကယ်ချမ်းမြေ့ရပါ ...ည်။

တေဇကြီးခမျာတော့ မောရရှာ၏။ ဆေးရုံမှာ ...န်း။ ဆေးခန်းမှာ မောပန်းနှင့် ပြန်လာရင် မနှစ်သက်သည့် ...သည်နှင့် မေမေ့ရဲ့အဆီမပါ အနှစ်မပါ ရေလုံပြုတ်ဟင်း... ...။ သူလောကကြီးကို စိတ်ကုန်စပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တိတ်ဆိတ်တဲ့ ဘီယာဆိုင်တစ်ဆိုင်ဆိုင် မှာ တစ်ယောက်တည်း ဘီယာသောက်ရင်း ညီကို တမ်းတရတာ ကာ လက်ရှိ အေးချမ်းဘုံဖြစ်နေ၏။

ဘီယာဆိုတာ အရက်လို ရုပ်ပျက်ဆံင်းပျက် မမူးတာ မို့ ဖေဖေလည်း မရိပ်မိ။

မနန်းကြီးကတော့ တားရှာပါ၏။

"ကိုတေဇ နေ့တိုင်းတော့ မသောက်ပါနဲ့ ကိုကေဇရယ် တစ်ပတ်တစ်ခါလောက်ပဲဖြစ်ဖြစ်"

"မင်းမတားပါနဲ့ကွာ၊ ငါ့အတွက် စိတ်ချမ်းသာစရာဆိုလို့ ဒါပဲရှိတယ်ကွ"

မနန်းကြီးလည်း နဂိုတည်းက အလိုမကျသည့် ခင်ပွန်းဖြစ်သူကို ဒီထက်ပိုပြီး မတားနိုင်ခဲ့ပါ။

ဒီလိုနဲ့ တေဇကြီး ဘီယာသောက်နေကျဆိုင်မှာ တာဝန်ကျတဲ့ ဘီယာကုမ္ပဏီကဝန်ထမ်းမလေးနဲ့ ရင်းနှီးလာတယ်

သာမန်အချိန်မှာ ဘာခံစားချက်မှ မရှိပေမယ့် ဘီယာ အသောက်များပြီး ရီဝေရစ်ထွေနေတဲ့အချိန်တွေမှာဆို စကတ်တို ပေါင်လယ်လောက်နဲ့ မျက်နှာကို ဆေးရောင်ခြယ်ထားတဲ့ အဲ့ ကောင်မလေး စကားလာပြောရင် အပျင်းပြေတတ်လာတယ်။





ကောင်မလေးက ရုပ်လှမှ ဆယ့်ကိုးနှစ်ဆယ်။ အသက် ငယ်ငယ်နဲ့ နုနယ်ပျိုမြစ်မှုလည်းရှိ၊ ကလေးဆန်ဆန် အမူ လေးတွေနဲ့ဆိုတော့ စကားပြောရတာ ပျင်းစရာမကောင်းတော့ ပါလေ။

အိမ်ပြန်ရင် မနန်းကြီးနဲ့ စကားသုံးခွန်းပြည့်အောင် ဖြစ်တာမှမဟုတ်တာ။ မနန်းကြီးကလည်း သူ့ အနှောင့်အယှက် မှာစိုးသဖြင့် အနားမကပ်။ ဒီလိုနဲ့ သူတို့လင်မယား ပိုဝေး ရင်းဝေးရတာ။

နောက်ဆုံးတော့ တေဇကြီးက ဘီယာဆိုင်ကကောင် လေးကို အဝေးသင်တက်သည့်စရိတ်ပါ ထောက်ပံ့သည်အထိ ရင်းနှီးခဲ့ကြသည်။

တစ်ခါတစ်ရံ ရှားရှားပါးပါး အချိန်ရခိုက်များတွင် ကောင်မလေးနှင့် ရှော့ပင်ပတ်ကာ ကောင်မလေး ချွဲနွဲ့ပူဆာ သမျှ ဝယ်ပေးရတာကိုလည်း ကျေနပ်သလိုလိုဖြစ်လာသည်။ ဖေသာသိရင် ဘယ်လောက်နှမြောလိုက်မလဲမသိ။

သို့သော် သူရလတ်က တေဇကြီးအကြောင်း သိသွား ကာ တေဇကြီးနဲ့ ထိုကောင်မလေးလည်း စခန်းပြတ်ရတော့၏။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သူတို့ညီအစ်ကိုတွေ တစ်ယောက်ကိုတ
ယောက် ထိန်းကာနေခဲ့ကြပေမယ့် ဦးမောင်ခင်နှင့် သူ့စက္ကတော
ဆိုသည့် သတင်းခေါင်းစဉ်ကတော့ စီးပွားရေးသမားတွေဝါးေ
များမှာပင် ရေပန်းအစားဆုံးဖြစ်နေခဲ့၏။

ထိုသတင်းကို အရင်ကြားတာက သူရလတ်ဝင်
သူရလတ်ဟာ ညီအစ်ကိုသုံးယောက်ထဲမှာ အသွက်ဆုံးဖြစ်သည်
ဟိုစပ်စပ် ဒီစပ်စပ်နဲ့ အပေါင်းအသင်းလည်းများတာကြော
တော်ရုံသတင်းလောက်ဖြစ်ရင်တောင် သူရလတ်တို့က ကြားပြီး

ဒါပေမဲ့ ဘာသတင်းဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်ရ
ခေါင်းရှောင်ဇာက်လွှဲနေလို့ရသည်။

ကိုကြီးတေဇ ဘီယာဆိုင်ထိုင်ရင်း ကောင်မလေး
တစ်ယောက်နှင့် ငြိတာကိုကျတော့ မကြားချင်ယောင်ဆောင်
မရ။





စိတ်နဲ့လူမကပ်ရှာသော အစ်ကိုဖြစ်သူကို သနား
ပေမယ့် လွှတ်ထားလို့မရ။ ပွဲဝင်ထိန်းလိုက်ရသည်။

ခုတစ်ခါက ပိုဆိုးသည့်သတင်း။

ဖေဖေနဲ့ သူ့အတွင်းရေးမှူးမလေးတဲ့။

ဖေဖေ့အာဝမှာ ဒီလိုကိစ္စမျိုး တစ်ခါမှ မကြားခဲ့ရဘူး။
ဒါပေမဲ့ အသက်တွေကြီးပြီး သားနှစ်ယောက် အိမ်ထောင်ကျကာမှ
ဖေဖေ ဘာတွေထဖောက်ပါလိမ့်။

သို့သော် ဖေဖေ့ကိုက ကိုကြီးကို သတိပေးသလို
သတိပေးလို့မရ။ ဖေဖေသည် သူပြောတာကို လက်ခံမှာမဟုတ်။
အိမ်ကိုလာမနေသည့်ကိစ္စနှင့် ဖေဖေ သူ့ကို စကားမှမပြောတာ။

ပြီးတော့ ပဉ္စလက်ဆိုသောအမျိုးသမီးက ကပ်လွန်း
နေတာပါ။ ဖေဖေကတော့ ရှီးသားပုံရသေးသည်။

လောလောဆယ်တော့ သူ စောင့်ကြည့်ရုံပဲလုပ်ဖို့
ဆုံးဖြတ်လိုက်၏။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စလက်နဲ့ သူ့ကို သူ့မိတ်ဆွေတွေက ပေါ်တင်စနောက်တတ်လာ၏။ ထိုအခါမျိုးတွင် ပဥ္စလက်၍က ရှက်ပြုံးလေးနှင့်။

သူကလည်းသူ။ အရင်က တစ်ယောက်တည်းတက်သောပွဲတွေကို ယခုခါ ပဥ္စလက်နှင့် တွဲတက်တတ်လာသည်ကို။

ယခင်က ချိန်နှင့်အတူတက်သောပွဲတချို့မှာပင် ချိန်နေရာမှာ ပဥ္စလက်က နေရာယူလာခဲ့သည်။

သို့သော် သူ ပဥ္စလက်ပေါ်မှာ ရိုးသားပါ၏။ ဒါတကယ့်စိတ်ရင်းပါ။ ပဥ္စလက်သည် သူ့သမီးအရွယ်ဖြစ်၏။ ပဥ္စလက်ကို တစ်ခါတလေ ချွေးမတွေနဲ့ယှဉ်မိတတ်ပေမယ့် ချိန်နဲ့တော့ တစ်ခါမှမယှဉ်မိပါ။

ပဥ္စလက်က သွက်လက်ချက်ချာကာ သူ့ကို လုပ်ငန်းပိုင်းမှာ အထောက်အပံ့ကောင်းကောင်းပေးသလို တစ်ခါတလေ





သူစိတ်မကြည်လင်ရင်တောင် ပဥ္စလက်က စိတ်ရှိင်းဖျော့ကို ဖြစ်ပေးသည့် ကဗျာတစ်ပုဒ်ဖြစ်နေခဲ့သည်။ ထို့အတွက် ပဥ္စလက်ကို သူ သိုအပ်တတ်လာ၏။ ဒါကို ဘေးလူတွေက အထင်လွဲ နေသည်။

ပဥ္စလက်ကတော့ မိမိ သူ့အပေါ် ရိုးသားကြောင်း သိမှာပါလေ။ ထို့ကြောင့်လည်း ဘယ်လောက်ဝေဖန်ပါစေ။ ဥပေက္ခာပြုပြီး မတုန်မလှုပ် ကျောက်ဆစ်ရုပ်လို ခပ်ပြုံးပြုံးတုံ့ပြန်နိုင်တာပေါ့။

ကိုယ့်ဘက်ကိုယက်ကာ ဖြေတွေးတွေးလိုက်မှ နေသာထိုင်သာရှိသွားတော့သည်။

ဒီလိုနဲ့ သူများတွေလည်း ပြောရလွန်းလို့ မောကုန်တာလား။ တကယ်ပဲ ပဥ္စလက်ကို သူနဲ့ပတ်သက်သူဟု တစ်ထစ်ချသတ်မှတ်လိုက်တာလား။ ဘာမှန်းမသိပေမယ့် ရေပွက်ပြီးတော့ ဗွက်တုန်းလှုပ်ခဲ့ရတဲ့ ရေတွေဟာ ပြန်လည်ငြိမ်သက်ခြင်းဆီသို့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ရုံးမှာ ပဥ္စလက် အန်သည်။

"မဥ္စလက် ညည်း အစာမကြေဘူးလား"

"ဟုတ်တယ် ဆရာ၊ နေမကောင်းချင်သလိုဖြစ်နေတယ်"

"ဒါဆို ညည်း ဒီနေ့ ခွင့်ယူလိုက်လေ"

ထိုသို့ ပဥ္စလက် အန်တာကို မြင်သွားသူတချို့က အမနာပ စကားတင်းဆိုကြပြန်သည်။

"ဟိတ် ... ဟိတ် ... လက်စွဲတော်တော့ အော့နေပြီ"

"အော့မှာပေါ့ဟဲ့ လက်စွဲတော်ပဲကို၊ ဘာလဲ ညည်းပါ အော့ချင်လို့လား"

"ဝေးပါသေးရဲ့အေ၊ မရှိရင် ဆားနဲ့စားလိုက်မယ်"

"ဟဲ့ ... လက်စွဲတော်က အော့တယ်ဆိုတော့ အပိုင်ဖမ်းပြီး အရယူတော့မှာလား မသိဘူးနော်"

"လူမရ ငွေရနေမှာပေါ့အေ"





"ဒါဆို ပွဲကကြည့်ကောင်းတော့မယ်ဆိုတဲ့ သဘောလား"

"ဒါပေါ့အေ၊ စောင့်ကြည့်သင့်တဲ့အပိုင်းတွေ ဖြစ်လာပြီ"

ပဥ္စလက် အန်တဲ့သတင်းဟာ တစ်ရုံးလုံးမှာ ရိုက်ခတ်သွားခဲ့သည်။ ဦးမောင်ခင်သည် တစေ့တစောင်းကြားလိုက်ရသဖြင့် စိတ်တိုသွားသည်။

ခုချိန်မှာ မိမိ ထကြွမ်းလိုက်ရင် ပိုဆိုးတော့မည်။ ငြိမ်ခံလိုက်ပြန်ရင်လည်း ရောင့်တက်လာမှာစိုးရ၏။

မိမိလို အိမ်ထောင်သည်တစ်ယောက်အတွက် ဤကောလာဟလသည် သိက္ခာကျစရာ တော်တော်ကောင်း၏။

ဦးမောင်ခင်သည် အတွေးသမားပီပီ သူ့ဘက်ကိုပဲ သူတွေးသည်။ ပဥ္စလက်အတွက် တစိုးတစိတောင် ပူပန်ပေးမိခြင်း မရှိပါ။

ပဥ္စလက်ခမျာ အပျိုလေးတန်မဲ့ သိက္ခာကျရရှာတာကို ထည့်မတွေး။ သူလိုလူက သူတစ်ဖက်သားအတွက် စဉ်းစားပေးရိုးထုံးစံမှမရှိတာ။

နောက်နေ့ ပဥ္စလက် ရုံးလာတော့ တချို့က မေးငေါ့သည်။ တချို့ ကွက်ကြည့် ကွက်ကြည့်နှင့် စပ်စုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပဥ္စလက်နဲ့ပတ်သက်နေသူက တခြား မဟုတ်ဘဲ။ သူတို့သူဌေးဖြစ်နေသဖြင့် ပေါ်တင်တော့ မဝေဖန်ရဲ။

"ပဥ္စလက် မနေ့က ဘာဖြစ်တာလဲ"

"ကျွန်မလေ မနက်ပိုင်းက မတည့်ဘဲနဲ့ ကောက်ညှင်းပေါင်း တွေစားလာမိတာ၊ ရင်ပြည့်ရင်ကယ်ဖြစ်သွားတယ်ထင် တယ်"

"ဪ ... ဂလိုကိုး"

ခနဲ့တဲ့တဲ့ အနှောင့်အသွားမလွတ်သော သတင်းမေး စပ်စုခြင်းတွေသာ ပြုရုံကြသည်။

နောက်ပိုင်းတော့ ပိုဆိုးသည့်ကိစ္စတစ်ခု ဖြစ်ခဲ့သည်။ အဲဒါကတော့ ဦးမောင်ခင်က ပဥ္စလက်ကို နေပြည်တော်ရှိ ဆောက်လက်စ ဆိုဒ်တစ်ခုကို လွှတ်လိုက်ပြီး နောက်တစ်နေ့မှာ သူပါ ခရီးထွက်သွားခြင်းပင်။

တကယ်တော့ ဦးမောင်ခင်သွားတာက ဘန်ကောက် ကိုပါ။ အိမ်ဆောက်ပစ္စည်းတစ်မျိုး တင်သွင်းရန်ကိစ္စနှင့် သွားတာ ပါ။

သို့သော် ဝန်ထမ်းတွေအားလုံးကတော့ ဦးမောင်ခင် နဲ့ ပဥ္စလက် ခရီးအတူထွက်သည်ဟုပဲ ထင်ကြသည်။





နေပြည်တော်က ဆိုဒ်မှာရှိတဲ့ ဝန်ထမ်းတွေက ပဥ္စ လက်တစ်ယောက်တည်း ရောက်လာတာပါဟု ပြောတာတောင် မယုံကြည်ကြ။

"အို ... ဆရာက ဟိုတယ်တစ်ခုခုမှာတည်းပြီး ဆိုဒ်ထဲကို မလာတာနေမှာပေါ့"

လူတို့ရဲ့ ရမ်းသမ်းထင်မြင်မှုသည် သိပ်ကြောက်စရာ ကောင်းပါ၏။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အခြေအနေတွေ ပိုဆိုးလာသဖြင့် သူရလတ်က ဘီလူးကဝင်ကရတော့သည်။

တေဇကြီးနှင့် သူရလတ်တို့ ပဥ္စလက်ကို သွားတွေ့ခဲ့ကြသည်။ ပဥ္စလက်က သူတို့ကို ၂သိပါ။

"ကျွန်တော်တို့က ဦးမောင်ခင်ရဲ့သားတွေပါ"

"ဪ ... ဆရာသားတွေကိုး၊ ဟို ... ဘာကိစ္စရှိလို့လဲ"

"မပဥ္စလက်ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ကုမ္ပဏီမှာ ဖေဖေနဲ့ မပဥ္စလက်တို့အကြောင်း ကောလာဟလတွေဖြစ်နေတာ မပဥ္စလက်လည်းသိမှာပါ၊ မပဥ္စလက်လည်း မဟုတ်ဘဲအပြောခံရတော့ နစ်နာတာပေါ့၊ ဖေဖေလည်း သိက္ခာကျသလိုဖြစ်နေတယ်၊ ဖေဖေနဲ့ မပဥ္စလက်တို့ ရိုးသားပေမယ့် ပတ်ဝန်းကျင်အထင်တွေ ပျောက်ပျက်သွားအောင်လို့ ဟို ... မပဥ္စလက်သာ အလုပ်ကထွက်ပေးရင် ..."



"ရှင် ... အခု ရုံးချိန်ပြင်ပမှာ ရှင်တို့ ကျွန်မကို အလုပ်လာထုတ်နေတာတော့ မဟုတ်ပါဘူးနော်"

"အထင်မလွဲပါနဲ့ မပဥ္စလက်ရယ်၊ အားလုံး အဆင်ပြေသွားအောင်လို့ပါ"

"ဟင်း ဟင်း ... ကျွန်မနဲ့ ဆရာ့ကို ရှင်တို့က ရိုးသားစေချင်တယ်ထင်တယ်"

"ဗျာ ... ဘာကိုဆိုလိုတာလဲ မသိဘူး"

"ဪ ... တခြားလူတွေက မဟုတ်တာပြောချင်လို့ ဟုတ်စေချင်ကြသလို၊ ရှင်တို့ကျတော့လည်း ရိုးသားပါစေ ဆိုပြီး ရိုးသားတယ်လို့တွေးလိုက်တာကိုး၊ တကယ်တမ်း ကျွန်မနဲ့ ဆရာရဲ့ပတ်သက်မှုကို ကျွန်မနဲ့ဆရာပဲ သိတာပေါ့၊ ကျွန်မ ဆရာနဲ့ တိုင်ပင်ပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားနိုင်မယ်၊ ရှင်တို့ သွားနိုင်ပြီ"

သူတို့တွေ အောင့်သက်သက်နှင့် ပြန်လာခဲ့ရ၏။ [illegible]လက်နဲ့ ဖေဖေက ဘယ်အဆင့်ထိ ပတ်သက်နေတာလဲ။ မေး[illegible]းသာရှိပြီး အဖြေကိုတော့ ကာယကံရှင်နှစ်ဦးမှလွဲ၍ မသိနိုင်[illegible]ကာ။

သို့သော် နောက်တစ်နေ့မှာတော့ အကျိုးဆက်ကို [illegible]တို့ ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူရလတ် ... မင်း အခုချက်ချင်း ငါ့ဆီလာခဲ့စမ်း"

ဖေဖေ့ရုံးခန်းထဲရောက်သွားတော့ ဒေါသရှေ့ထားသော ဖြောင့်လက်သီးတစ်လုံးနှင့် မိတ်ဆက်လိုက်ရ၏။

"မင်းက ပဋ္ဌလက်ကို အလုပ်က ထွက်ခိုင်းတယ်ဆိုကွာ၊ မင်းနဲ့ ငါ့ကုမ္ပဏီ ဘာဆိုင်လို့ မင်းက ဝင်ရှုပ်ရတာလဲ"

သူရလတ်က နှုတ်ခမ်းထောင့်က စို့တက်လာတဲ့ သွေးတွေကို လျှာဖြင့် တစ်ချက်သပ်လိုက်ရင်း ...

"ဖေဖေ့အတွက်ပါ ဖေဖေ၊ ဖေဖေနဲ့သူရဲ့ ကောလာဟလတွေက နားနဲ့တောင်မဆုံတော့ဘူး၊ ဖေဖေတို့ ဘာမှ မဖြစ်ဘူးဆိုတာ သားသိတယ်၊ ဒါပေမဲ့ အများအမြင်မှာ ဖေဖေ သိက္ခာကျမှာစိုးလို့ သားက ..."

"တော် ... တိတ် ... မင်းက ဘာမှ ဝင်ရှုပ်စရာမလိုဘူး၊ ပဋ္ဌလက်ကို ငါ အလုပ်မထုတ်နိုင်ဘူး၊ ထုတ်စရာလည်း မလိုဘူး၊ လူတွေရဲ့ ဝေဖန်စကားနဲ့ လူတစ်ယောက်ရဲ့ ရပ်တည်မှုကို ရွှေ့မပစ်နိုင်ဘူး၊ ငါ မင်းတို့အဖေ။ မင်းတို့ ငါမွေးလို့လူဖြစ်လာတာ၊ မင်းတို့ထက် ငါ ပိုနားလည်တယ် မင်းတို့ ဝင်မပါနဲ့၊ ဒါ နောက်ဆုံးဖြစ်ပါစေ"





သူ ဖေဖေ့အခန်းထဲက ပြန်ထွက်လာတော့ ပဋ္ဌလက်က သူ့ကို ပြုံးတေ့တေ့နဲ့ စိုက်ကြည့်နေတယ်။ အဲဒီခဏမှာပဲ သိလိုက်တယ်။ ဒီမိန်းမ မရိုးသားဘူး။ သူမရဲ့အပြုံးမှာ အစီအစဉ်တွေ ခိုဝင်နေတယ်။ လူတွေပြောသလို တကယ်ပဲ ဖေဖေနဲ့ သူမ ...။

အဟား ... အရှက်ကွဲတော့မယ်ထင်တယ်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ပဥ္စလက် သိပ်လှနေတယ်။ မလှ့လှအော
ပြင်လာတာလေ။ ပြီးတော့ ရုံးကနေ ဆရာ့ကို ခေါ်ထုတ်လာ
တယ်။

"ဆရာ"

"ပြော ပဥ္စလက်၊ ညည်း ဒီနေ့ အလှတွေပြင်လို့၊ ဘာ
ရည်းစားနဲ့ ချိန်းထားတာလား"

"ဟော"

"ပဥ္စလက်က အပျိုစင်တစ်ယောက်ပါ ဆရာ၊ ဆရာ့အ
သမီးထက်တော့ ပဥ္စလက်က သာမှာပါ၊ ပြီးတော့ ပဥ္စလ
က ငယ်လည်းငယ်ပါသေးတယ် ဆရာ"

"အေးပါ ငါသိပါတယ်၊ ငါနဲ့ညည်းကို လူတွေ စွပ်စွ
စွဲစွဲတွေလုပ်ကြတာကိုတောင် ငါက အားနာနေတာ
ညည်းအတွက် နစ်နာတာပေါ့"



"အင်းလေ ... ဆရာ အဲဒီလိုမြင်ပေးတဲ့အတွက် ဝမ်းသာပါ၊ ဆက်ပြီး ဝမ်းသာချင်ပါတယ် ဆရာ၊ ဆရာ့သားတွေတောင် ပဥ္စလက်ကို ပြောဆိုလာကြပြီဆိုတော့ ပဥ္စလက်အတွက် တော်တော်ထိခိုက်နေပြီ၊ တစ်နေ့ ပဥ္စလက် အိမ်ထောင်ပြု ခဲ့ရင်တောင် ဒါဟာ အမည်းစက်ဖြစ်နေမှာ"

ပဥ္စလက်က ဦးမောင်ခင်ကိုကြည့်ကာ ...

"ပဥ္စလက်ကို ဆရာ လက်ထပ်နိုင်ပါတယ်နော်"

"ဘာ ... ပဥ္စလက်၊ ညည်း ဘာပြောလိုက်တယ်"

"ဟုတ်တယ် ဆရာ၊ ပဥ္စလက်ကို လက်ထပ်ပါ"

"ဟာ ... ဘယ်ဖြစ်မလဲ၊ ငါ့မှာ သားနဲ့မယားနဲ့လေ"

"ဘာဖြစ်လဲ ဆရာရဲ့၊ ဆရာ့မှာ သားမယားရှိတာကို ပဥ္စလက် နားလည်ပေးမှာပါ၊ ပဥ္စလက်ကိုသာ တာဝန်ယူပေးပါ ဆရာ"

"ဟ ... တာဝန်ယူရအောင် ငါ့မှာ ဘာတာဝန်ရှိလို့တုံး၊ ညည်းအပေါ် ငါ ဘာမရိုးသားခဲ့လို့တုံး"

"ဒါပေမဲ့ အများက ဒီလိုပဲသတ်မှတ်ထားတယ်လေ ဆရာ၊ ပဥ္စလက်ကသာ ဟုတ်ပါတယ်လို့ တစ်ချက်ပဲခေါင်းညိတ်လိုက်၊ ဆရာ ဘာဖြစ်သွားမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ခင် ခုမှပဲ ပဉ္စလက်ကို ဘီလူးမ
သိသွားတော့သည်။ အစွယ်က သူ့ဘဝကို တစ်ဆုံးထိုးစိုက်
တော့မည်။ ဘယ်လိုလုပ်ရမလဲ။ ချွေးသီးတွေပင် ပျံလာပြီ။

"ပဉ္စလက် ... ညည်း ငါ့ကို ဒုက္ခပေးနေတာလား"

"မရည်ရွယ်ပါဘူး ဆရာ၊ ပဉ္စလက်ကို လက်ထပ်ပါ
တောင်းဆိုရုံပါပဲ"

"ဒါက မလိုက်လျောနိုင်ဘူးဆိုရင်ရော"

"ဒါဆို ဆရာ အနည်းဆုံး အမှုအခင်းရင်ဆိုင်ရမ
ဂျာနယ်တွေထဲ ခေါင်းစဉ်တပ်ခံရမယ်"

"မင်းနဲ့ ငါ ဘာမှ မဖြစ်ခဲ့ဘဲ"

"မဖြစ်ပေမယ့်လည်း ကောလာဟလ ထွက်တယ်
ဆရာ၊ တကယ်လို့သာ ထပ်ဖွလိုက်မယ်ဆိုရင်"

"ညည်းကို ငါ မယူနိုင်ဘူး ပဉ္စလက်"

"ဒါဆို နောက်နည်းလမ်းတစ်ခု ရှိသေးတယ်"

"ဘာလဲ ... ဘာလဲ ပြောစမ်း"

"သုံးညရှစ်လုံးပါတဲ့ ဂဏန်းကိုးခု ပဉ္စလက်ကို စွန့်ကြဲ
ဆိုရင် ပဉ္စလက် ရိုးရိုးသားသားလေးပဲ အလုပ်ကထွက်
ဆရာ"



"ဘာ ... သိန်းတစ်ထောင်လို့ ညည်းဆိုလိုတာလား"

"ဆရာသာ စေတနာရှိမယ်ဆိုရင် သိန်းကိုးထောင်ပေးလည်း
စိတ်မဆိုးဘူး ဆရာ၊ ဂဏန်းကိုးလုံးဖြစ်ဖို့ အရေးကြီးတာပါ"

"မင်း ... မင်း"

ဦးမောင်ခင် မျက်ဖြူစိုက်မတတ် ပြူးပြာသွား၏။

♥ ❦ ♥

www.burmeseclassic.com

www.burmeseclassic.com



နန်းငယ် ဘွဲ့ရသွားပြီ။ နန်းငယ် ဘွဲ့ရရသည့်နှ
မှာပင် ဖေယျငယ်ကလည်း အင်ဂျင်နီယာဘွဲ့ရ၏။ နန်းငယ်
ရိုးရိုးဝိဇ္ဇာနှင့် ဘွဲ့ရတာဆိုတော့ သုံးနှစ်ပဲတက်ရသဖြင့် သူနှ
ဖေယျတို့ ဘွဲ့ရချိန်တူသွားတာပါ။

သို့သော် နန်းငယ်က နောက်ဆုံးနှစ်ဖြေပြီးကတည်
က တောင်ကြီးရှိ ဘိုးဘွားတွေဆီမှာသွားနေ၏။ ဖေယျငယ်နှ
ပေးစားမှာစိုး၍ ကြိုကန်သည့်သဘောပင်။

ဟုတ်တယ်လေ။ မမကြီးရော မမလတ်ပါ အဆ
မပြေကြတာ။ နန်းငယ် ဖေယျငယ်ကို မယူရဲပါဘူး။ သူတို့အ
ကြီးကိုလည်း မုန်း၏။

မမကြီးနဲ့ သူ့အစ်ကိုကြီးတို့လင်မယားမှာ မမကြီး
က အစ်ကိုကြီးကို ချစ်ရှာ၏။





မမလတ်ကိုကျတော့ မမလတ်ကို အစ်ကိုလတ်က
ချစ်တယ်။

နန်းငယ်တို့ကျတော့ တစ်ယောက်ကိုတစ်ယောက်
အချစ်မှမရှိတာ။ အဆင်ပြေမှာမဟုတ်ပါဘူး။

ထို့ကြောင့် နန်းငယ် ခါးတူးစွာငြင်းတာ။ ပြီးတော့
နန်းငယ်တို့မိဘတွေကလည်း အစ်မနှစ်ယောက်ကိုကြည့်ပြီး နန်းငယ်
ကို သူတို့သားငယ်နှင့် ပေးစားဖို့ နောက်တွန့်နေကြပြီ။ ထို့ကြောင့်
နန်းငယ် တောင်ကြီးသွားနေမည်ဆိုတော့ မတားတာပေါ့။

နန်းကြီးနဲ့ နန်းလတ်တို့က ဖျက်တာလည်းပါတာ
ပေါ့လေ။

တစ်ယောက်တစ်မျိုး မရိုးရအောင် ညစ်ရတဲ့ အစ်မနှစ်
ယောက်ကလည်း ညီမထွေးလေးကို စိတ်မဆင်းရဲစေချင်ပြီ။ ဒီလိုနဲ့
နန်းငယ်စုံတွဲ လက်ထပ်ဖို့ကို မိန်းကလေးဘက်က မတက်ကြွကြ
ပြီ။ ဒါဆို ...

ယောက်ျားလေးဘက်ကရော ...။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်မှာလည်း ဦးမှောင်ခင် စိတ်တိုနေသည်။

တေကြေးတုန်းက ရည်းစားရှိရက်နဲ့တောင် မိဘစကားနားထောင်ပြီး နန်းကြီးကို လက်ထပ်၏။

သူ့ရလတ်တုန်းကလည်း နန်းလတ်ကို လက်ထပ်သည်။ အိမ်မှာ အတူမနေဘဲ မိန်းမနောက်လိုက်နေတာကလွဲရင်။

အခု သားငယ်အလှည့်ကျမှ နန်းငယ်ကို မယူနိုင်ပါတဲ့။

"ဟုတ်တယ်လေ ဖေဖေ၊ သား နန်းငယ်ကို မယူနိုင်ဘူး၊ သူတို့ဘက်နဲ့ သားတို့ဘက် ပြဿနာတွေလည်း တက်ချင်ချင်ဖြစ်နေပြီ၊ သားမယူချင်ဘူး ဖေဖေ၊ အဓိကက သား သူ့ကို မချစ်ဘူး၊ မချစ်ဘဲနဲ့တည်ဆောက်ရတဲ့ ကိုကြီးရဲ့ အိမ်ထောင်ရေးလိုလည်း ဘဝမဆုံးချင်ဘူး"

"ဇေယျငယ်"





"ဖေဖေ သား လုံးဝ မယူနိုင်ဘူး"

"မယူလို့မရဘူး၊ ညနေ ငါ သူတို့မိသားစုကို ထမင်းစားဖိတ်ထားတယ်၊ ငါ အားလုံးပြောဆိုစီစဉ်ပြီးပြီ၊ မင်း ခြေနဲ့ဖျက်ဖို့မစဉ်းစားနဲ့"

"သား လုံးဝ လက်မခံဘူး ဖေဖေ"

"ငါ မနက်ဖြန်ပဲ ဖိတ်စာအပ်မယ်"

"သား သန်ဘက်ခါ အိမ်ကထွက်သွားမယ် ဖေဖေ"

"ဘာ"

ဦးမောင်ခင် ဇေယျငယ်ကို စိုက်ကြည့်နေ၏။ ဇေယျအလည်း ဦးမောင်ခင်ကို ပြန်ကြည့်ကာ ...

"လောကမှာ လုပ်ချင်တာကို လုပ်လိုက်ရတိုင်း စိတ်ချမ်းသာတာမှမဟုတ်တာ ဖေဖေ၊ အခု ဖေဖေ စိတ်မချမ်းသာဘူးမို့လား၊ သား နန်းငယ်နဲ့ လက်ထပ်ရင် ဖေဖေ့အတွက် စိတ်မချမ်းသာစရာတွေ ပိုများလာလိမ့်မယ်၊ ကတိဆိုတာ အတိုင်းအတာရှိတယ် ဖေဖေ၊ အဆင်မပြေနိုင်မှန်းသိသိကြီးနဲ့ ကတိပေးထားလို့ဆိုပြီး ဖွတ်ရေ့မတိုးချင်ဘူး၊ သား မိုက်လို့သာ သတ်မှတ်လိုက်ပါ ဖေဖေ"

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဖေယျငယ် အိမ်ကထွက်သွားသည့်အတွက် သူ့အရမ်းစိတ်ဆိုးသည်။

ထို့ထက်ပိုဆိုးတာက ဇနီးဖြစ်သူ ချိုက သူ့ကို စိတ်ဆိုးနေခြင်းပင်။

တစ်သက်နဲ့တစ်ကိုယ် ချို သူ့ကို စိတ်ဆိုးစိတ်ကောက်ဖို့မပြောနဲ့ မျက်လွှာပင့်ကြည့်ရဲတာမဟုတ်။

အခုလို သားငယ် အိမ်ကထွက်သွားမှ တော်တော်စိတ်ဆိုးနေတာ။

"ချို ... မင်း ဘာအချိုးချိုးတာလဲ"

"ချို ... ချိုးတာမဟုတ်ဘူး၊ အစ်ကိုက ချိုးနေတာ၊ အစ်ကို စိတ်ချမ်းသာရေးအတွက် တစ်မိသားစုလုံး စိတ်ဆင်းရဲရတယ်၊ ခု သားငယ်ပါ အိမ်ကထွက်သွားတယ်၊ အဲဒါ အစ်ကို မှန်တယ်လို့ထင်သေးလား"





"ဘာ ... မင်း ငါ့ကို ခံပြောနေတာလား"

"ချိုက မှန်တာပြောတာ၊ သားကြီး စိတ်ချမ်းသာရလား၊ သားလတ်လည်း မိန်းမမျက်နှာကြည့်နေရတဲ့ဘဝ။ ခု သားငယ်ကျတော့ ထွက်ကိုသွားတာ၊ ချို့သားတွေ စိတ်မချမ်းသာရင် ချိုလည်း စိတ်ဆင်းရဲတယ် အစ်ကို"

"ဩော် ... ဒါဆို ငါပေးစားတဲ့မိန်းမတွေက မင်းသားတွေ ဘဝတွေကို စုတ်ပြတ်သတ်စေလို့လား"

"သူတို့ဟာနဲ့သူတို့ကောင်းပါတယ်၊ ဒါပေမဲ့ အစ်ကို ကောင်းတိုင်း သဟဇာတဖြစ်တာမဟုတ်ဘူးလေ၊ ချွေးမ အကြီးရော အငယ်ပါ ကောင်းပါတယ်၊ တော်ကြပါတယ်၊ ဒါပေမဲ့ အစ်ကို့ကြောင့်ပဲ သဟဇာတမဖြစ်ကြဘူး၊ ချို့သားတွေ သနားပါတယ်၊ အကြီးနဲ့အလတ်ကို ကြည့်ပြီး သားငယ်လေးကပါ အစ်ကို မိန်မပေးစားမှာကို မယူရဲတော့တာ၊ အစ်ကိုကြောင့် သားငယ်လေး အိမ်ကထွက်သွားတာ၊ ချို့သားတွေက အိမ်ကထွက်သွားရလောက်အောင် ဆိုသွမ်းမိုက်မဲနေတာမဟုတ်ဘူး အစ်ကို"

ဦးမောင်ခင် အံ့ဩနေ၏။ သူ့မိန်းမ ဒီလိုစိတ်ဆိုးတာမျိုး တစ်ခါမှ မတွေ့ခဲ့ဖူးဘူးလေ။ ပြီးတော့ သူ့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ကျလက်ကျ ပြန်ပြောနေလိုက်တာ။ သူ တကယ်မှားနေပြီလား။ မှားတာမမှားတာက နောက်။ ခုလောလောဆယ် သားငယ်အိမ်က ထွက်သွားသဖြင့် သူ ခွန်သိုက်ကို ဘယ်လိုမျက်နှာပြရမှန်းမသိ။

မနေ့ကပဲ အိမ်ကို ခွန်သိုက်တို့မိသားစုကိုဖိတ်ပြီး ထမင်းကျွေးခဲ့သေးသည်။ ထမင်းကျွေးပြီး မင်္ဂလာကိစ္စအတွက် ဆွေးနွေးခဲ့ကြသည်။

သို့သော် မနေ့ကလည်း ခွန်သိုက်က သူ့သမီးငယ်ကို ခေါ်မလာပါ။

တောင်ကြီးက သူ့အဘိုးအဘွားတွေဆီ သွားလည်နေသည်တဲ့။

ပြီးတော့ ခွန်သိုက်တို့ကလည်း မင်္ဂလာပွဲအတွက် အားတက်သရောတော့မရှိ။ ဘာပဲဖြစ်ဖြစ် သူတို့ဘက်က ဖျက်စကားတော့ပြောမသွားပါ။ သူတို့ဘက်က ကတိတည်နေပြီး မိမိဘက်ဖျက်ရင် ပိုပြီး မျက်နှာပျက်စရာဖြစ်တော့မည်။ သူတို့က သမီးရှင်လေ။

ခွန်သိုက်ဆိုတာက စီးပွားရေးလောကမှာ ကတိတည်သူဟု နာမည်ကြီးလှ၏။ ဘယ်လိုလုပ်ရပါ့။





ဦးမောင်ခင်မှာ မိမိရဲ့ဂုဏ်သိက္ခာအတွက် ကတိတစ်လုံးကို မဖျက်ရဲ။

ခွန်သိုက်နှင့် မျက်နှာပျက်လို့လည်းမဖြစ်။ မျက်နှာပျက်ရလျှင် သားကြီးနဲ့ သားလတ်တို့ အိမ်ထောင်ရေးတွေကိုလည်း ထိခိုက်နိုင်သည်။

စိတ်ညစ်လိုက်တာနော်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ရလတ်ကတစ်ဆင့် နန်းလတ်နဲ့ သူ့မိသားစု သိသွား၏။ ထို့အတွက် ခွန်သိုက်က ဦးမောင်ခင်ဆီ ဖုန်းဆက်လာ၏။

"မောင်ခင် မင်းသားငယ် အိမ်က ထွက်သွားတယ်ဆို"

"မင်း သိသွားပြီလား ခွန်သိုက်"

"သူငယ်ချင်းရာ မင်း အားနာပြီး ငါ့ကိုမပြောတာမို့လား။ အေးလေ ... မင်းတို့ ငါတို့က ကောင်းတယ်ထင်လို့ စီစဉ်ပေးမယ့် သူတို့အတွက် အဆင်မပြေတော့လည်း ဘယ်တတ်နိုင်မလဲကွာ၊ ငါကလည်း သမီးလတ်ကိစ္စနဲ့တည်းက မင်းကို အားနာနေရတာ၊ ခုလည်း မင်းသား စိတ်မပါရင်လည်း ဇွတ်မစီစဉ်ချင်တော့ဘူးကွာ"

သမီးရှင်ဘက် ကြည့်သာစွာ နောက်ဆုတ်သွားသဖြင့် ဦးမောင်ခင် သက်ပြင်းချနိုင်သည်။





သမီးရှင်ဘက်ကလည်း ဖေယျငယ် အိမ်ကထွက်သွားတာကို ကြားရတည်းက ဝမ်းမသာသင့်ပေမယ့် တော်တော်လေး ဝမ်းသာသွားတာ။ မဟုတ်ရင် သမီးငယ်ကို ပြန်ခေါ်မရသည့် ပြဿနာကို ဘယ်လိုရှင်းရမှန်းမသိဘူးလေ။

သမီးကြီးအပေါ် တေကြီးက အကြင်နာမဲ့ကာ ...

သမီးလတ်နဲ့ သူ့ရလတ်တို့ ဦးမောင်ခင်နဲ့ အဆင်မပြေသောအခါ ဦးခွန်သိုက်မှာ သမီးငယ်လေးကို ဒီမိသားစုထဲ ထပ်မထည့်ချင်တော့။

သမီးငယ်ကလည်း တော်တော်ခါးသီးစွာ ငြင်းနေပြီဆိုတော့ ...။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဧေယျငယ်တစ်ယောက် အိမ်ကထွက်လာပြီး သူငယ်ချင်းတွေအဆောင်ကို ရောက်လာ၏။

ဧေယျသူငယ်ချင်း အာကာဦးက ဧေယျကို ဝမ်းသာအားရကြိုဆိုသည်။

အာကာဦးနဲ့ ဧေယျက တော်တော်ခင်ကြသည်။ အတက်တန်းကျောင်းမှာတည်းက အတူတူ။ GTCတက်တော့လည်း မေရျာတူတူ။ တစ်ယောက်အကြောင်းတစ်ယောက် သိပြီးသား။

ရန်ကုန်မြို့ပေါ်က သူဌေးသား ဧေယျငယ်ထက် နယ်မှလာပြီး အဆောင်ကနေကျောင်းတက်ရတဲ့ အာကာဦးက တောင် ပိုပြီး သုံးနိုင်စွဲနိုင်သေးသည်။

အာကာနဲ့ သူ ဆယ်တန်းကျမှ စတွဲမိကြပေမယ့် အာကာက ဆယ်တန်းတည်းက ရန်ကုန်မှာ ပညာရေးဘော်ဒါဆောင်တစ်ခုမှာ လာနေပြီး ကျောင်းတက်သူ။





ဆယ်တန်းအောင်တော့ အပြင်ဘော်ဒါဆောင်တစ်ခုမှာနေပြီး GTC ဆက်တက်သည်။

နယ်မှာ အာကာ့မိဘတွေက ကုန်စုံဆိုင်ဖွင့်ထား၏။ အာကာက တစ်ဦးတည်းသောသားမို့ သူ့မိဘတွေက လိုလေသေးမရှိပို့ရှာပါသည်။

သို့သော် အာကာကလည်း လိမ္မာရှာပါသည်။ ဆယ်ကျော်သက်အရွယ်တည်းက ရန်ကုန်မှာ တစ်ယောက်တည်းလာနေရင်း ကျောင်းလာတက်ပေမယ့် ဘာမှ မပျက်စီး။ ပျော့ပျော့ရမ်းရမ်းမရှိဘဲ စာကြိုးစား၏။ သို့သော် အာကာက ရည်းစားတော့ရှိ၏။ သူတို့မြို့ကပဲ။

အာကာ့ကောင်မလေးက အဝေးသင်နှင့် ဘွဲ့ရပြီးတော့ ရန်ကုန်မှာ စကားပြောသင်တန်းတွေတက်၊ ကွန်ပျူတာသင်တန်းတွေတက်ရင်း အလုပ်လာလုပ်နေသူ။

အာကာ့ဘဝက အေးချမ်းပါသည်။ ဧေယျတို့လောက်မချမ်းသာသည့် အာကာ့ဘဝက စိတ်ကတော့ ပိုပြီးချမ်းသာရောကောင်းသည်။

ထို့ကြောင့် ပိုက်ဆံဆိုတာ စိတ်ချမ်းသာအောင် မဖြေစားနိုင်ဘူးဟု ဧေယျ ကောက်ချက်ချမိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖခင်ရဲ့ အပြုအမူတွေအောက်မှာ ဖေယျ တစ်ယောက်ကတော့ ဂျစ်ကန်ကန်စိတ်တွေနဲ့ လူငယ်တစ်ယောက် ပီသတတ်နေပြီ။

လူငယ်ပီပီ စွန့်စားချင်သည်။ လွတ်လပ်ချင်သည်။ ထိုအရာတွေဖြစ်လာအောင် တွန်းပို့တာ ဖေဖေပဲလေ။ ပြီးတော့ အစ်ကိုနှစ်ယောက်ရဲ့ အိမ်ထောင်ရေးတွေက သူ နန်းငယ်ကို မယူရဲအောင် ခြောက်လှန့်ကြသည်။

နန်းငယ်ကိုယူရင် တစ်ခုမဟုတ်တစ်ခု အဖုအထစ် တွေဖြစ်နိုင်သည်။ နန်းငယ်ရော သူပါ စိတ်မပါဘဲနဲ့တော့ ဒီအိမ် ထောင်ရေးကို မတည်ဆောက်ချင်ဘူး။

နန်းငယ်ဆိုသည့် ကောင်မလေးကလည်း သူ့ကိုတွေ့ တိုင်း ဂျစ်ကန်ကန်လုပ်ပြခြင်းဖြင့် သူ့ကို မနှစ်သက်ကြောင်းပြ သည်။

မိန်းကလေးဆိုတော့ သူ့ကို မယူချင်ရင်တောင် မိဘကို အတိုက်အခံပြုပြီး အိမ်ကထွက်သွားလို့မှ မကောင်းတာ။

ဒီတော့ သူပဲ လူဆိုးလုပ်လိုက်ရတော့သည်။

မမကြီးနဲ့ မမလတ်ကလည်း သူ့ကို သူတို့ညီမနှင့် သဘောမတူ။





သူ့ကို မကြည်ဖြူလို့တော့ မဟုတ်ပါ။ ဖေဖေ့ကို ကြောက်ကြ၍သာ။

ဖေဖေ့ကို သူတို့ညီမလေးရဲ့ ယောက္ခမအဖြစ် လက် မခံနိုင်ကြတော့။

အဲဒါကြောင့် သူ အိမ်ကထွက်ခဲ့လိုက်တာ။ သူ မေမေ့ကိုတော့ သနားပါသည်။ မေမေခမျာ မျက်ရည်လည်ရွဲဖြစ် နေရှာ၏။

မေမေ့ကို သူ ဘယ်မှာရှိနေကြောင်း အကြောင်းကြား လိုက်သည်။

ဖေဖေတို့ပြန်ချက်ကတော့ ရက်စက်ပါသည်။ သတင်းစာထဲမှာ သူ့ကို သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် သည့်သတင်းပါလာခဲ့သည်။ ဒီလောက်တော့ သူ မျှော်လင့်ထား ပြီးသားပါ။

ထို့အတွက် သူက ဘာမှ မဖြစ်သော်လည်း မေမေ က လျှော့ရပြီး ဆေးရုံရောက်သွားခဲ့သည်။ ဆေးရုံရောက်မှ မေမေ့မှာ နှလုံးရောဂါရှိမှန်း သိရတော့သည်။

သူ ဆေးရုံကို ဖေဖေမသိအောင် သွားခဲ့ပါသေး သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သား ဘာမှ မဖြစ်ပါဘူး မေမေရယ်၊ သား တတ်တဲ့ပညာနဲ့ အလုပ်တစ်ခုတော့ရမှာပဲ၊ သားဘာသာ ရပ်တည်နိုင်ပါပြီ၊ ဖေဖေက သားကို ပညာသင်ပေးပြီးပြီပဲ မေမေ စိတ်မပူပါနဲ့၊ သား အဆင်ပြေပါတယ်"

"ငါ့သားလေးရယ် ... မင်း ဖေဖေကို မေမေ သည်းခံနိုင် တယ်၊ ဒါပေမဲ့ သားတွေနဲ့ပတ်သက်ရင်တော့ မေမေ သည်းမခံနိုင်ဘူး၊ ငါ့သားလေးတွေ တစ်ယောက်မှ ဆိုးဆဲ သူမပါဘူး၊ သူ ပေးစားတဲ့မိန်းကလေးတွေကို မယူတာနဲ့ ဒီလိုလုပ်တယ်၊ ပြီးတော့ သားကြီးရော သားလတ်ရဲ့ အိမ်ထောင်ရေးလည်း အဆင်မပြေကြဘူး၊ မေမေ စိတ် ဆိုးတယ်သား"

"မေမေရယ် ... မေမေ့ကျန်းမာရေးက အဓိကပါ၊ ကျန်းမာ ရေးကိုပဲ ဂရုစိုက်၊ သားအတွက် နည်းနည်းမှမပူနဲ့၊ ... ကိုကြီးနဲ့ကိုလတ်ထက် သားက ပိုပြီးတော့ စိတ်ချမ်းသာ နေတာ မေမေရဲ့"

♥ ♥





ဖေယျ အာကာအလုပ်လုပ်သည့်ကုမ္ပဏီမှာပဲ အလုပ် ဝင်လုပ်သည်။ အာကာ့သူငယ်ချင်းလည်းဖြစ်၊ သူတို့မှာလည်း ...ရာလစ်လပ်မှုရှိနေသဖြင့် ချက်ချင်း အလုပ်သွားတာပါ။

က်ဖာတာဆိုတာ တက်ချင်ရင်လည်း ချက်ချင်းကို ...က်တာပင်။

အာကာကို စင်ကာပူရုံးခွဲကိုပို့သည်။ သို့သော် အာကာက မကြာခင် သူ့ကောင်မလေးနှင့် လက်ထပ်တော့မှာမို့ ...င်ကာပူကို မသွားနိုင်ပါ။ ပြီးတော့ အာကာ့မိခင် ရုတ်တရက် ...နှောက်သွေးကြောပြတ်ကာ ဆုံးသွားသဖြင့် နာရေးကိုလည်း ...န်ရသေးသည်။ အာကာ ဘယ်လိုမှ စင်ကာပူကို မသွားနိုင်။ ...ရှားတွေ ဝမ်းသာအားရမျှော်လင့်နေသည့် အခွင့်အရေးကို အာကာ ငြင်းလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အာကာငြင်းဓော့ သူ့ကို လွှတ်သည်။ အဲလိုနဲ့ ဖေယျ စင်ကာပူရုံးခွဲကို ရောက်သွားသည်။

သွားရတုန်းကတော့ သုံးလတည်းပါ။ ဒါပေမဲ့ သူ့ရဲ့လုပ်ရည်ကိုင်ရည်ကို သဘောကျပြီး စင်ကာပူရုံးခွဲကလူကြီးက ဆက်ခေါ်ထားသဖြင့် သူ စင်ကာပူမှာပဲ ဆက်နေရသည်။ အဲဒီမှာ သူ ငြိမ်းနဲ့ တွေ့ခဲ့သည်။

ငြိမ်းက သူ့ထက်အသက်ပိုကြီးနိုင်သည်။ သို့သော် သွက်လက်ကာ သူ့ထက်ပင် ပိုပြီး ကလေးဆန်သေး၏။

ငြိမ်းက စင်ကာပူရှိ သူ့အဒေါ်ဖွင့်ထားသော ဖက်ရှင်ဆိုင်မှာ ရှယ်ယာထည့်ထားသူပါ။

သူနှင့်ငြိမ်း စင်ကာပူမှာပြုလုပ်သော စာပေဟောပြောပွဲမှာ တွေ့ခဲ့ကြသည်။

စင်ကာပူရောက် မြန်မာလူမျိုးတို့၏ နှလုံးသားအာဟာရတောင့်တမှုကြောင့် မြန်မာစာရေးဆရာကြီးများဖြစ်ကြသော ဆရာချစ်ဦးညို၊ ဆရာနေဝင်းမြင့်၊ ဆရာမဂျူးတို့ လာရောက်ဟောပြောကြသည်။ ထိုပွဲကို သူတို့ကုမ္ပဏီကလည်း စပွန်ဆာပေးသောကြောင့် သူ ထိုပွဲကိုတက်ဖြစ်ခြင်းပါ။





အဲဒီမှာ သူ ငြိမ်းကို စတွေ့ခဲ့သည်။ ငြိမ်းသည် ဆရာမဂျူး၏ ဟောပြောချက်များကို အားပါးတရထောက်ခံပြီး သဘောကျနေသည်။

ဆရာမဂျူး၏ ဇာတ်ကောင်များသည် မိန်းကလေးတွေအား အင်အားပေးသည်။ ထို့ကြောင့် မိန်းကလေးပရိသတ်၏ အသည်းစွဲဖြစ်သည်။

ထိုပွဲမှာ သူ ငြိမ်းကို မိတ်ဆွေသွားဖွဲ့ဖြစ်၏။ ငြိမ်းက ဖော်ရွေပါ၏။ ရေမြေခြားမှာတွေ့ရတဲ့ ကိုယ့်လူမျိုးကို မောင်နှမရင်းခြာလို သဘောထားပါသည်တဲ့။

နောက်ပိုင်းလည်း ငြိမ်းနဲ့သူ မကြာခဏ ဖုန်းပြောဖြစ်ကြသည်။ ငြိမ်းက ပွင့်လင်းသည်။ တခြားမိန်းကလေးတွေလို ရှယာမာယာမပိုတတ်။ ရယ်ချင်ရင် ပွင့်ပွင့်လင်းလင်းရယ်လိုက်တာပင်။ ပြောစရာရှိရင်လည်း အားမာတမ်းပြောတတ်သည်။

စာပေဟောပြောပွဲမှာ တွေ့ပြီးနောက်ပိုင်း ဖုန်းသာပြောဖြစ်ကြတာ။ လူချင်းတော့မဆုံခဲ့။ သူလည်း ငြိမ်းရှိရာမသွားဖြစ်သလို ငြိမ်းလည်း သူ့ဆီမလာခဲ့ပါ။

ဒါပေမဲ့ သူ့ဘဝမှာ ပထမဆုံးမိန်းကလေးသူငယ်ချင်းက ငြိမ်း။ ငြိမ်းကို သူပြောပြတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဖေယျုလည်း ငြိမ်းဘဝမှာ ပထမဆုံး ယောကျ်ား လေးသူငယ်ချင်းပဲ"

ဟု ပြန်ပြောတော့ သူ့ရင်ထဲ နွေးသွားခဲ့သည်။ နောက်ပိုင်းတွင် သူသည် ငြိမ်းနဲ့ ဖုန်းမပြောရရင် မနေနိုင်လောက် အောင် ဖုန်းပြောတာကို စွဲမက်လာ၏။ သို့သော် သူတို့ ဆုံဖို့ မကြိုးစားတာအမှန်။

♥ ♥





"မစ္စတာဖေယျု မြန်မာထမင်းဟင်းတွေ သတိရနေပြီလား"

"သတိမရပါဘူး ဂျီအမ်ရာ"

ဘယ်လိုလုပ် သတိရမှာလဲ။ အိမ်မှာ မေမေချက် ကြွေးတဲ့ ရေလုံပြုတ်သာသာဟင်းတွေနဲ့ ထမင်းစားမှုမမြိန်တာ။

"ဟုတ်ရဲ့လား၊ ကျွန်တော်က မစ္စတာဖေယျုကို မြန်မာထမင်း ဟင်းရတဲ့ဆိုင်မှာ လိုက်ကျွေးမလို့ဗျ"

"လိုက်ကျွေးရင်တော့ စားမှာပေါ့ ဂျီအမ့်ရ"

သို့နှင့် စင်ကာပူမှာဖွင့်ထားသော Oriental House ကို ရောက်ခဲ့ရသည်။

သူတို့ရောက်တဲ့အချိန်ဟာ နေ့လယ်စာစားချိန် ဖြစ်နေ တာမို့ စားပွဲတိုင်းတွင် လူပြည့်နေခဲ့၏။

နေရာလွတ်မရှိသဖြင့် မထိုင်ရသေးခင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ဧယျာ"

"ဟာ ... ငြိမ်း"

"တို့စားပွဲမှာ လာထိုင်လေ"

"နေပါစေ ငြိမ်း အားနာစရာကြီး၊ ငြိမ်းတို့ဘာသာလွတ်လွတ် လပ်လပ်စားပါ"

"တို့က တစ်ယောက်တည်းလာစားတာလေ၊ ဘာမလွတ်လပ်စရာရှိလို့လဲ"

အဲဒီလိုနဲ့ ငြိမ်းနဲ့တစ်ခါ ပြန်တွေ့ရတယ်။ အဲဒီနေ့က စားတာကို ဂျီအမ်က ရှင်းပေးတာတော့။

ငြိမ်းက ငြင်းသည်။ ငြိမ်းက ဘယ်သူကျွေးတာမှ မစားတတ်ဘူးဆိုတာကို သိလိုက်ရတယ်။ အရာရာကို အမေရိကန် စစ်စတမ်ပဲတဲ့။

ခုခေတ်မိန်းကလေးအတော်များများရဲ့စိတ်နဲ့တော့ ကွာသည်။

ထိုနေ့က ဂျီအမ်က စားပြီးတော့ သူ့ကိုထားခဲ့၏။

"မစ္စတာဧယျာ မိတ်ဆွေတွေ့တယ်ဆိုတော့ နေချင်နေခဲ့လေ၊ ကိုယ်သွားစရာလေးရှိသေးလို့ သွားနှင့်လိုက်မယ်"





အဲဒီလိုနဲ့ မမျှော်လင့်ဘဲ ငြိမ်းနဲ့အတူ စကားကြာကြာ ပြောဖြစ်ကြတယ်။

"ငြိမ်း ဒီကိုသက်သက်လာတာလား"

"မဟုတ်ဘူး၊ ငြိမ်း ဒီနေ့ ရှော့ပင်ထွက်လာတာ"

"ရှော့ပင် ဘာမှလဲ မဝယ်ရသေးဘူး"

"ဟုတ်တယ် ဘာမှ ဝယ်ချင်စိတ်မရှိပြန်ဘူး"

"ငြိမ်းကိုကြည့်ရတာ စိတ်နဲ့ကိုယ်နဲ့ မကပ်သလိုပဲ"

"ဟုတ်တယ်"

"ကိုယ်နဲ့ရော စကားပြောချင်ရဲ့လား"

"ငြိမ်းတစ်ယောက်ယောက်နဲ့ စကားပြောချင်ပါတယ်"

"ကိုယ်ဆိုရင်ရော"

"ဖြစ်ပါတယ် ဧယျာရယ်"

"ကိုယ်လေ ငြိမ်းနဲ့ ဖုန်းတစ်ရက်မပြောရရင် တစ်ခုခုလို နေသလိုဖြစ်နေပြီ၊ ကိုယ် ရိုးရိုးသားသားပြောတာနော်"

"ယုံပါတယ် ဧယျာရယ်"

"ငြိမ်း ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းဝန်ခံရရင် ဒီနေ့က ကိုယ်အသည်းကွဲတဲ့နေ့ပဲ"

"သြော်"

ဖေယျ နည်းနည်းတော့ ဆွေးသလိုလိုဖြစ်သွား၏။ ဘာကြောင့်လဲ။

ငြိမ်းပုံစံက တစ်ခုခုကို မှန်းကျုပ်ခံစားနေရသလိုလို။

"ကောင်းပြီ ငြိမ်း၊ အသည်းကွဲတဲ့နေ့ကို မေ့သွားအောင် ကိုယ် ဘာလုပ်ပေးရမလဲ"

"ရယ်စရာတစ်ခုခုပြောပြမလား"

"ခက်တာပဲ၊ ကိုယ်က ဟာသ လုံးဝမပြောတတ်ဘူး၊ ကိုယ်ပြောရင် ရယ်ရမှာမဟုတ်ဘူး၊ နားထောင်ရတဲ့သူ ကြောင်စီစီဖြစ်သွားလိမ့်မယ်၊ မရယ်ရဘဲလေ"

ဖေယျ ခေါင်းကုတ်ပြီးပြောနေတာကို ကြည့်ပြီး ...

"ခုပုံတောင် တော်တော်ရယ်ရတယ်"

"ဟုတ်လား ... ဟား ဟား"

အဲဒီနေ့က ငြိမ်းကို အဖော်ပြုရင်း ငြိမ်းရှေ့ပင်ထွက်ရာကို အထုပ်လိုက်ဆွဲပေးရတာပေါ့။



ငြိမ်းကတော့ တဖြည်းဖြည်း ငှိုင်နေရာကနေ ပျော်ရွှင်လာပုံရသည်။

"ဟိတ် ... ရှင့်ကို ကျေးဇူးတင်လို့ တစ်ခုခုဝယ်ပေးချင်တယ် ဘာဝယ်ပေးရမလဲ"

"ဆောရီး ငြိမ်း၊ ကိုယ် မိန်းကလေးတစ်ယောက် ဝယ်ပေးတာကို ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး"

"မဆိုးဘူး၊ ရှင့်စိတ်ဓာတ်ကို လေးစားပါတယ်"

"ငြိမ်းတောင်မှ ကိုယ်စရိုက်ကိုယ်ရှင်းသေးတာပဲ"

"ဖေယျ ... ရှင် ကျုပ်ထက်ငယ်မယ်ထင်တယ်"

"မငြိမ်းလို့ခေါ်စေချင်တာလား"

"ဟင့်အင်း ... ကျုပ်နာမည်ကို မ,တပ်ခေါ်လိုက်ရင် အဓိပ္ပာယ်ပြောင်းပြန်ကြီးဖြစ်သွားလို့ ကျုပ် မကြိုက်ဘူး"

"ဒါဆို ဘာလို့ ငြိမ်းက ကိုယ်ငယ်တယ်လို့ ပြောရတာလဲ"

"မင်းက ဖြူစင်သေးလို့ပါ၊ ယောကျ်ားတို့တတ်ကြတဲ့ ပညာတွေ အပြည့်မတတ်သေးလို့၊ မင်းက ဘွဲ့ရပြီးသားထင်ပါတယ်၊ ဒါပေမဲ့ ဝါတော့နုသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး၊ ယောက်ျားတွေစိတ်တဲ့ပညာ"

"ခုခေတ်ယောက်ျားလေးတွေက မိန်းကလေးတွေပေးတဲ့ လက်ဆောင်ကို နှစ်သက်တတ်ပြီး မိန်းကလေးပိုက်ဆံနဲ့ရှင်းမယ့် ကော်ဖီဝိုင်းကို အရသာရှိတတ်ကြလို့"

♥ ❀ ♥

ငွေဖန်စာ၊ အကြံပေးစာနှင့် စိတ်ဝင်စားဖွယ်ရာများ ရေးပို့ပါလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





နောက်ပိုင်း ငြိမ်းနဲ့ ပိုပြီးရင်းနှီးခဲ့ကြသည်။ တစ်လတစ်ခါလောက် သူ ငြိမ်းဆီသွားဖြစ်ခဲ့သည်။ ငြိမ်းရှိရာ ငြိမ်းအဒေါ်ရဲ့ ဖက်ရှင်ဆိုင်ကိုပေါ့။

ငြိမ်းအဒေါ်ရဲ့ ဖက်ရှင်ဆိုင်က မြန်မာဖက်ရှင်ဆိုင်ပါ။ လုံချည်၊ ပုဆိုး၊ တိုက်ပုံ၊ ချိတ်လုံချည် စသဖြင့် မြန်မာရိုးရာဝတ်စုံတွေနှင့် မြန်မာပန်းချီဆရာတွေရဲ့လက်ရာ ပန်းချီကားတွေပါပြထားသည်။

"ငြိမ်း ဒီတိုက်ပုံတွေ ချိတ်တွေက ရောင်းရလို့လား"

"ဒီမှာ မြန်မာတွေလုပ်တဲ့ ပွဲတစ်ခုခုရှိတယ်ဆိုရင် ရောင်းရတယ်၊ ပြီးတော့ မြန်မာသံရုံးမိသားစုတွေကလည်း ဝယ်တယ်၊ မြန်မာ့ရိုးရာအဝတ်အစားတွေကို လာလေ့လာတဲ့သူတွေနဲ့ဆိုတော့ မဆိုးပါဘူး၊ တချို့မြန်မာပြည်မှာ ပွဲတစ်ခုခုတက်စရာရှိလို့ မြန်မာဝတ်စုံဝယ်သွားချင်ရင် နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com



သားတွေလည်း ဝယ်ကြတယ်၊ ဒီမှာက ချုပ်ပြီးသား ရယ်ဒီမိတ်လည်းရတယ်၊ တကယ်လို့ ရယ်ဒီမိတ်တွေအ ကိုယ်နဲ့အဆင်မပြေဘူးဆိုလည်း ချက်ချင်း ချုပ်ပေးတယ် လေ၊ ရက်ချိန်းကတော့ သုံးရက်ပဲယူတယ်"

"ဟာ ... ကောင်းတာပေါ့"

"ဒီဆိုင်က အမြတ်အစွန်းအတွက်ဖွင့်တာ မဟုတ်ပါဘူး ဖက်ရှင်ဆိုင်ဆိုတော့ ကိုယ့်ရိုးရာဝတ်စုံကို စင်ကာပူမှာလည်း ချပြတဲ့သဘောနဲ့ဖွင့်တာ၊ ပန်းချီကားတွေကတော့ မြတ် တယ်"

"ဩော်"

"ဒါနဲ့ ရှင် ဒီမှာ ဘယ်လောက်နေမှာလဲ"

"နောက်နှစ်လပဲ ငြိမ်းရဲ့၊ ကိုယ်က မြန်မာပြည်ကံဝန်ထမ်း လေ၊ ဒီကို ခဏလာကူရတာ"

"ဒါဆို ရှင် ဒီကို နှစ်ခေါက်လာဦးမယ်ပေါ့"

"ဒါပေါ့ ငြိမ်းရဲ့၊ တစ်လတစ်ခေါက်ပေါ့ ... ဟား ဟား"

♥ ✿ ♥





တစ်ခေါက်နဲ့တစ်ခေါက် သူ ငြိမ်းဆီသွားရတာ တက်ကြွလာ၏။ ငြိမ်းဆီရောက်တော့ ငြိမ်းကို အနွေးထည်နှင့် တွေ့ရ၏။

"ငြိမ်း နေမကောင်းဘူးလား"

"ဟုတ်တယ်၊ ရှင်လာမယ်ဆိုလို့ မှောင့်နေရတာ၊ မဟုတ် ရင် အိပ်ရာထဲနှပ်နေမှာ"

"ဖုန်းဆက်တုန်းကတော့ မပြောဘူး"

"ညကမှဖြစ်တာ၊ ညက ရှင်နဲ့ဖုန်းပြောပြီးတော့ အိုက်တာနဲ့ ရေချိုးလိုက်တယ်လေ"

"ဖြစ်ရလေ၊ ဒီလောက်ညဥ့်နက်နေမှ"

"ဟုတ်တယ်၊ ကျွန်မက တစ်ခါတစ်ခါ အဲလိုပဲ"

"ဆေးသောက်ထားလား၊ ဆေးခန်းမပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်မဟုတ်ပါဘူး၊ ကော်ဖီပူပူလေးတစ်ခွက် လောက်သောက်ရရင် အိုကေသွားမှာပါ"

"ကဲ ... လာ၊ ဟိုရှေ့က ကော်ဖီဆိုင်သွားကြမယ်"

ငြိမ်းတို့ဆိုင်ရှေ့က ကော်ဖီဆိုင်ထိုင်မြစ်တယ်။ ကော်ဖီပူပူလေးကို မှုတ်သောက်နေတဲ့ ငြိမ်းမျက်နှာက အဖျားသွေးငွေ့ပြီး နီနေတယ်။

ငြိမ်းရဲ့မျက်နှာကျက အချောအလှကြီးမဟုတ်ပေမယ့် ကြည့်လို့တော့ကောင်းသည်။

တစိမ့်စိမ့်ကြည့်တာတောင် မရိုးသည့်မျက်နှာမျိုး။ တချို့ မျက်နှာကျတွေက လှပေမယ့် ကြာကြာအကြည့်မခံ။

"ရှင် ဘာကြည့်နေရတာလဲ"

"ငြိမ်းမျက်နှာက အကြည့်ခံတယ်၊ ကြည့်လို့ကောင်းလို့ ကြည့်နေတာ"

"ဒါလည်း ရိုးရိုးသားသားပြောတာပဲလား"

"အဲလိုပဲမှတ်လိုက်ပါ"

"ဘာလဲ ရှင်နှော် မရိုးမသားမစဉ်းစားနဲ့ ကျွန်မနဲ့ခင်ချင်ရင်တော့ ရိုးသားပါ"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"





သူ ပြောင်ချော်ချော်ပြောတော့ ငြိမ်းက မျက်စောင်းထိုးသည်။ ငြိမ်း မျက်စောင်းထိုးတာ တော်တော်လှမှန်း သူ ဒီနေ့မှသိသည်။

"ငြိမ်း"

"ဘာလဲ"

"ချောကလက်ကြိုက်လား"

"မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ချောကလက်ဆိုတာ နှလုံးသားမရှိတဲ့သူနဲ့ မတည့်ဘူး"

"ထားပါတော့ ... ထားပါတော့"

"ရှင်ရော ချောကလက်ကြိုက်လား"

"ကိုယ့်နှလုံးသားက အကောင်းကြီးရှိသေးတယ်လေ"

ငြိမ်းက ဟက်ဟက်ပက်ပက်ရယ်သည်။ သူများစကားလုံးကို သွယ်ဝိုက်တဲ့နည်းနဲ့ ခိုးချတယ်လေ။

"ငြိမ်း"

"ပြော"

"ငြိမ်းက စာရေးဆရာတွေထဲမှာ ဘယ်သူ့ကိုအကြိုက်ဆုံးလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူရယ်လို့ သတ်သတ်မှတ်မှတ်မရှိဘူး၊ ဘာလို့လဲ ဆိုတော့ ငြိမ်းက စာရေးဆရာကို စိတ်မဝင်စားဘူး စာကိုပဲ စိတ်ဝင်စားတယ်၊ စာတစ်အုပ်၊ စာတစ်ပုဒ်၊ တစ်ကြောင်းက ကောင်းတယ်ဆိုရင် ငြိမ်းကြိုက်တယ် စာရေးဆရာတိုင်းမဟုတ်ဘူး၊ စာကောင်းရေးတဲ့ စာရေး ဆရာတိုင်းကို ငြိမ်း ကြိုက်တယ်၊ မမှားသောရှေ့နေလေ စာရေးဆရာတစ်ယောက်ရေးလိုက်တဲ့စာတိုင်းက အကောင်း ချည်းပဲ ဖြစ်ချင်မှဖြစ်မယ်၊ တစ်ခါတလေ အမှားအယွင်း မကောင်းတဲ့စာတွေ ပါချင်ပါမယ်၊ ငြိမ်းက စာဖတ်သူတစ် ယောက်အနေနဲ့ ကောင်းတဲ့စာကိုရွေးဖတ်ပြီး ကိုယ့်စိတ် ကျေနပ်မှုကိုရှာတယ်”

“ငြိမ်း အယူအဆကတစ်မျိုးပဲ”

“ဟုတ်တယ်လေ၊ ဥပမာ အဆိုတော်ကိုကြိုက်သလိုပေါ့ ဒီအဆိုတော်ကိုကြိုက်ပေမယ့် ဒီအဆိုတော်ဆိုတဲ့ သီချင်း တိုင်းကို ကြိုက်ချင်မှကြိုက်မယ်၊ ကိုယ်သဘောကျတဲ့ ကိုယ်နှစ်သက်တဲ့သီချင်းကိုဆိုရင် ကြိုက်လိုက်တာပဲ၊ ဒါပေမဲ့ တစ်ခုတော့ရှိတာပေါ့၊ Flow ကို ကြိုက်တာမျိုးတော့ရှိတယ်”

“အင်း … ဟုတ်တယ် … ဖှုတ်တယ်၊ ကိုယ်ပြောတာ အဲ့ဒါ ဘယ်စာရေးဆရာရဲ့ ရေးပုံရေးနည်းကိုကြိုက်လဲ”





“ပြောရင်တော့ လွှမ်းသွားလိမ့်မယ်၊ ဆရာဇော်ဂျီကို ကြိုက် တယ်၊ ဇေဒါလမ်းရေးသွားတဲ့ Flow ပေါ့၊ ရိုးရှင်းတယ်၊ ထိမိတယ်၊ ဖော်ပြချင်တဲ့ အကြောင်းအရာကို ပရိသတ်ဆီ ဒိုင်းခနဲရောက်အောင် ပို့နိုင်တယ်၊ အဲဒါမျိုးကို ကြိုက်တယ်”

“အင်း … ဟုတ်တယ်နော်”

“ဒါပေမဲ့ နမြောစရာပဲနော်၊ ဆရာကြီးကို ငြိမ်းတို့မှ မမီ လိုက်တာ”

“ဟုတ်တယ်၊ ကိုယ်တို့မမီလိုက်တဲ့ ဟိုဘက်ခေတ်က လက်ရာကို ဒီဘက်ခေတ်က ကိုယ်တို့က ပြန်တမ်းတရ တယ်၊ အဲဒါ အနုပညာအစစ်ပဲ”

“ဟုတ်တယ်၊ ငြိမ်းတို့ခေတ်မှာလည်း သမိုင်းတွင်မယ့်စာ ကို ရေးသားချန်ရစ်နိုင်တဲ့သူ ရှိပါစေလို့ ဆုတောင်းရမှာပဲ၊ ဒါပေမဲ့ ငြိမ်းတို့ကတော့ ပါရမီမပါပါဘူး”

“ဟား ဟား … အဖျားရှူးသွားပြီ”

ငြိမ်းက မျက်စောင်းထပ်ထိုးတယ်။ အဲဒီ ဒုတိယ မြောက်မျက်စောင်းသည် ? …။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူကမပြန်ခင် ငြိမ်းဆီကို သွားတဲ့နောက်ဆုံးတစ်ခေါက် ငြိမ်းက နိုင်ငံခြားသားတွေကို မန်းချီကားတွေအကြောင်း ရှင်းပြနေသည်။ အင်္ဂလိပ်စကားကို ရွှန်းရွှန်းဝေအောင်ပြောပြီး ပန်းချီကားတွေအကြောင်း ရှင်းပြနေတဲ့ ငြိမ်းဟာ ပန်းချီအကြောင်းကိုလည်း တော်တော်နားလည်သည်။

တော်တော်လေးရှင်းပြပြီးတော့ ပန်းချီကားနှစ်ချပ်ရောင်းလိုက်ရသည်။

"ကွန်ဂရက်ကျူလေးရှင်း ငြိမ်း၊ ဒီနေ့တော့ ခိုင်သွားပြီပေါ့"

"ခိုင်တယ်လည်းမဟုတ်ပါဘူး၊ တစ်ခါတလေ တစ်လလုံး မရောင်းရတဲ့နေ့တွေတောင် ရှိသေးတယ်"

"ကော်ဖီ ကိုယ်တိုက်မှာပါကွ..."

"နေပါ၊ ကိုယ့်ဘာသာရှင်းကြေးပဲ"

ဇေယျာက သူ့ကို ဆွဲထဲပြသည်။





"ငြိမ်း ကိုယ် ဒီလကုန်ပြန်မယ်"

"ဟုတ်လား"

"ငြိမ်းရော ဒီမှာ ဘယ်လောက်နေမှာလဲ"

"တစ်သက်လုံး ဖြစ်ချင်ဖြစ်နိုင်တယ်"

"တကယ်"

"ဟုတ်တယ်"

"ဟား ... ဆွေးစဉ်ပဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ မသိဘူး၊ ကိုယ့်ရင်ထဲမှာ တစ်မျိုးကြီးပဲ"

"ဟိုတ် ... ဘောင်မကျော်ကြေး"

"ငြိမ်း မိဘတွေရော"

"မြန်မာပြည်မှာပေါ့"

"ဟင် ... ဒါဆို ငြိမ်းက ဒီမှာတစ်ယောက်တည်း ဘာလုပ်မှာလဲ"

"သြော် ... ဇေယျာရယ်၊ တစ်ခါတလေကျရင် ဒီလိုပဲ အဆင်ပြေတဲ့နေရာမှာ နေရမှာပဲလေ"

"တစ်နေ့နေ့မှာ တစ်ယောက်ယောက်က ငြိမ်းကို မြန်မာပြည်ပြန်ခေါ်ခဲ့ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာချင်လောက်အောင်ခေါ်ရင်လည်း တစ်မျိုးပေါ့"

"ငြိမ်း"

"ပြော"

"ကိုယ်ကခေါ်ရင်ရော"

"ဘာ"

"ဟုတ်တယ် ငြိမ်းရယ်၊ ကိုယ်လေ မြန်မာပြည်ကိုပြန်ရ ကာနီးမှာ တစ်မျိုးကြီးခံစားရတယ်၊ ငြိမ်းက ဒီမှာ အပြီးနေ ချင်တယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ပိုသေချာသွားတယ်၊ ကိုယ် ငြိမ်းနဲ့ မခွဲချင်ဘူး"

"ဘုရားရေ ... ရှင် အခု ဘောင်ကျော်ဖို့စဉ်းစားနေတာလား"

"မဟုတ်ဘူး၊ ကိုယ် ငြိမ်းကို ချစ်တယ်လို့ပြောမလို့"

"ဧယျ"

"တကယ်ပါ ငြိမ်းရယ်၊ ကိုယ် မင်းကို တကယ်ချစ်တာပါ"

"မဖြစ်နိုင်ဘူး ဧယျ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ဧယျငယ်ဖြစ်နေလို့ပဲ"

"ဘယ်လို"

"ဟုတ်တယ်၊ မင်းက ဧယျငယ်ဖြစ်နေလို့ပဲ၊ ကိုယ် ဘယ်သူလဲ မင်းသိလား၊ ကိုယ်က မင်းအစ်ကိုရဲ့ချစ်သူ ဟောင်း မညီမာမာရဲ့ ညီမဝမ်းကွဲပဲ"





"ဗျာ"

"ဟုတ်တယ်၊ ငါ့ရင်ထဲမှာ ငါ့အစ်မအတွက် ဘယ်လောက် နာကြည်းနေမလဲ စဉ်းစားကြည့်လေ"

"ဒါပေမဲ့ ငြိမ်းရယ်၊ ငြိမ်းက မညီမာမဟုတ်သလို၊ ကိုယ် ကလည်း ကိုကြီးမဟုတ်ဘူးလေ"

"ဟင်း ဟင်း ... ဒါပေမဲ့ မင်းတို့က ဦးမောင်ခင်ရဲ့ သား တွေပဲလေ"

"ငြိမ်းရယ် ... ငြိမ်းက ခေတ်ပညာတတ်တစ်ယောက်ပါ၊ ခွဲခြားတတ်စမ်းပါ ငြိမ်းရယ်၊ ကိုယ်က ကိုယ်မလုပ်ခဲ့တဲ့ အပြစ်ရဲ့ အကျိုးဆက်ကို လက်ခံရမှာလား၊ ကိုယ် ငြိမ်း ကိုချစ်တာကို သပ်သပ်မမြင်ပေးနိုင်ဘူးလား"

"မင်း ငယ်ပါသေးတယ် ဧယျရယ်၊ ငါ မင်းကို သပ်သပ် မြင်ပေးလို့ ခုလို ဖွင့်ပြောတာပေါ့၊ မင်းမလုပ်တဲ့အပြစ် အတွက် မင်းကို လက်စားမချေချင်ဘူး"

"ငြိမ်းရယ်"

"မင်းက ရိုးသားတယ်၊ ပွင့်လင်းတယ်၊ ပြီးတော့ မင်း ငယ်သေးတယ်၊ ဒီတော့ ခံရတဲ့သူဘက်က ခံစားချက်ကို မင်း သိမှာမဟုတ်ဘူး၊ ငါက ငါ့အစ်မအတွက် သိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



နာခဲ့တာ၊ မင်း ဒီလောက်ဆို သဘောပေါက်ပေါ့၊ ငါ့နား က မြန်မြန်ခွာတာ မင်းအတွက် ကောင်းလိမ့်မယ်”

“မဆိုင်ဘူးကွာ၊ အဲဒီကိစ္စတွေ ကိုယ်နဲ့ မဆိုင်ဘူး၊ ကိုယ် ငြိမ်းကိုချစ်တယ်၊ ကိုယ် ငြိမ်းနားက ခွာမသွားနိုင်ဘူး ကိုယ် အခု မြန်မာပြည်ကို ခဏပြန်မယ်၊ ခဏပြန်တာနော် ငြိမ်း၊ ကိုယ် ပြန်လာခဲ့မယ်၊ တောင်းပန်တယ် ငြိမ်း၊ ငြိမ်း က ကိုယ့်ရဲ့ပထမပဲ”

“မင်း အစ်ကိုကလည်း ငါ့အစ်မရဲ့ ပထမဖြစ်ခဲ့ဖူးတယ် ဖေယျ”

♥ ❀ ♥





သူ စင်ကာပူကပြန်တဲ့နေ့က သူမကို ဖုန်းဆက်လိုက်သေးသည်။

“ငြိမ်း”

“မင်း ဖုန်းမဆက်သင့်တော့ဘူးလေ”

“ငြိမ်း အခု ကိုယ် လေယာဉ်ကွင်းကဆက်နေတာ၊ Please ပြန်ခေါက်ရမယ့်စကားတွေ မပြောပါနဲ့လား”

“ငြိမ်းဆိုတဲ့နာမည်က ဖေယျအတွက် ပူလောင်နေမှာစိုးတယ် ဖေယျ”

“မလိုဘူး ငြိမ်း၊ ကိုယ့်အတွက် ငြိမ်းပေးတဲ့အရာ ငြိမ်းနဲ့ ပတ်သက်တဲ့အရာမှန်သမျှ အိုအေစစ်ပဲ၊ ငြိမ်း ကိုယ် အခု မြန်မာပြည်ပြန်မယ်၊ ပြန်လာခဲ့မယ်၊ ဒါပေမဲ့ ပြန်လာဖို့ လုပ်ရမှာ နည်းနည်းကြာချင်ကြာမယ်၊ ကိုယ် လွမ်းနေမယ် ငြိမ်း”



www.burmeseclassic.com

www.burmeseclassic.com



"မလွမ်းသင့်တဲ့အလွမ်းက ပိုပြီး ပူလောင်တယ် ဖေယျ"

"အလွမ်းဆိုတာ အတိတ်နဲ့မဆိုင်ဘူးလေ၊ အလွမ်းမှာ အပြစ်မရှိဘူး၊ မလွမ်းသင့်တဲ့အလွမ်းဆိုတာလည်း မရှိဘူး၊ ငြိမ်းကို ကိုယ် သိပ်ချစ်တယ် ငြိမ်း၊ ကိုယ် ငြိမ်းနားကို ပြန်လာခဲ့မယ်"

"မင်းကို ကိုယ် လက်စားချေမှာမကြောက်ဘူးလား ဖေယျ"

"ကိုယ့်ကို လက်စားချေလိုက်ရလို့ ငြိမ်းရင်ထဲကအာဃာတတွေ ပြေမယ်ဆိုရင် ကိုယ့်နှလုံးသားကို အကြွေခံမယ် ငြိမ်း"

"သွားပြီ ဖေယျ၊ မင်း တကယ်ရူးသွားပြီ"

"နော် ငြိမ်း"

"ဘာလဲ"

"ပြန်လာခဲ့မယ်လို့"

"မလာပါနဲ့"

"အဲဒါ မျိုးကြီး သီချင်းခေါင်းစဉ်လေ ငြိမ်းရဲ့"

ဖေယျရယ် မင်းလည်း တစ်ချိန်က ညီမာမာလိုပဲ သိပ်ရူးသွပ်နေပါလား။ ဒါပေမဲ့ မင်းက တစ်ချိန်က ညီမာလိုပဲ ပြုံစင်နေလို့ မင်းကို လက်စားမချေရက်ဘူး။





တေဇကြီးကြောင့် သေဆုံးခဲ့တဲ့ ညီမာ့အတွက် မင်းကို အလျော်ပြန်မယူချင်ပါဘူးကွာ။

မင်းဘာသာ အေးရာအေးကြောင်းမှာနေပါ။ ငါနဲ့ဝေးရာမှာနေပါ။ ငါက အသည်းကွဲဖူးတဲ့မိန်းမ။ မင်းအတွက် ငါမှာ အကောင်းကပကတိ အသည်းနှလုံးတစ်ခု မရှိတော့ဘူး။ မင်းကို ချစ်စရာအချစ်လက်ကျန်မဲ့နေတဲ့ ငါ့နားကို တိုးမလာပါနဲ့။

"ငြိမ်း"

"ဟင်"

"ပြန်လာခဲ့မယ်နော်၊ အခု လေယာဉ်ပေါ်တက်ရတော့မှာမို့ ဘိုင်"

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဖေယျ စင်ကာပူကိုမလာခင် ငြိမ်းကအရင် မြန်မာပြည်ကို ပြန်ခဲ့ရသည်။

"ငြိမ်း"

မမျှော်လင့်ဘဲ ဒဂုံစင်တာမှာ ငြိမ်းကိုတွေ့ရတော့ တော်တော်အံ့ဩသွားသူက ဖေယျပါ။

"ငြိမ်းရယ် ပြန်ရောက်နေတာတောင် ကိုယ့်ဆီမဆက်သွယ်ဘူး"

"လိမ့်မလိုတာ"

"ငြိမ်းကလည်းကွာ၊ ဒါနဲ့ ငြိမ်း ဘာလို့ ပြန်ရောက်နေတာလဲ"

"ကျုပ်အ... နေမကောင်းလို့ ပြန်ခဲ့ရတာ"

"ဪ"



"မိဘတွေအတွက် နောက်ဆံတင်းနေရလို့သာ မဟုတ်ရင် ကျုပ် ပြန်လာဖြစ်မှာ မဟုတ်ဘူး"

"ကိုယ်...တော့ ငြိမ်းနဲ့ပြန်တွေ့ရလို့ ဝမ်းသာတယ်၊ ကိုယ် ဒဂုံစင်တာကိုလာခဲ့တယ်၊ ခုမှ ဒီအပေါ်ထပ်မှာရှိတဲ့ ကုမ္ပဏီ တစ်ခုကိုလာရင်း စင်တာထဲ ကော်ဖီဝင်သောက်တာ၊ ငြိမ်းနဲ့တွေ့ရတယ်၊ ရေစက်ရှိလို့ ငြိမ်းရဲ့သိလား"

"တော်ပါ"

"ဪ ... ငြိမ်းအမေကို သတင်းလာမေးလို့ရမလား"

"မလာနဲ့ ရှင့်ကို ဦးမောင်ခင်သားမှန်းသိရင် ကျုပ်အမေ သွေးတက်သွားလိမ့်မယ်"

"ငြိမ်းကတော့ လုပ်ပြီ၊ ဒါဆို ငြိမ်းကို ဖုန်းဆက်ချင်တယ်၊ ဒီကဖုန်းနံပါတ်ပေးဦး"

"မပေးဘူး"

"ဒါဆိုရင်တော့ တစ်နည်းပဲရှိတယ်၊ ခုချိန်ကစပြီး ငြိမ်းနောက် တကောက်ကောက်လိုက်ရုံပဲ၊ အဲဒါမှ ငြိမ်းလိပ်စာသိပြီး ဖုန်းနံပါတ်စုံစမ်းလို့ရမှာ"

"ရှင် တော်တော်ဉာဏ်များတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းရွှတ်ပြတဲ့ ဖုန်းနံပါတ်ကို သူ့ရဲ့ ငါးသိန်းတန် ဖုန်းထဲထည့်မှတ်လိုက်သည်။

"အိုခေ ... ကိုယ် ညနေကျ ဖုန်းဆက်လိုက်မယ် ငြိမ်း"

"ညနေ ကျုပ်မအားဘူး၊ ကျုပ်အမေကို ဆေးခန်းသွားပြ ပေးရမယ်"

"ဒါဆို ညဆက်မယ်ကွာ"

ငြိမ်းက မျက်စောင်းတစ်ချက်ထိုးခဲ့ပြီး ထွက်သွား၏။ သူလည်း အလုပ်ကိစ္စနဲ့ လာတာမို့ ကုမ္ပဏီကို ပြန်ရသည်။

ငြိမ်းက ဘယ်မှာနေတာမှန်း သူ မရေရာ။ စင်ကာပူ မှာနေတာလား၊ မြန်မာပြည်မှာနေသလား။ ဘာမှန်းမှမသိဘဲနဲ့ သူ စင်ကာပူထွက်ဖို့ မလုပ်ရဲတော့ပါ။ ငြိမ်းရယ် တကယ်ပါး မင်းရင်ထဲမှာ အမျက်ပြေမယ်ဆိုရင် ကိုယ့်အချစ်တွေကို မျက်ခြေ သုံးသွားလှည့်ပါ။





သူ ငြိမ်းကို တကယ်ချစ်သွားခဲ့ပါသည်။

မညီမာရဲ့ ညီမဝမ်းကွဲဆိုတော့ ပိုပြီး ပေးဆပ်ချင်သွားခဲ့၏။

ကိုကြီးနဲ့ မညီမာတို့နှစ်ဦးမှာ မညီမာကို သနားခဲ့၏။ သူ့ခမျာ ကိုကြီးအတွက် အသက်ပါစွန့်ရတဲ့အထိ အသည်းကွဲခဲ့ ရှာသည်။

မညီမာ ယာဉ်တိုက်မှုဖြစ်တာ ကိုကြီးမင်္ဂလာပွဲက အပြန်လေ။ တကယ်လို့သာ ကိုကြီး မနန်းကြီးကို မယူခဲ့ရင် ညီမာ သေပါ့မလား။

သူ့ကံနဲ့သူ သေနေ့စေလို့ သေရတာဟု ဘယ်လိုပဲ ဖြေတွေးဖြေတွေး ကိုကြီး ပယောဂမကင်းပါ။

သို့သော် ဒါတွေက သူနဲ့ငြိမ်းကြားကို ဘာလို့လာ ကြိုးခတ်ခဲ့ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ငြိမ်းတွေ့ခဲ့တာက ခုနောက်ပိုင်းမှာလေ။ ဦး
တော့ တိုက်ရိုက်မပတ်သက်ခဲ့တဲ့သူက ပြစ်ကြွေးဖြေရမှာ အထ
မကျ။

ကိုကြီးမှုခဲ့တဲ့အပြစ်အတွက် သူ့နှလုံးသားကို စေ
လိုက်ဖို့မှ မတန်တာ။

ငြိမ်းရဲ့ရိုးသားဖြူစင်မှုကို သူ ချစ်ခဲ့တာက ကိုကြီး
ဘယ်လိုမှ မသက်ဆိုင်။

ပို၍ မဆိုင်တာက ခုချိန်မှာ သူက မိဘကစွန့်ပ
ထားတဲ့သား။

♥ ❦ ♥





အင်းလျားရေပြင်ကို ဖြတ်တိုက်လာတဲ့ လေအေးက ငြိမ်းဆံနွယ်တွေကို ကလူကျီစယ်သွားသည်။

သူ ယိတွေ့ခွင့်မရတဲ့ ငြိမ်းရဲ့ဆံနွယ်တွေ။

"ဖေယျ မင်း တော်တော်ခေါင်းမာပါလား"

"ဒီလိုပါပဲ ငြိမ်းရယ်၊ နှလုံးသားက စေခိုင်းနေတော့လည်း"

"ကောင်းပြီ မင်းကို ငါ တစ်ခါပြောဖူးတာကို သတိရသေးလား၊ ငါ အသည်းကွဲတဲ့နေ့ဆိုတာလေ"

"အင်း သတိရတယ်"

"ငါ သူ့နေရာကို အစားထိုးလို့မရဘူး ဖေယျ"

"သူ ဘယ်ရောက်သွားလို့လဲ"

"သူ သေသွားပြီ"

"ဟာ ... ကိုယ် စိတ်မကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သေသောသူကြာရင်မေ့ဆိုပေမယ့် အဲဒီသူက ကို ချစ်သူဖြစ်နေတော့ ကြာလေလေ သတိရလေလေဖြစ်နေတာ ဖေယျ"

"ငြိမ်းရယ်"

"ကိုယ်နောက်ထပ်အချစ်ဆို လက်မခံနိုင်တော့ဘူး၊ ကိုယ့်နားကို အချစ်လို့အမည်တပ်ပြီး ရောက်လာရင် ကိုယ် စိတ်ညစ်တယ်၊ စိတ်အနှောင့်အယှက်ဖြစ်ရတယ်"

ဖေယျ ခေါင်းငိုက်စိုက်ကျနေ၏။

♥ ♥ ♥



ငြိမ်းရဲ့ခါးသည်းမှုတွေကြောင့် သူ ငြိမ်းနားကို မသွားရဲ။ ငြိမ်းနောက်ကွယ်ကနေပဲ ငြိမ်းမသိအောင် သွားခိုးငေးပြီး အလွမ်းဖြေရတယ်။ ငြိမ်း စိတ်ညစ်မှာစိုးလို့ပါ။

တစ်ရက်တော့ ငြိမ်းက ဖုန်းဆက်လာတယ်။

"ဖေယျ ဘာလို့ နောက်က တကောက်ကောက်လိုက်နေတာလဲ"

"ငြိမ်း သိတယ်"

"တို့ စိတ်အနှောင့်အယှက်ဖြစ်တယ် ဖေယျ"

"ဆောရီးပဲ ငြိမ်း၊ အဲဒါတော့ ကိုယ်လည်းမတတ်နိုင်ဘူး၊ ကိုယ့်မှာ အခေးကခေးခွင့်တော့ ရှိတယ်လို့ ကိုယ် ယူဆတယ်"

"မင်း ကိုယ်ကိုချစ်တာလား၊ တို့ကိုချစ်တာလား ဖေယျ"

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းကို ကိုယ့်ကိုယ်ထက် ပိုချစ်လို့ ငြိမ်းနောက်တကောက်ကောက်လိုက်နေမိတာပါ ငြိမ်း၊ ငြိမ်းအတွက် ကိုယ့်အချစ်တွေက အနှောင့်အယှက်ဖြစ်နေတာကိုတော့ ကိုယ် ဘယ်လိုမှမတတ်နိုင်တော့ဘူး ငြိမ်း၊ ကိုယ်က ငြိမ်းကို မချစ်ဘဲမှ မနေနိုင်တာ ငြိမ်းရယ်၊ ငြိမ်းကို အနှောင့်အယှက်မဖြစ်စေချင်ပါဘူး ငြိမ်း၊ ဒါပေမဲ့ ကိုယ့်အချစ်တွေကို မထိန်းချုပ်နိုင်ဖြစ်နေတယ်"

"မင်း ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားဆိုတာ ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်ရတယ် ဖေယျ"

"ကိုယ်ညံ့လို့နေမှာပါ ငြိမ်း"

ငြိမ်း သူ့ကိုကြည့်တဲ့ အကြည့်တွေထဲမှာ ...

♥ ♥





တစ်ရက် ကုမ္ပဏီက နိုင်ငံခြားသားကို ပန်းချီကားလက်ဆောင်ပေးရန် ဗိုလ်ချုပ်ဈေးသို့ ပန်းချီကားဝယ်ရန်ထွက်ခဲ့သည်။

ငြိမ်း ပန်းချီကားတွေရောင်းသောဆိုင်ရှေ့မှာ လူတစ်ယောက်နှင့် ဖက်လဲတကင်း စကားတွေပြောနေသည်။ သေချာတာက ထိုလူဟာ ယောကျ်ားစစ်စစ်တစ်ဦး။

ငြိမ်းပြောတော့ တခြားသူအတွက် နေရာမကျန်တော့လောက်အောင် သေဆုံးသွားဝဲ့ ချစ်သူက သူမနှလုံးသားကို ယူသွားသတဲ့။

ဒါက သူ့ကိုငြင်းသည့် အဓိကအကြောင်းရင်းလေ။ သူ့ကိုငြင်းသည်ဆိုတော့ တခြားသူကိုလည်း ငြင်းရမှာပေါ့။ ငြိမ်းပေးတဲ့အကြောင်းပြချက်အရဆိုရင်လေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ငြိမ်းက တစ်ပါးယောကျ်ားတစ်ယောက်နှင့် ဖက်လဲတကင်း။ ဒါ ဖြစ်သင့်ရဲ့လား။

သူဆိုသည့်ကောင်က ခပ်ပြတ်ပြတ်သမား။ ငြိမ်း ဘာကြောင့် သူ့ကို ငြင်းသလဲ။ ငြိမ်း ဘာကြောင့် ဒီလူနှင့် ဖက်လဲတကင်းနေသလဲ။ ခွဲခြမ်းစိတ်ဖြာတွေးနိုင်စွမ်းမရှိတော့။

"ငြိမ်း"

မျက်လွှာပင့်ကြည့်သော ငြိမ်းအကြည့်တွေက ပုံမှန်ပင်။

"သူက ဘယ်သူလဲ ငြိမ်း"

ငြိမ်းက အံ့သြသလို တစ်ချက်ကြည့်ကာ ...

"ဘယ်သူဖြစ်ဖြစ်ပေါ့၊ မင်းက ဘာလို့ လာမေးနေတာလဲ"

"ငြိမ်းနားမှာ နေခွင့်ရတဲ့သူမို့လို့ပေါ့၊ ဒီမှာ ငြိမ်း၊ ငြိမ်းကိုယ့်ကို ဘယ်လိုငြင်းခဲ့လဲ၊ ငြိမ်းကိုယ့်ကို လက်မခံနိုင်တာကို ရိုးရိုးငြင်းလို့ရရက်နဲ့၊ အစားထိုးမရဘူးလေး ဘာလေးနဲ့ ပဲများခဲ့ပြီးမှ၊ ဘာလဲ ငြိမ်း ဒီလူကိုတော့ အစားထိုးလို့ရသွားပြီလား"

"ဟိုတ်ကောင် ... မင်း ဘာပြောလိုက်တာလဲ"





"ကိုလေး နေနေ၊ ဒီမှာ ဗေယျ၊ ဒါ ငါ့အစ်ကိုဝမ်းကွဲပဲ"

"ဟာ ... ဆောရီး ... ဆောရီး"

"သူတစ်ပါးရဲ့ အဖြူရောင်သိက္ခာကို အမြင်ဆိုးတွေနဲ့ လှမ်းပက်ပြီး ပြန်တောင်းပန်တတ်တာ မင်းအကျင့်ထင်ပါရဲ့"

"ဆောရီးပါ ငြိမ်းရယ်၊ အစ်ကို ကန်တော့ပါဗျာ၊ ကျွန်တော်က ငြိမ်းနဲ့ပတ်သက်လာရင် တော်တော်ရူးသွပ်နေလို့ပါ၊ သြော် ... ကျွန်တော်က ဗေယျပါ အစ်ကို"

"ဟာ ... ဒီကောင် အစ်ကိုကို ပြောသင့်မပြောသင့်လည်း မသိနဲ့၊ ကဲ ... ညီမလေး ငါ သွားတော့မယ်၊ နှင့် ပြခန်းမှာ ငါ့ကားတွေ လပ်ကီးကောင်းပါစေဟာ"

"စိတ်ချပါ ပတ္တမြားမှန်ရင် နွံမနစ်ဘူး"

"အေးပါ နှင့်ပဲ အားကိုးရတော့မယ်"

"အစ်ကိုက ပန်းချီဆရာလား"

"မင်း ဘာဝင်ပြီး မဟုတ်တာပြောမလို့လဲ"

"ဒီလိုပါအစ်ကိုရ၊ ကျွန်တော်က အခု ကျွန်တော့်ဘော်ဒါက ပန်းချီကားဝယ်ခိုင်းလို့လာတာ၊ နိုင်ငံခြားသား လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးဖို့လေ၊ အဲဒါ အစ်ကို့ပန်းချီလားတွေထဲကပဲ ကြည့်လိုက်မယ်လေ၊ ဩော် ... ဒါ ငြိမ်းတို့ဆိုင်ထင်တယ်"

"ယော ... ဒါဆို အဆင်ပြေတာပေါ့ကွာ"

ငြိမ်းက သူ့ကို မျက်စောင်းထိုးသည်။ မထိုးစမ်းနဲ့ ငြိမ်းရယ်။ အဲဒီမျက်စောင်းတွေကို ရင်တွေခုန်လွန်းလို့။

ငြိမ်းအစ်ကိုရဲ့လက်ရာတွေက ကောင်းသည်။ သို့သော် ဆွဲထားသည့်အကြောင်းအရာတွေကတော့ နိုင်ငံခြားသား အကြိုက် မဟုတ်။

သို့သော် ထိုထဲမှာ ရောဝတီရဲ့ Sun Set ကို ဆွဲထားသည့် တစ်ချပ်ကတော့ ဆွဲဆောင်မှုရှိသည်။

မြန်မာ့ရောဝတီအလှကို ဖော်ညွှန်းသော ထိုကားလေးကို ဝယ်ဖြစ်လိုက်သည်။

ငြိမ်းအစ်ကိုက ပြုံးပြုံး ပြုံးပြုံးနှင့် သဘောတွေကျနေသည်။

ငြိမ်းက သူ့အစ်ကို မကြားအောင် ...

"ပန်းချီကားတစ်ချပ်က ရှင့်တစ်လစာရှိတယ်နော် သိပ်ရင်း မနေနဲ့"





"ဟား ဟား ... တကယ် ဘော့စ်က ဝယ်ခိုင်းတာပါ ငြိမ်းရဲ့"

ငြိမ်းရဲ့အပြုံးက မိုနာလီဇာရှုံးလောက်သည်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ပန်းတွေကို တိုက်တတ်သည့်လေညင်းလေလား။ လမင်းကို ဝန်းရံခဲ့သည့် ကြယ်လေးတွေလား။ မဆိုးပဲပြာနေသည့် ကောင်းကင်လား။ တောင်မှမြောက်သို့ ဆန်မတက်သည့်မြစ်တွေလား။ ဘာလဲ သူ တိတိကျကျမသိပါဘူး။

သူ့အတွက်တော့ အချစ်ဆိုတာကို အနီးစပ်ဆုံး အဓိပ္ပာယ်ဖွင့်ပြရရင် ငြိမ်းမျက်နှာကို တစ်နေ့ မမြင်ရရင်မနေနိုင်ခြင်းပါပဲ။

သူ ငြိမ်းကို အဲဒီအကြောင်း ပြောပြမိတော့ ငြိမ်းက ရယ်တယ်။

ရှင် ကဗျာဆရာလုပ်ပါလားတဲ့။

ကိုယ့်ရင်ထဲက ကဗျာက ငြိမ်းတစ်ယောက်တည်းအတွက်ဖြစ်နေတော့ ကဗျာဆရာလုပ်မယ်ဆိုရင်တောင် ငြိမ်းရဲ့ကဗျာဆရာ။ ငြိမ်းရဲ့မူပိုင်ကဗျာဆရာပဲလုပ်လို့ရမယ်ထင်တယ်။





တစ်ရက်တော့ ဓေယျထံသို့ ငြိမ်း ဖုန်းဆက်လာ၏။

“ဓေယျထင်တယ်”

“ငြိမ်း ... ငြိမ်း ကိုယ့်ဆီဖုန်းဆက်တယ်၊ ဝမ်းသာလိုက်တာကွာ၊ ကိုယ်တော့ ထိပေါက်တော့မယ်ထင်တယ်”

“ဓေယျရယ် ... မင်း ငါ့ကို တကယ်ချစ်လား”

“ချစ်တာပေါ့ ငြိမ်းရယ်”

“ဒါဆို မင်း ငါ့ကို တစ်ခုလောက်ကူညီနိုင်မလား”



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ ငြိမ်းနဲ့ဧယျဆိုတဲ့ စုံတွဲလေးတစ်တွဲ ပေါ်ပေါက်ခဲ့ပြန်တယ်။

ဧယျက ငြိမ်းမျက်နှာကို အရိပ်တကြည့်ကြည့် ချစ်လို့တောင်မဝပါ။

ငြိမ်းကလည်း အလှတွေ ပိုပြင်လာတယ်။ တစ်ပတ် တစ်ပတ် သွားလိုက်ရတဲ့ ဖြူးတီးစလွန်း။ ထွက်လိုက်ရတဲ့ရှော ပင်။ ဝယ်လိုက်ရတဲ့ အသစ်အဆန်း။ အရောင်ဆိုရင် အနုအလွင် ပဲဝတ်တော့တယ်။

"ငြိမ်းက အရောင်အနုတွေ ကြိုက်တယ်နော်"

"ခုမှကြိုက်တတ်လာတာလေ၊ ခင်းနဲ့တွဲနေမှတော့ ကိုယ့် ကိုယ်ကိုယ် ငယ်အောင်ပြင်ဆင်ရတော့မှာပေါ့"

ငြိမ်းက ဧယျထက် ငါးနှစ်တိတိကြီးသည်။ ဧယျ မျက်နှာလေးက ငယ်နုတော့ ပိုသိသာ၏။ ပြီးတော့ ဧယျက





ခခေတ်ကောင်မလေးတွေရဲ့ဖက်ရှင်ဖြစ်သော အသည်းထဲ သွေးခဲ မယ့် ဆေးလိပ်ကိုလည်း မသောက်ဘူးလေ။ ဒီတော့ နှုတ်ခမ်းလေး တွေက သွေးရောင်လွှမ်းပြီး နီထွေးနေသည်။

ဧယျထက်စာရင်တော့ ငြိမ်းက ပိုပြီးရင့်သည်။ သို့သော် ဧယျက အရပ်မြင့်မြင့်မားမားမို့ ဧယျနဲ့ငြိမ်း တွဲသွား ရင် သိပ်ပြီးကြည့်ရမဆိုးပါ။ လိုက်ဖက်ညီသည့်အဆင့်မှာတော့ ပါလေ သည်။

သို့သော် အရေး ကထက်တော့ ငြိမ်းက ပိုပြီး အလှပြင် လာသည်။ အသားအရေ ထိန်းသိမ်းတာတွေ၊ ပေါင်းတင်တာတွေ လင်းလက်လာပြီ။

ရှည်ပြီး တစ်ညီတည်းဖြောင့်နေတဲ့ ဆံပင်တွေကို တောက်ပြောင်အိစက်နေအောင် ပြုပြင်တတ်လာပြီ။

ဒီတော့ ဧယျနဲ့ ငြိမ်းတို့စုံတွဲက ရှေ့သွားနောက် လိုက်ညီလာပါသည်။

အဆောင်မှာနေတဲ့ ဧယျအတွက် ငြိမ်းက မကြာ ခဏာ ဟင်းတွေချက်ပြီး လာပို့တတ်သည်။

တစ်ခါတစ်ရံ အလုပ်ကို ငြိမ်းကိုယ်တိုင် မောင်းသော ကားနဲ့ လာကြိုတတ်သလို။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းရှော့ပင်ထွက်ရာ မညည်းမညူ အထုပ်လိုက်ဆွဲပေးရတာလည်း ဧယျပဲလေ။

သို့သော် ...

ငြိမ်းကို 'ချစ်လား' လို့မေးတိုင်း ငြိမ်းက နှုတ်ဆိတ်ကာ ဘယ်တော့မှ ပြန်မဖြေတတ်ပါ။

"ငြိမ်းကိုချစ်တယ်" လို့ ပြောမိတိုင်းလည်း ငြိမ်းက မိုနာလီဇာလိုပြုံးစမြဲ။

သို့သော် သူ့မှာ စိတ်မပျက်နိုင်စွာနဲ့ ...

ငြိမ်းရဲ့နှုတ်ဖျားတခြေကို ခေါင်းညိတ်မိစမြဲပဲ။

ငြိမ်းကို သူ အဲလောက်ချစ်တယ်။

ဒါပေမဲ့ ...

ငြိမ်းကတော့ ...။

♥ ♥





"ကိုနန္ဒ ဒါ ငြိမ်းပြောတဲ့ ဧယျငယ်လေ"

"ဩော် ... ငြိမ်းက တကယ်ခေါ်လာတာပဲ"

"ကိုနန္ဒရယ် ... ငြိမ်းက ကိုယ်ပြစရာမရှိဘဲ ပြောပါ့မလား၊ ဒါ ငြိမ်းရဲ့ချစ်သူ ဧယျငယ်ပဲ၊ ငြိမ်းမှာ ဧယျရှိနေလို့ ကိုနန္ဒကို ငြိမ်း လက်မခံနိုင်ဘူး၊ အဲဒါ လူကြီးတွေကို ငြိမ်းအရှင်ငြင်းရမလား၊ ကိုနန္ဒ 'အရှင်ငြင်းမလား"

"အိုခေ ... ငြိမ်း ကိုယ် သဘောပေါက်ပြီ"

"ဆောရီး ကိုနန္ဒရယ်"

"ရတယ် ငြိမ်း၊ ကိုယ့်မိဘတွေကို ကိုယ် ပြောလိုက်မယ်"

"ကျေးဇူးနော် ကိုနန္ဒ"

"ရတယ် ငြိမ်း၊ ကဲ ... ကိုယ့်ကို ခွင့်ပြုဦး၊ ဧယျငယ် ကိုယ့်ကို ခွင့်ပြုပါဦး"

ကိုနန္ဒ ထွက်သွားတော့ ငြိမ်းက လက်မထောင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ရှင်းသွားပြီ၊ ကျေးဇူး ဧယျ၊ ဒါပေမဲ့ ကိုနန္ဒက ကိုယ့်နောက်ကို လိုက်ကြည့်ရင်ကြည့်နေဦးမှာ မသေချာဘူး၊ နောက်တစ်လလောက်တော့ ထပ်စောင့်ကြည့်ချင်သေးတယ် ဧယျ ဖြစ်ပါ့မလား"

"ငြိမ်းအတွက်ဆို မဖြစ်စရာမရှိပါဘူး"

ငြိမ်းက ဧယျငယ်ကို တစ်ခါမှ မကြည့်ဘူးတဲ့ အကြည့်နဲ့ကြည့်တယ်။

♥ ❀ ♥

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



ဧယျ အလုပ်ရှိရာသို့ သူရလတ်နဲ့ မနန်းလတ် သိုက်လာသည်။

"အငယ်ကောင် အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ကျွန်တော်က ပျော်နေတာ"

"အင်း … မင်းမျက်နှာလေး ပြည့်နေပါတယ်၊ ပိုက်ဆံ ယူထားလိုက်ဦးလေ"

"မလိုပါဘူး ကိုလတ်တာ၊ ကျွန်တော့်မှာ ရှိပါတယ်၊ ကျွန်တော်က ကလေးမှမဟုတ်တော့တာ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်လျှောက်နိုင်ပါတယ်"

"မင်း အိမ်မပြန်ဘူးလား"

"ဖေဖေက ကျွန်တော့်ကို စွန့်လွှတ်ထားတာကို"

"ခဏပါကွာ၊ မင်းပြန်သွားရင် ရပါတယ်"

"မသွားချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုကိစ္စရှိရင် ငါနဲ့ ကိုကြီး
အချိန်မရွေးသာဆက်"

"ဟုတ်ကဲ့ ကိုလတ်"

"အပြင်ဆောင်မှာဆိုတော့ အပေါင်းအသင်းကစုံမှာ၊ ကို
ကိုယ်ကိုယ်ထိန်း"

"စိတ်ချပါ ကိုလတ်"

"ဒါဆို ငါသွားမယ်၊ ဆေးရုံဝင်ရမှာ"

"ဟုတ်ကဲ့ ကိုလတ်"

နန်းလတ်က စကားတစ်ခွန်းမှ မပြောပေမယ့်
ပေးပြုံးလေးပြုံးပြသွား၏။

♥ ❦ ♥





"သူရလတ် ... ရှင့်ညီကို မိန်းကလေးတစ်ယောက်နဲ့ တွဲ
တွေ့တာ သုံးခါရှိပြီ"

နန်းလတ်ပြောသဖြင့် သူရလတ် ညီကို လိုက်ကြည့်
ဖြစ်သည်။ ခုချိန်မှာ ညီက တစ်ကိုယ်ရေတစ်ကာယနေပေမယ့်
ညီသည် အပြင်လောကအကြောင်း နားမလည်နိုင်သေး။ နားလည်
နိုင်လောက်သည့် အတွေ့အကြုံလည်းမရှိ။ ပြီးတော့ ခေတ်ကြီးကို
က တဖြည်းဖြည်းနဲ့ ကျီးအားသီးလိုလူတွေက တိုးပွားလာတာမို့
ညီဖြစ်သူ ယုံလွယ်မှာစိုး၏။

မေမေက စိတ်ဆိုးတုန်းပစ်ထားတာလေ။ မေမေ
ထားချိန် ညီ့ကို ကြည့်ရှုစောင့်ရှောက်ရမည့်တာဝန်က သူတို့
ကြီးတွေရဲ့တာဝန်ပဲ မဟုတ်လား။

ညီနောက်လိုက်ကြည့်တော့မှ သူ့ရင်တွေ မီးတောင်
ညီနဲ့တွဲနေတဲ့ မိန်းကလေးက ပဥ္စလက်ခေါ် ငြိမ်းသုံပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့တွဲတုန်းက ပဥ္စလက်က ခုတော့ ဖေဖေ့ မြင့်လိုက်မှုတွေကြောင့် အရောင်လက်နေခဲ့ပြီ။ ပဥ္စလက်ဘဝ ဖေဖေ့ဆီမှာ လိမ်လည်လှည့်ဖြားရယူသွားတဲ့ ပိုက်ဆံတွေနဲ့ ကာ ပြောင်း အရောင်တင်လိုက်ပြီ။

ခုချိန်မှာ သူတို့တွေးနေရတာက အတက်တန်း ဆိုက်အပြည့်ရှိတဲ့ ငြိမ်း။ တစ်နည်းအားဖြင့် ပဥ္စလက်ခေါ် ငြိမ်း

ဖေဖေ့နားမှာနေခဲ့တဲ့ ပဥ္စလက်တောင် ဟုတ်ပါ ဟု သံသယဝင်ချင်စရာကောင်းလောက်အောင် ငြိမ်းဟု ပြော လဲသွားခဲ့ပြီ။

ဖေဖေ့နားမှာရှိခဲ့တဲ့ လခစားဝန်ထမ်းလေး တော့။

ခုချိန်မှာ ပန်းချီပြခန်းပိုင်ရှင် ငြိမ်းတဲ့လေ။

သူရလတ် အရမ်းစိတ်ဆိုးပါသည်။ သို့သော် ကိုယ်တိုင်က ဂုဏ်သရေရှိ အထူးကုဆရာဝန်ပီပီ ထိန်းရ ထို့ကြောင့် ...

ငြိမ်းနဲ့ အငယ်ကောင် ကော်ဖီသောက်နေ Aroma ထဲသို့ဝင်သွားကာ ...

"ညီလေး"





"ဟာ ... ကိုလတ်၊ ကော်ဖီ လာသောက်တာလား"

"မဟုတ်ဘူး၊ မင်းကိုတွေ့လို့ ဝင်လာတာ၊ ဪ ... ပဥ္စလက် နေကောင်းတယ်နော်"

"ကျွန်မ နေကောင်းမကောင်း ရှင် သိချင်မယ်မထင်ဘူး သူရလတ်"

"ဟာ ... ငြိမ်းနဲ့ကိုလတ်က သိနေကြတာလား"

သူ့ရဲ့အမေးကို ဘယ်သူမှ မဖြေပါ။ သူရလတ်က ငြိမ်းကို စိုက်ကြည့်နေသလို ငြိမ်းကလည်း တုံ့ပြန်အားပြိုင်အကြည့်တွေနဲ့။

"အငယ်ကောင် ညနေကျရင် ငါတို့တွေ့ရအောင်၊ ကိုကြီးနဲ့ ငါ မင်းကို ဘယ်မှာစောင့်ရမလဲ"

"YKKO မှာစောင့် ကိုလတ်၊ ကျွန်တော် ကြေးအိုးစားချင်လို့"

"အေး ... ဒါဆို ငါသွားပြီ၊ ဪ ... ပဥ္စလက် ဖုန်းနံပါတ်လေး ရနိုင်မလား"

"ဘာအတွက်လဲ သူရလတ်၊ လိုမှမလိုတာ"

"လိုလို့တောင်းတာပါ ပဥ္စလက်၊ မင်း မပေးရဲဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မပေးရဲစရာမရှိပါဘူး၊ ဒါပေမဲ့ အပိုစကားတွေမကြားချင်လို့"

"ငါပြောပြီးပြီလေ၊ လိုလို့တောင်းတာလို့"

ပဥ္စလက်ရွတ်ပြတဲ့ ဖုန်းနံပါတ်ကို သူ့ရလတ်က သူ့ဖုန်းထဲ ချက်ချင်းမှတ်လိုက်ပြီး ...

"ငါ ဖုန်းဆက်လိုက်မယ် ပဥ္စလက်"

ပဥ္စလက်က မထိတရီပြုံးနေသည်။ ဧယျငယ်က သူတို့ကို နားမလည်။ ဘာလဲ။ ကိုလတ်နဲ့ ငြိမ်းကြားမှာ ဘာတွေ အရှုပ်အရှင်းရှိနေတာလဲကွာ။

ငြိမ်း။ ငြိမ်းဆိုသော ငြိမ်းကရော ဘာတွေ မငြိမ်းချမ်းထားလဲ။

ကိုလတ်ကရော ဘာတွေ မ ကျနပ်တာလဲ။ ဘာလဲ။ ငြိမ်းကရော ကိုလတ်ရည်းစားဟောင်းပဲ ... ခေါင်းစားလာပြီ။

♥ ✿ ♥





သူ သိချင်ဇောတွေနဲ့ YKKO ကို ကြိုရောက်သွားသည်။ ကိုကြီးရော ကိုလတ်ပါ မရောက်သေး၍ ကြေးအိုးတစ်ပွဲမှာကာ စားနှင့်သည်။ သူ့အစ်ကိုတွေကတော့ ဘီယာသောက်မှာဆင်ပါ့ရဲ့။ သူကတော့ အစ်ကိုတွေနှင့်ယှဉ်ပြီး မသောက်လိုပါ။

သူ စားပြီးကာနီးမှ ကိုကြီးရောက်လာ၏။ ကိုကြီးစေကတော့ အေးဆေးပါ။

ကိုလတ်လည်း မကြာခင်မှာပဲ ရောက်လာ၏။ ကိုလတ်ကတော့ မအေးဆေးနိုင်ဘဲ ...

"ညီလေး ... မင်းနဲ့ ပဥ္စလက် ဘယ်လိုပတ်သက်နေလဲ"

"ဘာ ... ပဥ္စလက် ဟုတ်လား"

ပဥ္စလက်ဟူသော အမည်ကြားရုံဖြင့် ကိုကြီး ပါးမျှဉ်းထောင်လာသည်။ ဘာလဲ။ ကိုကြီးပါ သိနေတာလား။

"ဖြေလေ ဧယျ"



www.burmeseclassic.com

www.burmeseclassic.com



“မဖြေခင် အရင်ပြောပါဦး၊ ကိုလတ်တို့က ငြိမ်းကို ဘယ်
လိုသိတာလဲ”

“ဘာငြိမ်းလဲ၊ ဘာမှ မငြိမ်းတဲ့ ပဥ္စလက်အတတ်တွေနဲ့
မိန်းမ၊ အဲဒီမိန်းမက ကဝေမကွ”

“ကိုလတ် မတရားမစွပ်စွဲနဲ့ဗျာ၊ ငြိမ်းက နာမည်နဲ့လိုက်
အောင် အေးချမ်းတယ်”

“သွားပြီ ဖေယျ၊ မင်း ပြုစားခံနေရပြီ၊ မကြာခင် မင်းဒုက္ခ
ရောက်တော့မယ်”

“နေဦး ငါ နားလည်အောင်ပြောကြပါဦးကွာ၊ သောက်
တာလေးတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး၊ ဘာ
တွေလဲ”

“ကိုကြီး အခု ဖေယျနဲ့တွဲနေတာ ဘယ်သူလို့ထင်လဲ”

“ပဥ္စလက်လား”

“သေချာတာပေါ့”

“ဟာ ... မဖြစ်နိုင်ဘူး၊ နေပါဦး ငြိမ်းဆိုတာကရော”

“ဖေဖေ့နားကို ပဥ္စလက်ဆိုပြီး ကပ်ချွဲခဲ့တဲ့မိန်းမက ညီလေး
နားကို ငြိမ်းဆိုပြီးရောက်နေပြန်ပြီ”

“ဟုတ်လား ဖေယျ၊ မင်းတို့ ဘယ်လိုပတ်သက်နေလဲ”





“ကျွန်တော် သူ့ကိုချစ်တယ်”

“မဖြစ်နိုင်ဘူး ဖေယျ၊ သူက ဖေဖေ့ကို ဒုက္ခပေးပြီးပြီ၊
အခု မင်းနားကို တမင်ကပ်တာ”

“မဖြစ်နိုင်ဘူး၊ ကျွန်တော်နဲ့သူ စာပေဟောပြောပွဲတစ်ခုမှာ
ဆုံတာ၊ အဲဒီစာပေဟောပြောပွဲကလည်း စင်ကာပူမှာလုပ်
တဲ့ပွဲ၊ ပြီးတော့ ကျွန်တော် စင်ကာပူရောက်သွားရတာ
ကလည်း တိုက်ဆိုင်မှု။ သူက စင်ကာပူကို ရောက်နှင့်ပြီး
သား၊ သူ ကျွန်တော့်နား တမင်ကပ်တယ်ဆိုတာ လုံးဝ
မဟုတ်ဘူး”

“ကောင်းပြီ ဒါဆို မင်းရဲ့ငြိမ်းဟာ ဖေဖေနဲ့ပတ်သက်ခဲ့
ဖူးတဲ့ ပဥ္စလက်ဆိုတာကိုရော မင်း သိလား”

“ဗျာ”

“မင်းရဲ့ငြိမ်းကို ပြန်မေးကြည့်လိုက်ပါဦး၊ ဖေဖေပေးလိုက်
တဲ့ သိန်းတစ်ထောင်ကို ဘယ်လိုအသုံးပြုလိုက်သလဲလို့”

“ဗျာ”

“သူဟာ ဖေဖေ့နားကို တမင် ဒုက္ခပေးဖို့ကပ်လာတဲ့မိန်းမ၊
မင်းကို သူ သုခတွေပေးမယ်လို့ မင်း ယုံရဲလား”

“ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဧေယျ ကမ္ဘာကြီးချာချာလည်သွားသည်။ ဧေယျ အမြင်မှာတော့ သူမ အပြုံးတွေက သိပ်ကိုရိုးစင်းအပြစ်ကင်းလွန်းသည်။

အခု အစ်ကိုဝေ့တင်ပ်ေ ေသာ စွဲချက်တွေနှင့် တခြားစီပင်။

"မင်း ဒီထက်သေချာချင်သေးရင် ဖေဖေ့ကိုသွားမေး၊ ဖေဖေ့ကို မမေးချင်ရင် ဖေဖေ့ရုံးကလူတွေကို သွားမေး၊ ဖေဖေနဲ့ ပဋ္ဌလက် ဘယ်လောက်အထိတွဲခဲ့သလဲဆိုတာ"

"ကိုလတ်"

"မင်းရဲ့ငြိမ်းက မိန်းမဟုတ်ဘူး၊ မိးမ၊ သွားမထိနဲ့၊ ပူလွန်းလို့ ပြာကျသွားလိမ့်မယ်"

မယုံနိုင်ဘူး ငြိမ်းရယ်။

ဒါပေမဲ့ အစ်ကိုတွေက အတည်ပြောနေတယ်။

ငြိမ်းကို မေးတော့ မေးကြည့်ချင်သေးတယ်။

♥ ❀ ♥





"ငြိမ်း အဲဒါ ဟုတ်လား"

"ဟုတ်တယ်"

"ဘာ"

"မင်းအဖေရုံးမှာ ဝန်ထမ်းလုပ်ခဲ့တယ်၊ ပဋ္ဌလက်ဆိုတဲ့ ဂမည်နဲ့ အဲဒါ ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဖေဖေနဲ့ တွဲခဲ့တာ ဟုတ်လား"

"ဒါက တို့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်နိုင်တဲ့မေးခွန်းမို့လို့ မဖြေနိုင်ဘူး"

"သိန်းတစ်ထောင်ကိစ္စကရော"

"မဖြေနိုင်ဘူး"

"မဟုတ်ရင် ဖြေနိုင်ရမှာပေါ့၊ ဘာလဲ မင်းဟုပ်နေလို့လား"

"တို့ ဝန်ခံနိုင်တာကို ဝန်ခံပြီးပြီ ဧေယျ"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းရယ် ... ကိုယ် မင်းကို သိပ်ချစ်တယ်၊ ဖေဖေနဲ့ မင်းကြားမှာ ဘာဇယားတွေ ရှိနေလဲကွာ၊ ကိုယ် ရင်ကွဲ တော့မယ် ငြိမ်းရယ်၊ ပြောပြစမ်းပါကွာ"

"အဲဒါပဲ ဓေယျ၊ တို့ မင်းကို လက်မခံခဲ့တာ အဲဒါကြောင့်ပဲ၊ တို့နဲ့မင်းကို မင်းအဖေ သဘောတူမှာမဟုတ်ဘူး၊ မင်းအစ်ကို တွေလည်း သဘောတူမှာမဟုတ်ဘူး"

"ငြိမ်း ကိုယ်က မိဘတွေ စွန့်လွှတ်ထားတဲ့သားပါ"

"ဒါပေမဲ့ သက်ဆိုးတိုင် စွန့်လွှတ်ခြင်းမှမဟုတ်တာ၊ ငြိမ်း ရဲ့ပထမရည်းစားနဲ့ ငြိမ်း ဘာလို့ကွဲခဲ့ရသလဲသိလား၊ မိဘတွေသဘောမတူတာကစပြီး ကွဲရတာ၊ နောက်တော့ သူ သေသွားတယ်"

"ဘာရောဂါနဲ့လဲ"

"တို့ပြန်မပြောချင်တော့ဘူး၊ တစ်ခုပဲ။ တို့ဘဝမှာ သတို့ သားဘက်က သဘောမတူတဲ့ အိမ်ထောင်ရေးကို ဘယ် တော့မှ မဖန်တီးဘူးလို့ ဆုံးဖြတ်ထားတယ်"

"ငြိမ်းရယ် ... ငြိမ်း ငြင်းပုံက သင်းတယ်ကွာ၊ ငြိမ်းနဲ့ ဖေဖေ့ကြားမှာ ဘာတွေရှိမှန်းမသိတဲ့သူကို ငြိမ်း တောင်း ဆိုချက်က ပြင်းလှချင်လားကွာ၊ ငြိမ်း ကိုယ်က ဘာအပြစ် မှ မလုပ်ဘဲ ကိုယ့်အချစ်ကို စတေးတာ တရားရဲ့လား"





"ဒါကတော့ ရှင်က ဦးမောင်ခင်ရဲ့သားဖြစ်နေတာကိုး"

"ငြိမ်း ... ငြိမ်းက မညီမာရဲ့ညီမဝမ်းကွဲနော်"

"ဟုတ်တယ်"

"အဲဒီအတွက် ငြိမ်း ဖေဖေ့ကို လက်စားချေခဲ့တာလား"

"အဲဒီမေးခွန်းကိုလည်း တို့ မဖြေနိုင်ဘူး ဓေယျ"

"ငြိမ်းပြောနိုင်တာ ဘာရှိလဲ"

"တို့ ဓေယျနားကို ရောက်လာခဲ့တာမဟုတ်ဘူး၊ ပြီးတော့ ဓေယျနဲ့ တို့ရဲ့ပတ်သက်မှုကို ဓေယျ အသိဆုံး၊ အဲဒါတွေ ကို မင်းအစ်ကိုတွေကို ရှင်းပြလိုက်ပါ၊ တို့ကို စော်ကား လာမှာကို မခံနိုင်ဘူး၊ မင်းရှင်းပြဖြစ်အောင် ရှင်းပြလိုက်ပါ"

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



သူရလတ် မယုံပါ။

ဇေယျက သူနဲ့ ပဋ္ဌလက် ဘာမှ မပတ်သက်ဘူးတဲ့။ ဇေယျက သူမကို ချစ်တယ်။ သူမကတော့ မတုံ့ပြန်တဲ့အပြင် သူ့ကို အသုံးချသေးသတဲ့။

ဇေယျကို ဟန်ဆောင်ရည်းစားအဖြစ် အသုံးပြုကာ သူ့အိမ်က သဘောတူထားတဲ့သူကို ငြင်းသတဲ့။

ထိုသူ ယုံအောင် ဇေယျနဲ့ တွဲပြနေတာဆိုပဲ။

ဘယ်လိုမှ လက်မခံနိုင်တဲ့ အကြောင်းပြချက်ပါပဲ။

သူမဟာ ဖေဖေ့ကို ဒုက္ခပေးဖို့ရောက်လာသူ။ ဇေယျကို ဒုက္ခမပေးဘူးလို့ ဘယ်သူ အာမခံနိုင်မလဲ။

"ဒီမှာ ဇေယျ ဒီမိန်းမက ဒီနည်းနဲ့ မင်းဆီဝင်လာတာ ရော မဖြစ်နိုင်ဘူးလား၊ မင်းနဲ့သူ ပတ်သက်ပြီဆိုတာနဲ့





ငါတို့သိမှာပဲ၊ ဒါဆို ဖေဖေ့ကို သူလုပ်ခဲ့တဲ့ကိစ္စပေါ်မှာပဲ ဒါကို သူ ကြိုသိတယ်၊ အဲဒါကြောင့် မင်းကို ဒီလိုလှည့် တာနေမှာ"

"ကျွန်တော် မသိတော့ဘူး ကိုလတ်၊ ခုချိန်မှာ ကျွန်တော် သိတဲ့အမှန်တရားတစ်ခုပဲ ရှိတော့တယ်"

"ဘာလဲ"

"ငြိမ်းက မညီမာရဲ့ ညီမဝမ်းကွဲဆိုတာပဲ"

"ဘာ"

သူရလတ် တွေသွားသည်။ လူကငြိမ်နေသော်လည်း အတွေးတွေက ပြေးလွှားနေသည်။

ဇေယျကတော့ ငြိမ်းမျက်လုံးတွေကို မြင်ယောင် ကာ ယုံကြည်နေမိသည်။

ငြိမ်း သူ့နားကို တမင်ရောက်လာတာမဟုတ်ဘူးဆို ဘာကိုပါ။ ပြီးတော့ ငြိမ်း သူ့ကို လက်စားချေတယ်ဆိုတာက သာပြီးတော့တောင် မဖြစ်နိုင်သေးတယ်။ ငြိမ်း သူ့အချစ်ကို ယနေ့ထိ လက်မခံသေးဘူးလေ။

ဒါကို ကိုလတ် ဘာလို့ လက်မခံနိုင်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူရလတ်က ဖေယျပန်းကို ဖက်ပြီး ...

"ညီလေး ... ငါက မင်းအတွက်ပြောတာပါကွာ၊ ကိုကြီး တစ်ယောက် အချစ်အတွက် ရူးမတတ်ခံစားရပြီးပြီ၊ မင်းကို မခံစားစေချင်တော့ဘူး၊ ပဥ္စလက်က မညီမာကိစ္စနဲ့ ငါတို့မိသားစုကို လက်စားချေချင်တယ်ဆိုရင်တောင် လက်စားချေခံရမှာက မင်းနှလုံးသားမဖြစ်သင့်ဘူး ညီလေး၊ မင်းတို့ကိစ္စက ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မေ့လိုက်ပါကွာ"

"ကိုလတ် မလတ်ကိုချစ်လား"

"ငါ့ကို အဲဒါတွေ မမေးနဲ့ကွာ၊ ငါ မင်းကို နားလည်တယ်၊ ဒါပေမဲ့ မင်းကြိုးစားပြီး မေ့ လိုက်ပါကွာ"

"ငြိမ်းစိတ်ချမ်းသာမယ်၊ ငြိမ်းရင်ထဲက အာဃာတတွေ ပြေမယ်ဆိုရင် ကျွန်တော့်နှလုံးသားကို အချေခံရဲတယ် ကိုလတ်"

"အငယ်ကောင်ရာ"

သူရလတ် မချိတင်ကဲအသံ။

♥ ♥





မနန်းကြီးမှာ ကိုယ်ဝန်ရှိလာပြီ။ သို့သော် မနန်းကြီးက ထိုကိစ္စကို ဘဇကြီးကိုမပြော။ ဘဇကြီးသိရင် မိမိရင်သွေးကို လက်ခံပါ့မလား မသေချာ။

ထို့ကြောင့် ကိုယ်ဝန်စောင့်ရှောက်မှုအတွက် သူငယ်ချင်းဆရာဝန်ကိုပဲ အပ်ခဲ့သည်။

တဖြည်းဖြည်း ကိုယ်ဝန်ရင့်မာလာပြီး သိသာလာမှ သိပစေတော့။

ဘဇကြီးဟာ မိမိကို ဘယ်လိုမှ မနှစ်သက်နိုင်စွာ ဖြစ်နေခဲ့တာ မိမိအသိ။

သို့သော် မိမိကတော့ ခင်ပွန်းဖြစ်သူကို မြတ်နိုးစွာ ချစ်ရပါသည်။

ထို့ကြောင့် ဒီရင်သွေးကိုလည်း တန်ဖိုးထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မိမိရဲ့ အိမ်ထောင်ရေးက အက်ကြောင်းများစွာနှင့် တည်ဆောက်ထားခဲ့ရသည်လေ။

ဘယ်အချိန် ပြိုပျက်မည်မသိနိုင်။ အကယ်၍ ပြိုပျက်ခဲ့သည်ရှိသော် မိမိထံတွင် သူ့ရဲ့ရင်သွေးလေး ထားရစ်ခဲ့စေချင်သည်။

ထို့ကြောင့် ဒီရင်သွေးကို ဝမ်းမြောက်ဝမ်းသာ မွေးချင်တာ။

မနန်းကြီး အနေအထားကို ယောက္ခမအစ်မကြီးကတော့ ရိပ်မိပုံရသည်။

"သမီးကြီး မေမေ မြေးချီရတော့မှာလား"

ဖွင့်မပြောမိတာပဲရှိ၏။ မေးလာသော်လည်း အမှန်တိုင်းဝန်ခံမိသည်။

"သားကြီးကို ပြောလိုက်လေ သမီး၊ သားကြီး သိရင် ပြောင်းလဲလာမှာပါ"

"ပိုဆိုးသွားမှာစိုးတယ် မေမေ၊ ကောင်းသောပြောင်းလဲခြင်းဖြစ်မယ်လို့ ဘယ်သူမှ အာမမခံနိုင်ဘူးလေ"

ယောက္ခမကြီးကတော့ သူမကို ဂရုစိုက်ရှာပါသည်။





အိမ်အလုပ်တွေတောင် ပေးမလုပ်။

"လနုသေးတော့ ထိခိုက်ပျက်စီးလွယ်တတ်တယ် သမီး၊ ကိုယ့်ကိုယ်ကိုယ်ပဲ ဂရုစိုက်"

ယောက္ခမရဲ့ အကြင်နာကိုရ၍ ပီတိဖြစ်ရပါသည်။ ကိုယ်ဝန်လရင့်လာသည်နှင့်အမျှ တစ်အိမ်သားလုံး ရိပ်မိလာကြသည်။ သို့သော် တစ်အိပ်ရာတည်းအတူအိပ်သော တေဇကြီးကတော့ အမှတ်တမဲ့။ ထိုမျှအထိ သူမအပေါ် ဥပေက္ခာပြုနိုင်လွန်းသူပါ။

မနန်းကြီးက တားမြစ်ထားသဖြင့် ဦးမောင်ခင်အပါအဝင် ဘယ်သူမှ တေဇကြီးကို အသိမပေးကြ။

မနန်းကြီးကတော့ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ကာ ရင်သွေးလေးကို အမြတ်တနိုး လွယ်ပိုးရင်းပေါ့။

တစ်ရက်မှာတော့ ...

တေဇကြီးက အမှတ်တမဲ့ ခိုင်းလိုက်တာပင်။

ရှုံးသွားကာနီး ဖွေ့ပိုက်ထားသော ဖိုင်တစ်ထပ်ကြီးကို မနန်းကြီးထံ လက်လွှဲရင်း ...

"ဟိုတ် ဒီဖိုင်တွေ ကားထဲသွားထည့်ပေးစမ်းပါ၊ ဒီမှာ ရုတ်တရက်ကြီး ဗိုက်နာလာလို့"



www.burmeseclassic.com

www.burmeseclassic.com



သာမန်အချိန်မှာဆိုရင်တော့ ဒီဖိုင်တွေကို မနန်းကြီး သယ်နိုင်ပါသည်။ ဖိုင်တွေကများတော့ နည်းနည်းလေးသည်။

သို့သော် ...

ကိုယ်ဝန်ဆောင်တစ်ယောက်အဖို့တော့ သယ်ဖို့မသင့်တဲ့အလေးချိန်ပါ။

ဒါပေမဲ့ သူက တစ်ခါတလေခိုင်းတာမို့ မငြင်းရဲ။ ဖိုင်တွေကိုပွေ့ရင်း လှေကားမှဆင်းလာတော့ ...

"ဟဲ့ ဟဲ့ ... သမီးကြီး ဘာတွေသယ်လာတာလဲ၊ မသယ်နဲ့လေ၊ ခြော် ... ဒုက္ခတော့များတော့မှာပဲ၊ သားကြီး ... သားကြီး လာစမ်း ဒီကို"

သူရကြီး ဆင်းလာတော့ သူ့မိခင်ရဲ့ ဒေါသနှင့် ရင်ဆိုင်ရသည်။

"သားကြီး တော်တော်တရားလွန်နေပြီနော်၊ ကိုယ့်မိန်းမကိုလည်း သေချာပြန်ကြည့်ဦး၊ မင်းမိန်းမမှာ မပေါ့မပါးကြီးနဲ့၊ မင်း တမင်များမသိချင်ယောင်ဆောင်ပြီး သယ်ခိုင်းနေတာလား"

"မေမေ မပြောပါနဲ့၊ သူမှမသိတာ"





"နေစမ်း သမီး"

သူရကြီး ခုမှ မနန်းကြီးကို သေချာကြည့်ဖြစ်သည်။ ဘုရားရေ ... သူ့မိန်းမ ကိုယ်ဝန်က တော်တော်ရင့်နေပြီပဲ။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



"အလတ်ကောင် ညနေ ဘီယာချရအောင်ကွာ"

အလတ်ကောင်ကို ချိန်းပြီး မနန်းကြီးနဲ့ သူ၏ ကိုယ်ဝန်ကိစ္စကို ပြောဖြစ်သည်။

"ဟာ ... ကောင်းသတင်းပဲ ကိုကြီးရ"

"ကောင်းတယ်"

"အင်းလေ ... ဘာလဲ ကိုကြီး မပျော်ဘူးလား"

"ပျော်စရာဘာရှိလဲကွာ၊ သူ့နေရာမှာ ညီမာဆိုရင်"

"တော်ပါတော့ ကိုကြီးရာ၊ ကိုကြီးရဲ့ညီဇာတ်လမ်းက မပြီးတော့ဘူးလား၊ ဒီမှာကိုကြီး။ ကိုကြီးကို တစ်ခုပြောစရာရှိသေးတယ်၊ ကိုကြီးရဲ့ညီမာ နောက်ဆက်တွဲသတင်း ကိုကြီး သိပြီးပြီလား"

"ဘာလဲ"

"ပဋ္ဌလက်ခေါ် ငြိမ်းက ညီမာရဲ့ ညီမဝမ်းကွဲတဲ့"





"ဘာ"

"ဟုတ်တယ်၊ ကိုကြီးတို့ကိစ္စကြောင့် ဖေဖေ့ကို လက်စားချေခဲ့တာ၊ အခု အငယ်ကောင်ဘက်ပါ မြားဦးလှည့်နေပြီ၊ တော်ပါတော့ဗျာ"

"ဟာ ... ငါ့ကိစ္စက ညီလေးနဲ့မှ ဘာမှ မဆိုင်ဘဲ၊ အဲဒီကောင်မလေးနဲ့ ငါနဲ့ တွေ့တော့မယ်"

"အဲဒါကြောင့်ပြောတာ ကိုကြီးနဲ့ ညီ လွှမ်းခန်းကြီးကို တစ်ခန်းရပ်လိုက်တော့ဗျာ၊ မဟုတ်ရင် အငယ်ကောင်ကို တားလို့ရမှာမဟုတ်ဘူး၊ ပြီးတော့ ခုချိန်မှာ မမကြီးမှာ ကိုယ်ဝန်နဲ့၊ ကိုကြီး ခင်ပွန်းတစ်ယောက်အနေနဲ့ ဂရုမစိုက်နိုင်ရင်တောင် ဆရာဝန်တစ်ယောက်လိုတော့ ဂရုစိုက်လို့ရမှာပါ၊ ပြီးတော့ မမကြီး လွယ်ထားတာ ကိုကြီးရဲ့သွေးသားလေ"

ထိုစကားက တေဇကြီးရင်ကို တည့်တည့်မှန်သွား၏။ ဆရာဝန်တစ်ယောက်ရဲ့စိတ်၊ သူ့စိမ်းလူနာတွေပေါ်တောင် စေတနာထားနိုင်သေးတာ။ ခုဟာက မိမိရင်သွေးအပေါ် ထားရမယ့်စေတနာ။

"သူ ဘယ်ဆရာဝန်နဲ့ ပြနေလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး တော်တော်လွန်နေပြီ၊ တကယ်ဆို မမကြီးမှာ အပြစ်မှမရှိတာ"

"ငါလည်း သိတော့သိပါတယ်ကွာ၊ သိသိကြီးနဲ့ ပြောင်းလဲလို့မရဖြစ်နေတာ"

"ဘာပဲဖြစ်ဖြစ် ဂရုစိုက်လိုက်ပါ ကိုကြီးရာ"

"အင်းလေ ... ဘာပဲဖြစ်ဖြစ် သူ့ကျန်းမာရေးလေးတော့ စစ်ပေးဦးမှပါ၊ ဒါနဲ့ ဟိုကောင်မလေး ပန္နလက်ကိစ္စက ဘယ်လိုဖြစ်တာလဲ"

သူရလတ်က အကျိုးအကြောင်းစုံလင်စွာ ရှင်းပြလိုက်သည်။

"ဘာ ... ဒါဆို ညီလေးကို အသုံးချနေတာပေါ့"

"ဟုတ်တယ်"

"ဒီကိစ္စ ငါ ရှင်းမှဖြစ်မှာပါ"

♥ ♥





"မင်း ဘယ်ဆရာဝန်နဲ့ ပြနေလဲ"

"နန်းကြီး သူငယ်ချင်းဆရာဝန်နဲ့ပဲ"

တေဇကြီးက မနန်းကြီးရဲ့ ကျန်းမာရေးကိုတော့ ဂရုစိုက်ပေးပါသည်။ သို့သော် ဆရာဝန်တစ်ယောက်ရဲ့ဆက်ဆံရေးထက် နည်းနည်းပဲပိုသည်။

ဆရာဝန်တစ်ယောက်က လူနာကို ဂရုစိုက်တာထက် ပိုလှ တကယ်နည်းနည်းလေးပါပဲ။

သို့သော် ထိုမျှလောက်နဲ့ပင် မနန်းကြီးက ကျေနပ်ရှာ၏။ ချစ်ရသူကိုး။

"ကိုတေဇကြီး နန်းကြီး ကိုယ်ဝန်ရသွားတာကို ဘယ်လိုသဘောရလဲဟင်"

"ဒီလိုပါပဲ၊ ဒါက မမွတာပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



နန်းကြီးက အဲဒီထက်ရင်ခုန်စရာအဖြေကို မျှော်လင့်ထားတာပါ။ သို့သော် တေဇကြီးဘက်ကတော့ တကယ့်ဝတ္တုရား သက်သက်ဖြင့်သာ။

"ကိုတေဇကြီး ကလေးချစ်တတ်လား"

"ချစ်စရာကောင်းရင်တော့ ချစ်ပါတယ်၊ ဂျိပုဂျစ်တိုက်တတ်တဲ့ကလေးမျိုးကျတော့ အမြင်ကတ်စရာကောင်းတယ်"

"နန်းတို့ ကလေးလေးကို ချစ်မှာလား"

"မပြောတတ်သေးဘူး၊ မွေးလာမှသိမှာပေါ့"

ဩော် ... မ,ကိုခင်မှ ဥကိုမင်သတဲ့။ အခုတော့ တေဇကြီးက မ,ကို မခင်တော့လည်း ...။

♥ ❦ ♥



ဗိုလ်ချုပ်ဈေး။

မရောက်တာကြာပြီ။ ညီ မရှိတော့ကတည်းကပဲ။

ညီ ရှိတုန်းက ညီက ဗိုလ်ချုပ်ဈေးမှာ ဈေးပတ်ဝယ်ရတာကို တော်တော်သဘောကျသူလေ။

အခု ညီနဲ့ပတ်သက်ပြီး သူ ဗိုလ်ချုပ်ဈေးသို့ ရောက်ရပြန်သည်။

ပဋ္ဌလက်ဆိုသော ညီညီမဝမ်းကွဲဆီလာတာ။ ပဋ္ဌလက်ဆိုသော ကောင်မလေးက ညီ့ကိစ္စနဲ့ပတ်သက်ပြီး သူတို့မိသားစုအပေါ် ပတ်ရမ်းနေပြီ။ လူတစ်ယောက်လုံး ဆုံးသွားတာ နှာချေင်စရာဆိုပေမယ့် တကယ်တော့ သူ နန်းကြီးကို ယူဖို့ ညီကိုယ်[illegible] တိုက်တွန်းခဲ့တာပါ။ ထို့အတွက် သူကိုယ်တိုင် ခုချိန်ထိ ဖြေမဆည်နိုင်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ညီ့ကို တမ်းတရလွန်းလို့ အတူပေါင်းသင်းနေသည့် ဓနီးသည်မှာ ကိုယ်ဝန်ရှိတာကိုတောင် သူ အမှတ်တမဲ့။

ဒါတွေကို မသိဘဲ ပဥ္စလက်ဆိုသော ကလေးမက အငြိုးအတေးတွေထားနေသည်။

တွေးရင်းနဲ့ပဲ သူမတို့ဆိုင်ရှေ့ရောက်ခဲ့ပြီ။ ဆိုင်ထဲမှာ ပဥ္စလက်က နိုင်ငံခြားသားတစ်ယောက်ကို ပန်းချီကားအကြောင်း ရှင်းပြနေသည်မို့ ခဏစောင့်ရသေးသည်။

ပဥ္စလက်က သူ့ကိုတွေ့တော့ တစ်ချက်လှည့်ကြည့်ပြီး သူမအလုပ်ကို ဆက်လုပ်နေသည်။

အတန်ကြာရှင်းပြပြီးချိန်မှာ ထိုနိုင်ငံခြားသားက သူမ ရှင်းပြနေသော ပန်းချီကားကို ဝယ်သွား၏။

အားလုံးပြီးစီးမှ သူ့ကိုကြည့်ကာ ...

"ပန်းချီကား လာကြည့်တာတော့မဟုတ်ဘူး ထင်တယ်"

"ငါ မင်းဆီလာတာ"

"ဘယ်လိုလုပ်ရမလဲ၊ အားနာစရာပဲ။ ကျွန်မ အခု နေ့လယ်စာသွားစားမလို့"

"ငါလည်း မစားရသေးဘူး၊ မင်းကို ငါ ကျွေးမယ်လေ"

"ရပါတယ်၊ ကိုယ့်ဘာသာစားမယ်၊ ကျွန်မ ဦးကြွှိကိုသွားမှာ"





ညီ စားနေကြဆိုင်ပါလား။ သူမတို့ညီမတွေက အကြိုက်ချင်းတူကြတာလား။

"ဦးကြွှိ"

"ဟုတ်တယ်၊ ကျွန်မတို့ညီအစ်မတွေက ဦးကြွှိက ဘဲပေါင်းဆီချက်ကို အရမ်းကြိုက်တာ"

ဘဲပေါင်းဆီချက်။ ဟုတ်တယ်။ ညီလည်း ဦးကြွှိကိုရောက်ရင် ဘဲပေါင်းဆီချက်ပဲစားတာ။ သတိရစရာတွေပါလား ညီရယ်။

ဦးကြွှိရောက်တော့ သူလည်း ဘဲပေါင်းဆီချက်ပဲ စားဖြစ်သည်။

"ပဥ္စလက်"

"ကျွန်မနာမည် ပဥ္စလက်မဟုတ်ဘူး၊ ငြိမ်းပါ"

"မင်းကို ငါတို့က ပဥ္စလက်အနေနဲ့ပဲ သိခဲ့တာလေ"

"ဟုတ်တယ်၊ အဲဒီတုန်းက တမင် အဲဒီနာမည်နဲ့ ဝင်ခဲ့တာ၊ ဒါပေမဲ့ နာမည်ရင်းက ငြိမ်းပါ"

"မင်း ဖေဖေ့ကို တမင်ပြဿနာရှာခဲ့တာကို ဝန်ခံတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ပြဿနာရှာတာမဟုတ်ဘူး၊ လက်စားချေတာ"

"ထားပါ၊ မင်းလက်စားချေပြီးလို့ပြီပဲ၊ ဒါပေမဲ့ အခုကိစ္စကိုတော့ တားချင်တယ်၊ ဧယျင္ဇယ်ဟာ ငါ့ကိစ္စနဲ့ ဘာမှမဆိုင်ဘူး၊ ငါနဲ့ညီကို ဖေဖေ သဘောမတူလို့ ကွဲခဲ့ရတာ၊ မင်း ဖေဖေ့ကို လက်စားချေပြီးပြီပဲ၊ တော်သင့်ပြီ၊ ညီလေးကို ဒုက္ခမပေးပါနဲ့"

"ကျွန်မ ဧယျင္ဇယ်ကို ဘာမှ ဒုက္ခမပေးဘူး၊ သူ ရှင်းမပြေဘူးလား"

"ဟ ... မင်းကိုချစ်နေပါတယ်ဆိုတာကို မင်းက ဟန်ဆောင်တွဲတာ အပြစ်မဟုတ်ဘူးလား၊ ရှုံးနေတဲ့သူကို ပိုပြီးရှုံးသွားအောင် မင်းလုပ်တာ၊ အပြစ်ကင်းတယ်ပေါ့"

"ရှင်ပြောတဲ့စကားထဲမှာကို အဖြေပါပြီးသားလေ၊ ရှုံးနေပြီးသားမို့လို့ ပိုရှုံးအောင်လုပ်လို့ရတာ၊ ကောင်းနေတဲ့သူကိုရှုံးအောင်လုပ်လို့ရပါ့မလား"

"တောက်"

တေဇကြီး ဒေါသထွက်နေသလောက် ငြိမ်းကအေး

အေးဆေးပင်။





"ဒီမှာ ကျွန်မ ဧယျင္ဇယ်ကို မချစ်ဘူး၊ ဘယ်တော့မှလဲ ချစ်လာမှာမဟုတ်ဘူး၊ အဲဒါ သေချာပြီးသား"

"ဟား ဟား ... လူကြားကောင်းအောင် ဟစ်နေပြန်ပြီ ဘာလဲ ... မင်း ဖေဖေ့ဆီကရလိုက်တဲ့ သိန်းတစ်ထောင်နဲ့ မလုံလောက်သေးလို့လား၊ ဟင်း ... လောလောဆယ် ဧယျကို ငါတို့ အမွေဖြတ်ထားတယ်ဆိုတာ မမေ့နဲ့ဦး"

ငြိမ်းက ပြုံးလိုက်ပြီး သူမပိုက်ဆံအိတ်ထဲက စာရွက်ခေါက်တစ်ခုကို ထုတ်ကာ သူ့ကိုပေး၏။

ပြီးတော့ ပိုက်ဆံရှင်းကာ ထပြန်သွားသည်။

လက်ထဲက စာရွက်ခေါက်ကို ဖွင့်ကြည့်လိုက်တော့—

"ဟင်"

ကျပ်သိန်းတစ်ထောင်အကုန်ခံကာ ဆောက်လုပ်လှူဒါန်းထားသော မိဘမဲ့ကလေးဂေဟာ။ လှူဒါန်းသည့်ဂုဏ်ပြု မှတ်တမ်းစာရွက်ဖြတ်ပိုင်းလေးက သူ့ကို လှောင်ပြောင်သရော်နေသလိုလို။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



တေဇကြီးသည် အလျှုဖြတ်ပိုင်းလေးကို မကြာခဏ

ထုတ်ကြည့်မိသည်။

ပဥ္စလက်ဆိုသောအမည်နှင့် ဖေဖေ့ကို ဒုက္ခပေးသော

ငြိမ်း။

ဖေယျငယ်ကို လုံးဝ မချစ်ဘူးဟု ပြောနေသော

ငြိမ်း မျက်လုံးတွေ။

ယုံချင်စရာကောင်းသည်ဟု သူ ယူဆမိသည်

ပြီးတော့ ညီမတွေမို့လားမသိ။ ငြိမ်းမျက်လုံးတွေဟာ ညီ့မျက်လုံး

တွေနှင့် တော်တော်တူသည်။

သို့သော် ညီက သွက်သလောက် ငြိမ်းကတော့

တော်ကော်အနေအေးပုံရ။ ဖေဖေ့ကို လက်စားချေခဲ့တာကလွဲရင်

ပေါ့လေ။



ပဥ္စလက်ဆိုသော ဖေဖေ့ဝန်ထမ်းမိန်းကလေးနဲ့ ယခု

ငြိမ်းက တော်တော်ကိုကွာ၏။ တစ်ဦးတည်းဆိုတာကိုတောင်

ယုံရခက်လောက်အောင် ငြိမ်းက ဟန်ဆောင်ကောင်းခဲ့သည်။

သူ ဒီအလျှုစ်ဖြတ်ပိုင်းကို ဖေဖေ့ကိုပြရဦးမည်။

အဖြစ်မှန်ကိုလည်း ပြောရဦးမည်။ ထို့ကြောင့် ဖေဖေ့အလုပ်ခန်း

ထဲကို လိုက်လာမိသည်။

"ဟာ ... သားကြီး မလာစဖူးပါလားကွ"

"ဟုတ်တယ် ဖေဖေ ပြောစရာရှိလို့၊ ပြစရာလည်းရှိလို့"

"အင်း ... ပြောပါဦးကွ၊ တကူးတက လာတာဆိုတော့"

ရုံးအကူကောင်လေးက ကော်ဖီနှစ်ခွက်လာချပေး

သည်။

"ဖေဖေ"

"ပြော သားကြီး၊ မင်း ထူးတော့ထူးဆန်းနေတယ်"

"ဖေဖေ ပဥ္စလက်က ညီမာရဲ့ ညီမဝမ်းကွဲတဲ့"

"ဟင်"

ဦးမောင်ခင် မျက်နှာမှာ ဒေါသရိပ်တွေ တက်လာ

ပြီ။

www.burmeseclassic.com



"သားကြီး မင်း ဘာလို့ ဒီကိစ္စကို လာပြောနေတာလဲ၊ ဖေဖေ မကြားချင်ဘူးကွာ၊ ညီမာမာကိစ္စနဲ့ လက်စားချေတာက သူ လှည့်စားရယူသွားတဲ့ သိန်းတစ်ထောင်လား"

"ဒီဟာလေးကို ကြည့်ပါဦး ဖေဖေ"

ဖေဖေက စာရွက်ခေါက်လေးကို လှမ်းယူကြည့်သည်။

"ဟင်"

ဦးမောင်ခင် အမည်နှင့် လှူထားသော အလှူငွေ ပြေစာမှတ်တမ်းလေး။

ဦးမောင်ခင် လက်တွေ တဆတ်ဆတ်တုန်လာသည်။

"သားကြီး မင်း ဒါ ဘယ်ကရတာလဲ"

"သူနဲ့တွေ့လို့ ပေးသွားတာ ဖေဖေ၊ သားလည်း အစတော့ မသိပါဘူး၊ ခုမှ ပြောပြသွားတာ"

ဦးမောင်ခင်ရဲ့ မျက်လုံးထဲမှာ ညီမာမာနဲ့ ပဥ္စလက်ကို တစ်လှည့်စီ မြင်ယောင်နေမိသည်။ ပြီးတော့ သူ့ရဲ့သိန်းတစ်ထောင်ကိုရော ပေါ့။

♥ ❦ ♥





"ငြိမ်း"

"ဩော် … ဖေယျင်ယ် လာ … လာ"

ငြိမ်း ဖုန်းဆက်ခေါ်သဖြင့် ငြိမ်းဆိုင်ကို အပြေးလှမ်းလာခဲ့သော ဖေယျင်ယ်။

"ဖေယျင်ယ်ကို ပြောစရာရှိလို့ ခေါ်လိုက်တာ"

"ပြောလေ ငြိမ်း"

"တို့ကို ဖေယျင်ယ် ကူညီတာအတွက် ကျေးဇူးတင်စကား ပြောမလို့ပါ၊ တို့နဲ့စေ့စပ်ထားတဲ့သူကလည်း သဘောတက်သွားပြီဆိုတော့ အခု ဖေယျင်နဲ့တို့ ဆက်တွဲစရာမလိုတော့ဘူးလေ"

"ဟာ"

ဖေယျ စိတ်ညစ်သွား၏။ ဘယ်လိုပုံစံနဲ့ နေရနေရ ဖေယျက ငြိမ်းနားမှာနေခွင့်ရတာကို ကျေနပ်နေတာ။ ခုတော့ ငြိမ်းက နှင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဧေယျာကိုကြည့်ပြီး ငြိမ်းက ပြုံးသည်။

"ဧေယျာယေ်က အိပ်မက်ကို တကယ်ထင်နေတယ်လား"

"အိပ်မက်မှန်းသိပါတယ် ငြိမ်းရယ်၊ မနိုးချင်သေးတာပါ"

"ခုဆို မင်းအစ်ကိုတွေလည်း သိပ်စိုးရိမ်နေကြတယ်လေ။ အဲဒါကြောင့် မင်းနဲ့တို့ ဝေးဝေးနေမှဖြစ်တော့မယ်"

"ကိုကြီးနဲ့ ကိုလတ်ကြောင့် ကျွန်တော်နဲ့ဆက်မတွဲချင်တာ တော့ မဟုတ်ပါဘူးနော်"

"တစ်စိတ်တစ်ဒေသတော့ပါတာပေါ့၊ တကယ်တော့ မိန်းမ တစ်ယောက်အနေနဲ့ ကိုယ်နဲ့ ဘာမှ မဆိုင်တဲ့ယောက်ျား တစ်ယောက်နဲ့ ပတ်ဝန်းကျင် ထင်ယောင်ထင်မှားဖြစ် လောက်အောင် တွဲတာလည်း မကောင်းဘူး"

"ဒါဆို ငြိမ်းရဲ့ဂုဏ်သိက္ခာအတွက်ပေါ့"

"ဟုတ်တယ်"

"ကောင်းပြီ ငြိမ်း၊ ငြိမ်း စိတ်ချမ်းသာစေရမယ်"

"ဧေယျာယေ်ရယ် ... မင်း ဘာလို့ ငါ့ကို ချစ်ရတာလဲ"

ငြိမ်းက တစ်ကိုယ်တည်း ညည်းတွားသလိုလို သူ့ ကို ပြောသလိုလို ရေရွတ်သည်။

"ဧေယျာယေ်"





"ပြော ငြိမ်း"

"မင်း ရည်းစားတစ်ယောက်လောက် ထားကြည့်ပါလား"

"အစားထိုးနိုင်းတာလား ငြိမ်း၊ ကျွန်တော့်အချစ်က အဲလောက်မပေါဘူး"

"အစားထိုးတာက ပေါတာလား"

"ဟုတ်တယ် ငြိမ်း၊ ကျွန်တော်ကတော့ ငြိမ်းနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး၊ ငြိမ်းကိုမှမရရင် ကျွန်တော် ဒီတစ်သက် အိမ်ထောင်ပြုဖြစ်မယ် မထင်ဘူး"

"သေချာလား ဧေယျာယေ်"

"ငြိမ်း စောင့်ကြည့်လေ"

ဧေယျာယေ်ကိုကြည့်ရင်း ငြိမ်း မြင်ယောင်လာတာ က တေဇကြီးကိုပါ။

တေဇကြီးလည်း ညီမာကို တကယ်ချစ်တာပါပဲ။ ဒါပေမဲ့ နောက်တစ်ယောက်ကို လက်ထပ်တာပဲ။ ညီမာ့ကိုမှ မရ ရင် ဘယ်သူ့ကိုမှ မယူဘူးဆိုတာတွေ တေဇကြီး ရာဇဝင်မှာ မရှိပါလား။

အချစ်စစ်ဆိုတာ အစားထိုးလို့ရလား။ မရဘူးလေ။ တေဇကြီးနဲ့ ဧေယျာယေ် ဘယ်သူ ပိုချစ်တတ်တာလဲ တွေးရင်းနဲ့ ခေါင်းကိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဖေယျင်ယ်”

“ငြိမ်း”

“နှုတ်ဆက်ပါတယ်”

“ကိုယ်တို့ သူငယ်ချင်းဖြစ်ခွင့်တောင် မရှိတော့ဘူးလား ငြိမ်း”

“မဖြစ်နိုင်ဘူး ဖေယျင်ယ်၊ မင်းနဲ့ကိုယ့်ကြားမှာ ဘာပတ်သက်မှုမှ မရှိသင့်တော့ဘူး”

“ငြိမ်းရယ်”

မင်းကို ငါ သနားလို့ ဒီလောက်နဲ့ လွှတ်ပေးလိုက်တာ ဖေယျင်ယ်။ ဒါပေမဲ့ မင်းကိုထက် ငါ့ကိုယ်ငါ သနားလို့။ မင်းနဲ့ပတ်သက်ခဲ့မိတာကိုတော့ ...။





ဦးမောင်ခင် အလုပ်မသွားဘဲ အခန်းအောင်းနေသဖြင့် ဒေါ်ချိုချိုက ...

“အစ်ကို နေမကောင်းဘူးလား”

“ကောင်းတယ်၊ စိတ်မကောင်းတာ”

“စိတ်။ ဘာကိစ္စ စိတ်ညစ်စရာရှိလို့လဲ အစ်ကို”

“သားကြီးကိစ္စ ကိုယ်မှားသွားပြီထင်တယ်၊ ဒါပေမဲ့ ကိုယ် အဲလိုမလုပ်လို့လည်း မရဘူးလေ”

“ဘာလဲ အစ်ကို၊ ညီမာဆိုတဲ့ကလေးမကိစ္စလား”

“ဟုတ်တယ်”

“ပြီးတာတွေပြီးသွားပြီပဲ အစ်ကိုရယ်၊ စိတ်ထဲထားမနေပါနဲ့တော့၊ ပြီးတော့ အစ်ကို ဆုံးဖြတ်တာမှန်ပါတယ်၊ သားကြီးနဲ့ ညီမာမာကို သဘောတူလိုက်ရင် အစ်ကိုနဲ့ မမနန်း ပြန်တွေ့နေရမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ချို၊ ငါ နန်းမာမာနဲ့ ဘယ်လိုမှ ပြန်မတွေ့ချင်တော့ဘူး"

အတိတ်အိပ်မက်ဆိုးတွေက အရိပ်လို တဖွေဖွေခြောက်နေသည်။ တစ်ချိန်တုန်းကပေါ့ ...။

တောင်ကြီးမြို့ပေါ်မှာ ကမ္ဘောဇဆိုတဲ့ စံအိမ်ကြီးကို မသိသူမရှိသလို စံအိမ်ရှင်ရဲ့ တစ်ဦးတည်းသောသမီးလေး နန်းမာမာကိုလည်း မသိသူမရှိ။

မောင်ခင်က အဲဒီအိမ်က မာလီရဲ့သား။ သို့သော် မောင်ခင်က ပညာရေးဘက်မှာ ထူးချွန်သဖြင့် မယ်မယ်ကြီးက မောင်ခင်ကို ကျောင်းထားပေးခဲ့သည်။ အဲဒီမှာ ဇာတ်လမ်းစတာပင်။

မောင်ခင်က နန်းမာနဲ့အတူ ကျောင်းသွားရသည်။ နန်းမာစီးတဲ့ကားကို မောင်ခင် စီးခွင့်ရသည်။ သို့သော် နန်းမာကိုတော့ ကားတံခါးအဖွင့်အပိတ်လုပ်ပေးရသည်။

နန်းမာရဲ့ မုန့်ခြင်းတွေ၊ လွယ်အိတ်တွေကို သယ်ပေးရသည်။ ထို့ကြောင့် တခြားကျောင်းသားတွေက လှောင်ပြောင်သရော်ကြသည်။



"ငယ်ကျွန်ကြီး"

"ငယ်ကျွန်ကြီး"

သို့သော် သူ ဘာမှ ပြန်မပြောသာ။ သူ့ဘဝကလည်း သူတို့ပြောသလိုဖြစ်နေတာကိုး။

နန်းမာကလည်း ကလေးတုန်းကတော့ ဘာမှ ပြန်မပြော။

သို့သော် အရွယ်ရောက်လာတော့ နန်းမာ ပြောင်းလဲလာသည်။ သူ့ကို ငယ်ကျွန်ကြီးလို့စရင် နန်းမာ မခံချင်ဖြစ်တတ်လာသည်။

ဒီလိုနဲ့ပဲ နောက်ဆုံးတော့ နန်းမာနဲ့သူ ...

နန်းမာနဲ့သူ အိုးချင်းထားအိုးချင်းငြိခဲ့ကြသည်။ အရှုံးအမူးချစ်ခဲ့ကြတော့ သူတို့နှစ်ယောက်လုံး ဆယ်တန်း။

ဒါပေမဲ့ မောင်ခင်က စာတော်သည်။ ချစ်ရေးညီက ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့သည်။

ဒါပေမဲ့ နန်းမာကတော့ ကျသည်။ စာမေးပွဲကျလို့ နန်းမာငိုနေတာကို နှစ်သိမ့်မိရာမှ သူတို့ အချစ်ရေးကို မယ်မယ်ကြီး သိသွားခဲ့သည်။

www.burmeseclassic.com



သို့သော် ဗညာရှိအမျက် အပြင်မထွက်ခဲ့။ သူတို့ကို ဘာအပြစ်မှမဆိုဘဲ သူ့ကိုတော့ ကျောက်တစ်လုံးက လိမ္မော်ခြင်းကို အလုပ်ကိစ္စခိုင်းလိုက်သည်။

မယ်မယ်ကြီး မဆူသဖြင့် ကြည်ဖြူတယ်ထင်ပြီး သူတို့နှစ်ယောက် ပျော်ခဲ့ကြသေးသည်။

ကျောက်တစ်လုံးကို သံသယရိပ်မထင်စွာ သူ သွားတဲ့နေ့မှာပဲ နန်းမာကို ရန်ကုန်ကသူဌေးသားတစ်ယောက်နဲ့ စေ့စပ်ပေးလိုက်သည်။ စေ့စပ်ပွဲက သိပ်ကိုခမ်းနားသတဲ့။ သူကတော့ ဘာမှ မသိရှာဘဲ ကျောက်တစ်လုံးရောက်နေသည်။

သူ စံအိမ်ကိုပြန်ရောက်တော့ နန်းမာ မရှိတော့။ ရန်ကုန်မှာ မင်္ဂလာပွဲကျင်းပဖို့ ထွက်သွားပြီ။

နန်းမာက သူငယ်ချင်းဖြစ်သူ ချို့ထံမှာ စာတစ်စောင်ပဲထားခဲ့သည်။

စာက တိုတိုလေးပါပဲ။

"ကိုယ့်ရဲ့ငယ်ကျွန်ကို ခင်ပွန်းတော်ရဲတဲ့သတ္တိ မရှိလို့ တောင်းပန်ပါတယ်"

ထိုစာတစ်ကြောင်းနဲ့ သူ့ဘဝကို ပြောင်းလဲပစ်စေခဲ့သူ။ ထို့နောက် သူ စံအိမ်ကနေ ထွက်ခဲ့တော့သည်။





သူ သိပ်တက်ချင်သော ဆေးကျောင်းလည်း တက်ခွင့်မရတော့။ အဝေးသင်တက်ရင်း ရရာအလုပ်လုပ်ဖို့ ရန်ကုန်ကို ဆင်းလာခဲ့သည်။

တစ်ယောက်တည်း ဆင်းလာတာတော့ မဟုတ်။ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သော ချို့ကိုပါ သူ့အဒေါ်မှာ တောင်းယူကာ ခေါ်ခဲ့တော့သည်။

အမှန်တိုင်းဝန်ခံရရင် သူ နန်းမာကို စိတ်နာပြီး နန်းမာရဲ့အချစ်ဆုံးသူငယ်ချင်း ချို့ကို လက်ထပ်ခဲ့တာပင်။

သို့သော် ချို့ကို သူယူခဲ့တာ မှန်ပါသည်။ ချို့သည် သူချထားသော ပုံစံခွက်ထဲမှာ အံဝင်ခွင်ကျ နေသားကျတတ်သည်။

သူ နန်းမာကို မေ့နိုင်ခဲ့ပါသည်။ သို့သော် သားကြီးက နန်းမာရဲ့သမီးနဲ့ မေတ္တာမျှခဲ့သည်။

သားကြီးနဲ့ ညီမာမာကို သူ ဘယ်လိုမှ သဘောမတူနိုင်ခဲ့။ ညီမာ့မိခင်ဟာ သူ့ဘဝကို ဒဏ်ရာတွေပေးသွားခဲ့သည်။

သူ့ဘဝကို မြင့်သထက်မြင့်ချင်ခဲ့တာ သူ့ရဲ့ ငယ်ကျွန်ဘဝကို မေ့နိုင်ဖို့ပင်။ ထို့ကြောင့် သူ ခြစ်ခြုတ်ခြိုးခြံချွေတာပြီး စီးပွားရှာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ချီသိသော်လည်း သားတွေက မသိခဲ့။ သားတွေက သူ့ကို နားမလည်နိုင်ခဲ့။ ထို့ကြောင့်လည်း သားတွေနဲ့သူ အဆင်မပြေမှုတွေ ရှိခဲ့သည်။ တရားခံသည် နန်းမာမာပင် မဟုတ်ပါလား။





"ဟင်"

နန်းမာမာပါလား။ သူ အိမ်မက်မက်နေတာမဟုတ်။ တကယ်ပဲ သူမ သူ့ရှေ့။ မဟုတ်ပါဘူး။ သူ့ရုံးခန်းကို ရောက်လာခဲ့သည်။

"မင်း ဘာလာလုပ်တာလဲ"

"ကိစ္စမရှိရင် ခြေဦးတောင်မလှည့်ဘူး မောင်ခင်"

အံမယ်။ သူမကပဲ တပြန်တစီ တင်းမာလို့ပါလား။ သူမမျက်လုံးတွေမှာ အစိမ်းရောင်တွေ လျှံနေသည်။

"ပြောပါဦး မင်းကိစ္စကို"

"ဒီမှာ မောင်ခင် နင်ဟာ တော်တော်အကျင့်မကောင်းတဲ့ကောင်ပဲသိလား၊ နင်က နင်ရက်စက်ရုံနဲ့ အားမရလို့ ငါ့သမီးအထိပါ ရက်စက်ရက်တာလား မောင်ခင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... မင်းက ငါ့ကို လာပြန်စွပ်စွဲနေသေးတယ်၊ အလကားကြီးပါလားကွ၊ မင်းကြောင့် ငါ့ဘဝ၊ ငါ့ရည်မှန်းချက်၊ ငါ့မျှော်လင့်ချက်အားလုံး ပျက်စီးခဲ့ရတယ်၊ အဲဒါ မင်းသိလား"

"ဘာ ... ဘာကများ နင့်ကို ဖျက်ဆီးခဲ့တာလဲ မောင်ခင်၊ နင်ကသာ ငါ့ကို ဉာဏ်နီဉာဏ်နက်နဲ့ ချစ်ခဲ့တာ၊ မယ်မယ်တို့သဘောမတူလို့ ငါ့ကိုခိုးပါဆိုတော့ နင်ရောက်မလာခဲ့ဘူးလေ မောင်ခင်၊ ဘာလဲ နင်ချစ်တာ ငါ့စည်းစိမ်တွေလား"

"နေပါဦး ... နေပါဦး၊ ဘာတွေပြောနေတာလဲ၊ ငါ နားမလည်လို့"

"နင် မလိမ့်တပတ်နဲ့လုပ်ဖို့မစဉ်းစားနဲ့၊ ငါ ရန်ကုန်ကို ထွက်ကာနီး နင့်အတွက်စာကို ချို့ဆီမှာ ပေးထားခဲ့တာ နင် ရတယ်မို့လား"

"အင်း ရတယ်လေ၊ ငယ်ကျွန်မို့လို့ မယူနိုင်ပါဘူးဆိုတဲ့ စာမို့လား"

"ဘာ"





"ဟုတ်ပါတယ် ငါက ကျွန်ပါ၊ နင်လိုသခင်မက ကျွန်တစ်ယောက်နဲ့တော့ ဘယ်တန်းတူချင်မှာလဲ၊ အဲဒါကြောင့် ငါ့သားကိုလည်း မင်းတို့လို သခင်မျိုးတွေနဲ့ သဘောမတူခဲ့တာပါ၊ ငါ့သားပါ ငါ့လို ခံစားရမှာစိုးလို့"

"မဟုတ်ဘူး မောင်ခင်၊ တစ်ခုခုတော့မှားနေပြီ၊ ငါ နင့်ရေးခဲ့တဲ့စာက ငါ့ကို ရန်ကုန်မှာ လာခိုးဖို့ပါ၊ မယ်မယ့်ကို မလွန်ဆန်နိုင်လို့ ရန်ကုန်လိုက်မယ်ဆိုတော့ ရန်ကုန်ကို လိုက်လာပြီး လာခိုးပါလို့ ရေးခဲ့တာ၊ လိုက်လာရမယ့် လိပ်စာတောင် ငါ ပေးခဲ့တာပါ"

"ဟာ ... ဒါဆို"

"သက်စသတ်တော့ တရားခံက မိချို့ဖြစ်နေတာကိုး"

ဦးမောင်ခင်နဲ့ ဒေါ်နန်းမာမာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ...

ဩော် ... ကြေကွဲစရာအတိတ်ကို ခုမှ သိခွင့်ရတာပါလား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"နန်း"

"အမောင်"

အရင်တုန်းက နာမ်စားတွေကို မှတ်မှတ်ရရ ပြန်တမ်းတမိသည်။ အဲဒီတုန်းက သူတို့ သိပ်ချစ်ခဲ့ကြသည်လေ။

"နန်းတို့နှစ်ယောက်မှာ သေချာတဲ့ အနာဂတ်ရှိပြီးသားလို့ ယုံကြည်ခဲ့ကြတာလေ၊ ခုတော့ ..."

"အမောင် နှင် မိချိုကို ဘာမှ မပြောနဲ့နော်"

"နန်းရယ်"

"ပြီးတာတွေပြီးပါစေတော့ အမောင်၊ ငါတို့ ရေစက်ဇာ ဒီလောက်ပဲပါလာလို့ပေါ့"

"နန်း ဘာပဲဖြစ်ဖြစ် နန်းရဲ့သမီး ညီမာမာရဲ့ကိစ္စနဲ့ပတ်သက်ပြီး အမောင် တောင်းပန်ပါတယ်"



"ရတယ် အမောင်၊ နှင် စိတ်ထဲမထည့်ပါနဲ့၊ အခု နှင့်သားငယ်နဲ့ ငါ့သမီးကိစ္စကိုလည်း နှင် ဘယ်လိုမှ စိတ်ထဲမထားနဲ့၊ သမီးက နှင့်သားကြီးနဲ့ ကြိုက်ပြီးမှ နှင့်သားငယ်ကို ဘယ်လိုလုပ်ပြီး ချစ်နိုင်မလဲဟာ"

"ဘာ ... သားငယ်"

"အေး ... နှင့်သား အငယ်ကောင်လေ"

"နေပါဦး၊ နန်းမှာ သမီးတစ်ယောက်တည်း ရှိတာမို့လား"

"အေးလေ"

"နန်းရဲ့သမီးညီမာက သေဆုံးသွားပြီမို့လား"

"ညီမာမာဆိုတာက သူ့အဖေပေးထားတဲ့နာမည်၊ ငါပေးထားတာက ငြိမ်းတဲ့၊ သမီးမိန်းကလေးရဲ့ဘဝကို အေးချမ်းငြိမ်းချမ်းတဲ့ဘဝကို ပိုင်ဆိုင်စေချင်လို့ ငြိမ်းလို့ နာမည်ပေးခဲ့တာ၊ ငါ့လို အချစ်ပွမမိစေချင်လို့လေ၊ ဒါပေမဲ့ အမောင်ရယ်၊ သမီးဘဝကလည်း ငါ့လိုပဲ ဝဋ်ကြွေးကြီးခဲ့တယ်ထင်ရဲ့၊ ငါ့ရဲ့အတိတ်က သမီးဘဝကိုပါ အရိပ်ထင်ခဲ့တယ်ဟာ"

"တော်ပါတော့ ငြိမ်းရယ်၊ ဘာလဲ ခု သားငယ်က နှင့်သမီးကို၊ ငါသိထားတာက ညီမာမာသေပြီလေ"

www.burmeseclassic.com



"ဟုတ်တယ်၊ သမီးက နင့်သားကြီးနဲ့ပတ်သက်တဲ့ ညီမာမာ ဘဝကို သေပြီမှတ်လို့ထားခဲ့တာ၊ ဒါပေမဲ့ သမီး နင့်ကို ပဋ္ဌာလက်ဆိုတဲ့နာမည်နဲ့ ပညာပြသွားသေးတယ်ဆို၊ တကယ် တော့ သမီးက ကားအက်ဆီးဒင့်ကြောင့် မျက်နှာတစ်ခုလုံး စုတ်ပြတ်သွားတာဟ၊ အဲဒါကြောင့် ပလတ်စတစ်ဆာဂျရီ လုပ်လိုက်ရလို့ ရုပ်ပြောင်းသွားတာ"

ဦးမောင်ခင် ရေရေလည်လည် သဘောပေါက်သွား ရသည်။

သူနဲ့ နန်းရဲ့ အရိပ်များကြောင့် သားကြီးနဲ့ နန်းသမီး အပေါ် အမှောင်လွှမ်းမိသည်။ တရားခံ ဘယ်သူလဲ။ ချို့လား ကံကြမ္မာလား။

♥ ♥





ချို။

ချို့ကို သူ အပြစ်မတင်တော့ပါဘူး။

ချိုသည် စာတစ်စောင်နဲ့ သူ့ကိုရအောင် ယူခဲ့သေ မယ့် ဘဝတစ်လျှောက်လုံး ချို သူ့အပေါ် ကောင်းခဲ့သည်။ သူ ထားရာနေ စေရာသွားနဲ့ သူ့ကို ချစ်ခဲ့ရှာ၏။ ရှိစေတော့။ အတိတ်သမိုင်းကို စာမျက်နှာပြန်လှန်နေလည်း ထူးမှာမှမဟုတ် တာ။

သူ ချို့ကို အပြစ်မတင်ရက်တော့ပါ။

သားကြီး။ ညီညီမာ သေသွားပြီဟု ယုံကြည်ထား သူ။ ညီမာမာသာ သက်ရှိထင်ရှားရှိနေသေးမှန်း သိရင် သားကြီး ဘယ်လိုဆုံးဖြတ်မည်မသိနိုင်။ ချွေးမကြီးမှာက ကိုယ်ဝန်ရင့်နေ၏။ သားကြီး အဆုံးအဖြတ်မှားလို့မဖြစ်။ ဘယ်လိုမှ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



သားငယ် ငြိမ်းကို ညီမာမာမှန်းမသိဘဲ ချစ်နေရှာသူ။ ငြိမ်းကို ညီမာမာမှန်းသိရင် သားငယ် ဘယ်လိုဆုံးဖြတ်မလဲ။ သားငယ်အတွက်ကတော့ ညီမာမာဆိုတာ ငြိမ်းပဲလို့ သိသင့်ပါသည်။ သိစေချင်စမ်း၏။

ဪ ... ဦးမောင်ခင်ရဲ့အတ္တတွေပါလား။ ရုတ်တရက် ဦးမောင်ခင် ကိုယ့်အတ္တကို ကိုယ်ပြန်မြင်သွား၏။

သားကြီးအတွက် သားကြီးအိမ်ထောင်ရေးအတွက် ညီမာမာ သက်ရှိထင်ရှားရှိနေတာကို မသိစေချင်ပေမယ့် သားငယ်အတွက်ကျတော့ သားငယ် ဖြေသာစေချင်၍ ငြိမ်းဆိုတာ ညီမာမာလို့ ပြောပြချင်လိုက်တာ။

အတ္တတွေ။

ညီမာမာဘက်ကို လုံးဝ ထည့်မတွေးတဲ့ အတ္တတွေပဲလေ။

ညီမာမာကိုယ်တိုင် မြှုပ်ထားတဲ့ဇာတ်ကို ဦးမောင်ခင်က အတ္တတွေနဲ့ ပြန်တူးဆွချင်သည်။ ညီညီမာ မသေတာကို သားငယ်ကို ပြောပြချင်သည်။

ဦးမောင်ခင်သည် သူ့အတ္တကြီးနေမှန်း သိသော်လည်း မပြင်နိုင်ခဲ့။ သားကြီးဆီကို ဖုန်းဆက်သည်။





"သားကြီး မင်းမိန်းမကို ဂရုစိုက်ကွာ၊ ဘာပဲဖြစ်ဖြစ် မင်းအမေကို မင်းတို့ကိုယ်ဝန်ကြီးနဲ့ ငါပစ်ထားခဲ့ရင် မင်းတို့ ဘယ်လိုခံစားရမလဲ"

ပြီးတော့ သားငယ်ဆီ ...

"သားငယ် ညနေ အိမ်ကို ပြန်လာခဲ့၊ ဖေဖေ အားလုံး ခွင့်လွှတ်တယ်၊ ဖေဖေ ပြောစရာရှိလို့"

ပြီးတော့ ဦးမောင်ခင် လူတစ်ယောက်ကို သွားခေါ်ခဲ့သည်။ လူတစ်ယောက်အပေါ် သူ့ အတ္တကြီးခဲ့မိသည်။ ထိုလူတစ်ယောက်ကို သူ တောင်းပန်ရမည်။ သို့သော် တောင်းပန်ပြီးရင်လည်း သူ ထိုလူအပေါ် အတ္တတွေ ထပ်ကြီးမိဦးမည်။ သို့သော် ဒီတစ်ခါ အတ္တသည် ...။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆာကယ်။

အေးချမ်းသည့် စကားပြောလို့ကောင်းသည့် သီးသန့်ဆန်သည်။

ဦးမောင်ခင်နဲ့ ညီမာမာ ခေါ် ငြိမ်းတို့နှစ်ယောက် ကော်ဖီဆာကယ်မှာ ထိုင်နေသည်။

"ဦး တောင်းပန်ပါတယ် ညီမာမာ"

"သမီးကိုလည်း မေမေ ပြောပြပြီးပါပြီ"

"ဟုတ်တယ်၊ အဲဒီအတိတ်တွေကို ဦး တောင်းပန်တယ်၊ ပြီးတော့ အနာဂတ်အတွက်ပါ တောင်းပန်ချင်ပါတယ်"

"ဘာအတွက်လဲ ဦး"

"သားကြီးက သမီးကို သိပ်ချစ်ရှာပါတယ်၊ ပြီးတော့ သူတို့အိမ်ထောင်ရေးကလည်း အေးစက်စက်နဲ့၊ သမီးသာ သက်ရှိထင်ရှားရှိနေမှန်းသိရင် သူတို့အိမ်ထောင်ရေး အာမခံချက်ရှိမှာမဟုတ်ဘူး"



ညီမာ ခေါ် ငြိမ်းက ပြုံးလိုက်သည်။

"တွေးပါ သမီး၊ ဦးက သိပ်အတ္တကြီးတာပဲလို့သတ်မှတ်ပါ၊ မှန်ပါတယ် သမီး၊ အခု ဦး အတ္တအတွက် သမီးကို တောင်းပန်တာပါ၊ သားကြီးမိန်းမမှာ ကိုယ်ဝန်ရင့်နေပြီ သမီး"

"ရှင်"

"ဟုတ်တယ်၊ အဲဒါကြောင့် သူတို့အိမ်ထောင်ရေးကို မပြိုကွဲစေချင်တော့ဘူး"

"ငြိမ်း သဘောပေါက်ပြီ ဦး"

"ကျေးဇူးပဲ သမီး၊ ပြီးတော့ ဦးရဲ့သားငယ်ကိစ္စ သားငယ်က သမီးကို ညီမာမာမှန်း မသိဘူးလေ၊ မသိလို့ သူ ဒီလောက် ရူးသွပ်နေတာပါ၊ တကယ်လို့သာ သမီးကို ညီမာမာမှန်း သိရင် သားငယ် ဖြေသာမှာပဲ"

"ဒါဆို သမီးက ဖေယျာငယ်ကိုတော့ ပြောရမယ်ပေါ့"

"သားငယ်က သားကြီးကို ပြန်ပြောမှာမဟုတ်ပါဘူး သမီးရယ်"

ညီမာမာ ဦးမောင်ခင်ကို တော်တော်အံ့ဩသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုထိ အဲ့ဒွတ်ချပ်တစ်ခုနဲပါလား။

"ပြောပါဦး သမီး၊ ဦးကို ကူညီမယ်မို့လား"

"ငြိမ်း တစ်ခုပဲ ကူညီနိုင်မယ် ဦး"

"ဘာ ... ဘာများလဲလွယ်"

"ညီမာမာ မသေရင်လည်း အားလုံးသိအောင် ပြောချင်တယ်၊ တကယ်လို့ ညီမာမာ သေပြီဆိုရင်လည်း အားလုံးသိအောင် သေဆုံးသွားပါစေတော့ ဦးရေ၊ အဲဒါကြောင့် ညီ သေပြီဆိုရင် ဓေယျငယ်က ညီ့ကို ငြိမ်းမှန်းသိမှာမဟုတ်သလို၊ ညီ မသေဘူးဆိုရင်လည်း ကိုတေသိမှာပဲ၊ ၊ ငြိမ်း တစ်ခုပဲ ကူညီမယ်၊ ဒါပေမဲ့ ညီ ဘယ်သူ့ကို ကူညီရမလဲဆိုတာကို ဦးပဲ ရွေးပေတော့"

ဦးမောင်ခင် ဆုံးဖြတ်ရခက်သွားသည်။ မိဘဆိုတာ သားသမီးတွေပေါ် သာတူညီမျှပဲရှိတာလေ။

သို့သော် ညီမာမာက သူ့ကို ရွေးချယ်ခိုင်းနေပြီ။ သားကြီးကို ရွေးရပါမည်။

သားကြီးသည် သူမချစ်မနှစ်သက်သူ၏ ရင်ခွင်မှာ တစ်သက်တာ ကုန်ဆုံးရတော့မည်။ ပြီးတော့ သားကြီးရဲ့ ရင်သွေးလေးကို ကယ်တင်ရပါမည်။





သားငယ်အတွက်ကတော့ သားငယ်သည် တစ်ကိုယ်နေတတ်ကာယသမား။

အသည်းကွဲသည်ဆိုပေမယ့် အချိန်က ကုစားသွားနိုင်သည်။

နောက်ဆုံးမှာ သူကိုယ်တိုင် သားကြီးကို ရွေးခြင်းအားဖြင့် ညီမာမာကို အပြီးတိုင် သေဆုံးခိုင်းလိုက်သည်။

သားကြီးရဲ့ ရာဇဝင်မှာ ညီမာမာ တစ်ဖန်မရှင်သန်စေချင်တော့ပါ။

ညီမာမာ ပြန်သွားတော့ သူ အိမ်ကိုပြန်လာခဲ့သည်။

"သားငယ်"

"ဖေဖေ သား နန်းငယ်ကို မယူနိုင်ဘူးနော်"

"အေးပါကွာ၊ ကဲ ကဲ ... သားတွေစုံစုံနဲ့ ထမင်းစားရအောင်၊ ချိုရေ ဈေးဖိုး လိုသလောက်ထုတ်ပြီး စိတ်ကြိုက် လက်စွမ်းပြစမ်းဟေ့"

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့ ထိုနေ့က ထမင်းကောင်းကောင်း မစားလိုက်ရပါ။

မနန်းကြီး ရုတ်တရက် ဗိုက်နာလာတာနဲ့ မနန်းကြီးကို ဆေးရုံပို့ကြရသည်။

မနန်းကြီးက သားဦးလေးကို ရှောရှောရှူရှူပဲ မွေးနိုင်ပါသည်။

တေဇကြီးက သူ့ရင်သွေးကို စိုက်ကြည့်ကာ ...

"ကျေးဇူးပဲ မနန်းကြီး၊ နောက်ဆို ကိုယ်တို့မိသားစုလေး ပျော်ပျော်ရွှင်ရွှင်နေကြရအောင်"

"ကိုတေဇကြီး ရှင် တကယ်ပြောတာလားဟင်"

"တကယ်ပေါ့ကွာ"

"ကျေးဇူးတင်လိုက်တာ ကိုတေဇကြီးရယ်"





"ဒါပေမဲ့ တစ်ခုတော့ ခွင့်ပြုပေးပါ၊ ဒီကလေးရဲ့နာမည်ကို ကိုယ့်စိတ်ကြိုက်လေး မှည့်ခွင့်ပေးပါ၊ ဒီတစ်ခုပါပဲ"

"မှည့်ပါ ကိုတေဇကြီးရယ်၊ ကိုယ့်သားကို နာမည်ပေးတာပဲ၊ ကိုတေဇကြီး စိတ်ကြိုက်သာမှည့်"

"တကယ်လို့ ကိုယ်က သားလေးကို သက်ဦးညီလို့ မှည့်မယ်ဆိုရင်ရော"

မနန်းကြီးက ခဏငြိမ်သွားပြီး ...

"မိသားစုဘဝကို သားလေးနာမည်နဲ့လဲလိုက်ရရင်တောင် ကိုတေဇကြီး စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မ ကျေနပ်ဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ခင်က ငြိမ်းကို ဖုန်းဆက်ပြီး သတင်းပို့ပါသည်။

"သမီး သားကြီးမိန်းမ သားလေးမွေးတယ်၊ သူတို့လင်မယား အဆင်ပြေသွားကြပြီ"

"ညီမာမာ ကျေနပ်မှာပါ ဦး"

"ကလေးနာမည်ကို သက်ဦးညီလို့ သားကြီးက ပေးထားတယ် သမီး"

ငြိမ်း မျက်ရည်ကျပါသည်။

"ကျွန်မ အဲဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါတယ် ဦးရယ်"

ညီ ဖုန်းချပြီး နင့်နင့်နဲနဲ ငိုသည်။

ကိုတေ ...

မုန်တိုင်းတွေ ငြိမ်သက်ပြီး လေပြည်ဖြူးစပြုလာ ကိုတေတို့အိမ်ထောင်ရေးကို မနှောင့်ယှက်တော့ဘူးနော်။





ကိုတေဘဝကို ညီကိုယ်တိုင် လေပြည်အဖြစ် ပြည့်ဆည်းပေးချင်ပေမယ့် ညီ့ရဲ့လေပြည်မှာ မနန်းကြီးရဲ့မျက်ရည် စက်တွေနဲ့ ကိုတေ့ရဲ့သားလေးကို အဆစ်မပါစေချင်ဘူး။

အဲဒါကြောင့် ညီ မဆောင်ကျဉ်းနိုင်ပေမယ့် ကိုတေ့ဘဝ ဖြေသာမယ်ဆိုရင် ညီ အဝေးကနေ ကျေနပ်နေပါရစေ။

ကိုတေ့အတွက် တစ်သက်လုံး ညီ သေဆုံးလိုက်ပါရစေ။ ညီကတော့ အကြိမ်ကြိမ်သေရင်းနဲ့ပေါ့ ကိုတေ။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"သားငယ် ... သားငယ်နဲ့ ငြိမ်းဆိုတဲ့ကလေးမအကြောင်း ဖေဖေ သိတယ်"

"ငြိမ်းဆိုတာ ပဥ္စလက်ဆိုတာကိုလည်း ဖေဖေ သိတယ်မို့လား"

"ငြိမ်း ဘာကြောင့် ပဥ္စလက်ဖြစ်ရတယ်ဆိုတာ သားငယ် မသိချင်ဘူးလား"

"မညီမာမာကြောင့်မို့လား ဖေဖေ"

"သား သိထားတာက လွဲနေတယ် သား၊ ထားပါတော့ ငြိမ်း ပဥ္စလက် ညီမာမာတို့ရဲ့ပတ်သက်မှုကို အဲဒီထက် နက်ရှိုင်းတယ် ငါ့သား၊ သားကို ဖေဖေ တစ်ခုပြော မယ်၊ အချစ်ဆိုတာ ပိုင်ဆိုင်လိုက်ရမှ အချစ်မဟုတ်ဘူး သား ...





ဖေဖေလည်း ဖေဖေချစ်တဲ့ သူကို မပိုင်ခဲ့ရဘူး။ မင်းကိုကြီးလည်း သူချစ်တဲ့သူကို မပိုင်ရဘူး။ အဲ ... ဒါပေမဲ့ ပြောင်းပြန်ပြန်ထွက်ကြည့်ရင်တော့ မင်းမေမေက သူချစ်တဲ့ဖေဖေကို ပိုင်ရတယ်၊ မနန်းကြီးကလည်း သူချစ်တဲ့ မင်းအစ်ကိုကို ပိုင်ရတယ် ...

ဒါပေမဲ့ ဖေဖေတို့ လေးယောက်စလုံး မပျော်ရဘူး သား။ တကယ်တော့ အချစ်ဆိုတာ တူနှစ်ကိုယ် ချစ်ရည် တူမျှမှ စိတ်ချမ်းသာစရာကောင်းတာ ...

မင်းရဲ့ငြိမ်းကို စိတ်မချမ်းသာစေချင်ဘူးလား ငါ့သား၊ ယောကျ်ားအလွမ်းက ဟပါတယ်ကွာ"

♥ ❦ ♥

www.burmeseclassic.com



"ချို"

"အစ်ကို ပြောလေ"

"သားတွေရော"

"ရှိတယ် အစ်ကို၊ အစ်ကို ခေါ်ခိုင်းထားလို့ အကုန်ရောက်နေကြပြီ"

"ချွေးမကြီးနဲ့ ချွေးမလတ်ရော"

"ရှိတယ် အစ်ကို"

"ချို ကိုယ်ပြောစရာရှိလို့၊ ကိုယ့်အပေါ် တစ်သက်လုံး အနွံတာခံခဲ့တဲ့ ချို့ကို ကိုယ် ကျေးဇူးတင်ပါတယ်"

ဒေါ်ချိုချို ငြိမ်သက်နေသည်။

"ဘာပဲဖြစ်ဖြစ် ချို ကျေးဇူးကြောင့်လည်း ကိုယ် ဒီဘဝရောက်တာပါ၊ ချို ပါရမီဖြည့်ပေးလို့ပါ"





"ဘာတွေပြောနေတာလဲ အစ်ကိုရယ်၊ အစ်ကို့စကားတွေကလည်း တစ်မျိုးကြီးပါလား"

"ချို့ကို ပွင့်ပွင့်လင်းလင်းမေးချင်တာပါ၊ ကိုယ်က ချို့ကို ဥပေက္ခာနဲ့ ဆက်ဆံဖူးတာလည်းရှိတယ်၊ ချို့အပေါ် မညှာမိတာတွေလည်းရှိတယ်၊ ချို ကိုယ်နဲ့နေရတာ ပျော်ရဲ့လား၊ ပွင့်ပွင့်လင်းလင်းပြောပါ ချို၊ ကိုယ် စိတ်မဆိုးဘူး၊ အမှန်ကို သိချင်လို့မေးတာ"

"အစ်ကိုရယ် တစ်ခါတလေတော့လည်း အဆင်မပြေဘူးပေါ့၊ ဒါပေမဲ့ ချိုကတော့ ဘာပဲဖြစ်ဖြစ် ချို့သားလေးသုံးယောက်မျက်နှာကိုကြည့်ပြီး ကျေနပ်လိုက်တာပါပဲ"

"ချို့ကို တကယ်ချစ်တဲ့သူကို ယူမိရင် ချို အဲလိုခံစားရမှာမဟုတ်ဘူး၊ ချို စိတ်ချမ်းသာအောင်ထားမှာပဲ"

"ချိုက အစ်ကို့ကိုပဲ ချစ်တာလေ အစ်ကိုရယ်"

"ဟုတ်တယ် ချို၊ လူတိုင်းက စိတ်ဆင်းရဲခဲ့ပြီး ကိုယ်ချစ်ကို ရှာချင်ကြတယ်၊ ကိုယ်လည်း စိတ်ဆင်းရဲ၊ သူလည်း စိတ်ဆင်းရဲနဲ့၊ ကိုယ်တို့သားတွေလည်း ကံမကောင်းကြဘူးကွာ၊ လောကကြီးက ပညာပေးလွန်းအားကြီးတယ်"

"တော်ပါတော့ အစ်ကိုရယ်၊ ဘာတွေပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ... လာ ချို့ သားတွေဆီ သွားရအောင်"

ချည်ခန်းထဲမှာ သားတွေ ရွေးမတွေရော တစ်ဦး တည်းသော ဖြေးလေးပါ ရှိနေခဲ့တယ်။

"သားတို့ကို ဖေဖေ ပြောစရာရှိလို့ ခေါ်လိုက်တာ၊ အထူး သဖြင့် သားငယ်ကို တာဝန်ပေးစရာရှိလို့"

အားလုံးက ငြိမ်ပြီးနားထောင်နေကြသည်။

"သားကြီးနဲ့ သားလတ်က ဆရာဝန်တွေဆိုတော့ ဖေဖေ့ လုပ်ငန်းကို အမွေဆက်ခံနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ သားငယ်ကို ဖေဖေ့လုပ်ငန်းတွေ လွှဲချင်တာကွာ"

"ဖေဖေ ပင်ပန်းနေပြီထင်တယ်၊ ဟုတ်ပါတယ်၊ ဖေဖေ နားနားနေနေလုပ်သင့်နေပြီ"

"အေး ... ဖေဖေ လုံးဝနားချင်တာ၊ ဖေဖေ့ကို နားခွင့်ပြု ကြပါကွာ၊ ဖေဖေ့ကို ဖခင်တာဝန်ကပါ နားခွင့်ပြုကြပါ၊ ဖေဖေ သာသနာ့ဘောင်ဝင်ချင်တယ်"

"ဗျာ"

"အစ်ကို"

အားလုံး အံ့အားတသင့် ဖြစ်ကုန်ကြသည်။



"အဲဒါကြောင့် ဖေဖေ ပိုင်ဆိုင်သမျှကို အားလုံးကို အညီ အမျှ အမွေခွဲပေးမယ်၊ ခဏနေရင် ရှေ့နေလာလိမ့်မယ်"

"အစ်ကိုရယ် ဘယ်လိုလုပ်လိုက်တာလဲ"

"ဖေဖေ့ကို ဘယ်သူမှ မတားစေချင်ဘူး၊ ဖေဖေ စိတ်လွတ် လွတ်လပ်လပ်နဲ့ လုပ်ချင်တယ်"

"အစ်ကိုရယ်"

တကယ်ပဲ ခဏနေတော့ မိသားစုရှေ့နေ ရောက်လာ သည်။

ကိစ္စအားလုံးပြတ်တော့ ဖေဖေ့ကို အောင်ဆန်းတောရ ကျောင်းသို့ လိုက်ပို့ကာ ရဟန်းဝတ်ပေးလိုက်ရသည်။

အရာရာတိုင်းဟာ မြန်ဆန်လွန်းလို့ သူတို့အားလုံး အံ့သြချိန်တောင် မရလိုက်နိုင်အောင်ဖြစ်ရသည်။

သူတို့အားလုံး မယုံကြည်နိုင်တာက ဖေဖေ့ ပြောင်း လဲခြင်းကိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း စင်ကာပူကိုသွားတော့မှာမို့ ဖေယျငယ် လေဆိပ်ကို လာနှုတ်ဆက်သည်။

"ငြိမ်း ဘယ်နားမှာလဲ၊ ကိုယ် လေဆိပ်ထဲရောက်နေပြီ"

"ခဏစောင့် ဖေယျငယ်၊ တို့က လာနေတုန်း"

"မေမေ သမီး ကိုတေကို သွားနှုတ်ဆက်ချင်တယ်"

"သမီးရယ် ... သမီး ပိုခံစားရမှာပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ် မေမေရယ် နောက်ဆုံးအနေနဲ့ မျက်နှာလေးပဲမြင်ရမြင်ရ သမီး သွားချင်တယ်"

သူမတို့စီးလာတဲ့ကားလေးက တေကြီးရှိရာ စကားဝါအုပ်စုဆေးရုံဆီသို့ ဦးတည်သွားသည်။

တေကြီးရှိရာ ward ကို ခြေဦးကိုကောင်တာမှာ စုံစမ်းလိုက်သည်။





စကားဝါအုပ်စုဆေးရုံပိုင်ရှင်ရဲ့ သမက်ဖြစ်သော တေကြီးက သီးသန့်ခန်းမှာ ထိုင်ပါသည်။

သူမ တေကြီးရှိရာအခန်းကို သွားခဲ့သည်။

သူမ ဝင်လာတာကို မော့မကြည့်ဘဲ ...

"ထိုင်ပါ"

သူမ ဝင်ထိုင်လိုက်မှ သူမကိုကြည့်သည်။

"ဟင် ... ကိုယ်က လူနာထင်လို့"

သူ့မျက်နှာက စိတ်ရှုပ်သွားပုံဖြင့် ...

"ဒါ ကိုယ့်ရဲ့ဆေးခန်းထိုင်ချိန်ပါ၊ ငြိမ်း ဆေးခန်းလာပြတာတော့မဟုတ်ဘူးထင်တယ်နော်"

"ကျွန်မ အခု လေဆိပ်ဆင်းတော့မှာ ကိုတေ၊ ကိုတေကြီး ကျွန်မ စင်ကာပူကို အပြီးသွားတော့မှာ၊ အဲဒါ ကိုတေကြီးကို လာနှုတ်ဆက်ရင်း ပေးစရာလေးလည်းရှိလို့"

"ပေးစရာ၊ မင်းကို ညီ တစ်ခုခုများ ပေးခဲ့တာလား"

"ငြိမ်းက ပေးစရာရှိတယ်ဆိုတာနဲ့ ဘာလို့ ညီလို့ပဲ တန်းထင်ရတာလဲ"

"ရှင်းပါတယ်၊ ငြိမ်းမှ ကိုယ့်ကို ပေးစရာမရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မညီက သူမသေခင် ကိုတေ့ကို တေဇကြီးအတွက် စာတစ်စောင်ရေးပေးခဲ့တယ်"

"ဟာ ... မင်း ဘာလို့ ခုမှလာပေးတာလဲ၊ ဟာကွာ ... မင်း တော်တော်စိတ်မရှည်ရတာပါလား"

ငြိမ်းက ပြုံးလိုက်ပြီး ...

"ကဲပါရှင် ... ခုလာပေးပြီပဲ တာကတဲ"

ညီ လှမ်းပေးတဲ့ ဖြာနုရောင် စာအိတ်လေးကို တုန်ယင်သောလက်ဖြင့် လှမ်းယူသည်။ ညီက လက်ကို ပြန်ရုတ်ပြီး ...

"ခဏလေး ညီက မှာသွားတယ်၊ ဒီစာကိုမပေးခင် ကိုတေဇကြီးကို မေးပါကဲ၊ ညီ့ကို ဘယ်လောက်ချစ်ခဲ့လဲလို့ မေးပေးပါတဲ့"

ဒီမေးခွန်းကိုမေးတာ အဖြေကြားချင်လို့ပါ ကိုတေ။ ဒီမြေကမခွာခင် ကိုတေ့မျက်နှာကို ကြည့်ပြီး ကိုတေ့အချစ်သံဝဏ်ကို နားထောင်သွားချင်သေးလို့ပါ။

"ကိုတေ ... ညီ့ကို အသက်လောက်ချစ်ပါတယ် ညီမရယ်"





ရင်ထဲကို အေးမြသော စမ်းချောင်းလေးစီးဝင်သွားတယ်။

"ကဲ ... ကိုတေ ... ကိုတေဇကြီး ငြိမ်းကို ခွင့်ပြုပါဦး"

"မင်း နောက်ကျမှ လာပေးပေမယ့် ဒီစာအတွက် ကိုယ်တကယ်ကျေးဇူးတင်တယ် ငြိမ်း"

"ဟုတ်ကဲ့ပါ၊ သွားပြီ ကိုတေ"

"ကောင်းပြီ ငြိမ်း၊ အကြောင်းတစ်ခုခုရှိရင် ဖုန်းဆက်လေ"

"ဟုတ်ကဲ့"

ငြိမ်း ထွက်လာတာနဲ့ တေဇကြီးက စာကို အမြန်ဖောက်သည်။ ချစ်သူပေးတဲ့ နောက်ဆုံးလက်ကျန်။

"ကိုတေ ...

ကိုတေ့ကို ညီ ချစ်တယ် ...

ညီ့ကို ကိုတေ ချစ်တာလည်း ညီသိတယ်၊ ဒါပေမဲ့ ကိုတေ တကယ်ချစ်တယ်ဆိုရင် ကိုတေ ညီ့ကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် ကိုတေ့ အိမ်ထောင်ရေးကို အယာသာဆုံးဖြစ်အောင်ဖန်တီးပေးပါ၊ အဲဒါမှ ညီ စိတ်ချမ်းသာမယ်၊ ကိုတေ အချစ်ဆိုတာ ဆုံစည်းခွင့်ရမှ တည်တံ့ခိုင်မြဲတာ မဟုတ်ပါဘူး ကိုတေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ညီ့ကို စိတ်ချမ်းသာစေချင်ရင်တော့ ကိုတော့အိမ်ထောင်ရေးကို သာယာအောင် တည်ဆောက်ပေးပါလို့ နော် ...

ချစ်တဲ့

ညီ"

♥ ♥





ငြိမ်းတို့ကားလေးက လေဆိပ်ဆင်ဝင်အောက်မှာ ရပ်သွား၏။ ကြိုစောင့်နေသော ဖေယျုငယ်က ကားတံခါးလာဖွင့်ပေးသည်။

"ငြိမ်း ကြာလိုက်တာကွာ၊ ကားပိတ်နေလို့လား"

"ကိုတေကြီးကို ဝင်နှုတ်ဆက်နေလို့ပါ"

"ကိုကြီးကို"

"ဟုတ်တယ် ဖေယျုငယ်"

"ဩော် ... ကဲ ... လာ ငြိမ်း ပေး ငြိမ်းရဲ့အိတ်"

"ရတယ်၊ ကိုယ့်ဘာသာသယ်မယ်၊ ဘာမှလေးတာမပါပါဘူး၊ ဒီဆွဲအိတ်တစ်လုံးပဲကို"

"ငြိမ်း ကိုယ် ငြိမ်းကို သတိရနေမယ်နော်"

"ဟင့်အင်း ... ဖေယျုငယ်၊ သတိမရပါနဲ့၊ တို့က ဖေယျုငယ် သတိမရသင့်တဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ သတိရနေမှာပဲ"

"တို့ ဘယ်သူဆိုတာ သိခဲ့ရင် ဧယျငယ် တို့ကို သတိရချင်မှာမဟုတ်ဘူး"

"ငြိမ်း ဘာတွေ အကွက်ဆန်းထွင်ဦးမလို့လဲ"

"တို့ ကိုတေဇကြီးကို ဘာလို့ ဝင်နှုတ်ဆက်တာလဲသိလား ဧယျငယ်"

ဧယျက သူမကို ငေးကြည့်နေသည်။

"ဧယျငယ်ဆီက ကတိတစ်ခုတောင်းချင်တယ်၊ အဲဒါက တို့ ဘယ်သူဆိုတာ သိရင် ဧယျငယ် ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးဆိုတဲ့ကတိပဲ၊ အထူးသဖြင့် ကိုတေဇကြီးကိုပေါ့"

"ဘာတွေလဲ ငြိမ်း၊ ကိုယ် နားမလည်တော့ဘူး"

"မင်း တို့တောင်းတဲ့ကတိကိုပေးရင် မင်း နားလည်အောင် တို့ ရှင်းပြနိုင်မယ်ထင်တယ်"

"ပေးတယ်ကွာ၊ ပေးတယ် ကဲ ... ပြော ဘာလဲ"

"တို့က ကားတိုက်ပြီး မျက်နှာတစ်ခုလုံး စုတ်ပြတ်သွားလို့ ပလတ်စတစ်ဆာဂျရီ ပြန်လုပ်ပြီး ငြိမ်းအဖြစ် အသွင်ပြောင်းထားတဲ့ ညီမာမာပဲ"





"ဘာ"

"ဟုတ်တယ် ဧယျငယ်၊ အဲဒါကြောင့် မင်း သတိမရသင့်ဘူးလို့ ငါ ပြောတာပေါ့"

"မယုံဘူး ... လုံးဝ မယုံဘူး"

"ဧယျငယ် ငါ မြှုပ်နှံထားတဲ့ ညီမာမာဘဝအကြောင်း မင်းကို ပြောပြတာက မင်းကို မောင်အရင်းတစ်ယောက်လို သဘောထားခဲ့လို့ပဲ၊ မင်းခံစားရမှာစိုးလို့ပါ၊ မင်းဟာ ငါချစ်တဲ့ ကိုတေဇ့ညီဖြစ်နေလို့၊ မင်းကို မခံစားရစေချင်လို့၊ ကဲ ... ငါသွားပြီ ဧယျငယ်၊ ငါ့ကို မေ့လိုက်တော့"

"ငြိမ်း"

"ညီမာမာပါ ဧယျငယ်"

ညီက ပြောပြီးတာနဲ့ အထဲကို ဝင်သွား၏။ မှန်နံရံ တစ်ချပ်ခြားခဲ့ပြီ။

"ငြိမ်း အဲလိုကြီးတော့ မထားခဲ့ပါနဲ့ ငြိမ်းရယ်"

ထိုစဉ်မှာပဲ ဧယျ ဖုန်းမြည်လာ၏။ ကိုကြီးဆီက ဒန်။ သူ မထူးချင်ပါ။ သို့သော် ကိုကြီးက ဆ...ဘိုက်ခေါ်နေသဖြင့် ...

"ဟဲလို ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး အငယ်ကောင်၊ ညီ အဲ ... ငြိမ်း ... ငြိမ်းရှိသေးလား"

"အထဲဝင်သွားပြီ ကိုကြီး"

"ညီလေး သူ ... သူက ညီပဲ ညီမာမာပဲ၊ ငါ သိတယ်။ ညီ ... ညီနဲ့ စကားပြောချင်လိုက်တာကွာ၊ ငါ နှုတ်ဆက်ချင်လို့ပါ၊ ညီလေး မင်း ကြိုးစားပေးပါကွာ"

ကိုကြီး ... မညီကို သိပ်ချစ်ခဲ့ရှာတဲ့ ကိုကြီး။ သူ ငြိမ်းကို ချစ်သလို ကိုကြီးလည်း မညီကို ချစ်ခဲ့တာပဲ။ မညီလည်း ကိုကြီးကို ချစ်ခဲ့ရှာသည်။

"ခဏလေး ကိုကြီး၊ ကျွန်တော် Try ပေးမယ်၊ ကိုကြီး ဖုန်းကိုင်ထားဦး"

လေဆိပ်ထဲဝင်သွားပြီဖြစ်တဲ့ ငြိမ်းကို သူ ဘယ်လို ခေါ်ပေးရပါ့။ ကံကောင်းချင်တော့ သူ့သူငယ်ချင်း လေယာဉ်မောင် တစ်ယောက်နှင့် တွေ့သဖြင့် အကူအညီတောင်းကာ သူ့ဖုန်းသို့ ငြိမ်းကို သွားပေးခိုင်းလိုက်သည်။

"ဟဲလို"

"ငြိမ်း"





"ကိုတေ ... ကိုတေကြီး"

"ငြိမ်း ... ကိုယ်လေ ... ကိုယ် ညီ့ကို သိပ်ချစ်တယ်၊ ညီ့ စိတ်တိုင်းကျ မနန်းကြီးကို လက်ထပ်ခဲ့ပေမယ့် ကိုယ် မပျော်ဘူး၊ ဒါပေမဲ့ အိမ်ထောင်ရေးသာယာမှ ညီ စိတ်ချမ်းသာမယ်ဆိုရင် ကိုယ် အတတ်နိုင်ဆုံး ကြိုးစားပါမယ်၊ ပြီးတော့ ကိုယ့်သားလေးနာမည်ကို သက်ဦးညီလို့ ပေးထားတယ်၊ ညီ ကျေနပ်မှာပါနော်"

"ညီ ကျေနပ်မှာပါ ကိုတေကြီးရယ်၊ ငြိမ်းကို ခွင့်ပြုပါဦးနော်၊ ငြိမ်း လေယာဉ်ပေါ်တက်ရတော့မယ်"

"ကောင်းပြီ ငြိမ်း၊ ညီ ကြားနိုင်ရင် ငြိမ်းကို တိုင်တည်ပြီး ပြောချင်တယ်၊ ကိုယ် ညီ့ကို သက်နဲ့ထပ်တူချစ်တယ်လို့"

"ညီကလည်း ကိုတေကြီးလိုပဲ နေမှာပါ၊ Good Bye"

"Good Bye သွားတော့နော်"

ဖုန်းလိုင်းပြတ်တောက်သွားသည်။

သူတို့ရဲ့နှလုံးသားတွေလည်း Connectionပြတ်သွား



www.burmeseclassic.com

www.burmeseclassic.com



တောကြီးနဲ့ ညီမာမာ ...

ဧယျာဥ်ယိန့် ငြိမ်း ...

ဘယ်တော့မှ မဆုံနိုင်မယ့်သက်ဆိုင်မှု။

တကယ်လို့သာ ...

အတူတူ မသက်ဆိုင်ခဲ့ဘူးဆိုရင် ...

မွေးမြလန်းဆန်းဘဝပန်းကို

ထာဝရပန်ဆင်နိုင်ကြပါစေ

ရွှန်းရမိမိုး

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဝ)၊ ဧယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC
www.burmeseclassic.com